ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိ အကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်၊ အင်္ဂါနေ့။ Tuesday, 6 August 2019 ၉၇၃၃

# နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအကယ်ဒမီ(IACA)ကို နိုင်ငံတကာအဖွဲ့အစည်းထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်တွင်

## ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စ ပြည်ထောင်စုလွှတ်တော်က အတည်ပြု

**နေပြည်တော် ဩဂုတ် ၅**

နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအကယ်ဒမီ (International Anti–Corruption Academy-IACA)ကို နိုင်ငံတကာအဖွဲ့အစည်း ထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ် ရေးထိုးနိုင်ရေးကိစ္စကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အဋ္ဌမနေ့ အစည်းအဝေးတွင် အတည်ပြုခဲ့သည်။

**ဆွေးနွေး**

ယနေ့အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအကယ်ဒမီ (International Anti – Corruption Academy-IACA)ကို နိုင်ငံတကာအဖွဲ့အစည်း ထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှအဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**



ပြည်ထောင်စုလွှတ်တော် အဋ္ဌမနေ့ အစည်းအဝေး ကျင်းပစဉ်။

# ရန်ကုန်စတော့အိတ်ချိန်း ရှယ်ယာ ၁၂၈ ဒသမ ၉ ဘီလီယံ အရောင်းအဝယ်ဖြစ်




**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်စတော့အိတ်ချိန်း စတင်ဖွင့်လှစ်သည့် ၂၀၁၆ ခုနှစ် မတ်လ မှ ၂၀၁၉ ခုနှစ် ဇူလိုင်လအထိ အစုရှယ်ယာ အရေအတွက်စုစုပေါင်း ၁၂၄ ဒသမ ၀၂ သန်းအရောင်းအဝယ်ဖြစ်ခဲ့ပြီး ငွေတန်ဖိုးကျပ်အားဖြင့် ၁၂၈ ဒသမ ၉ ဘီလီယံ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ အမှုဆောင် အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦးက ပြောကြားသည်။

၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်း ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်ကုမ္ပဏီ ငါးခုမှ Normal Trading ဖြင့် အစုရှယ်ယာ ၂၅၆၂၄၁ စု Block Trading စနစ်ဖြင့် အစုရှယ်ယာ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

**ကြေးမုံ ယနေ့ ဖတ်စရာ**

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်** — စာမျက်နှာ ၈

**ရန်ကုန်မြို့တွင် ဖြန့်ဖြူးပေးဝေလျက်ရှိသည့် သောက်သုံးရေနှင့်ပတ်သက်ပြီး ရေမီတာခနှုန်းထားများ တိုးမြှင့်ကောက်ခံရန် အစီအစဉ်မရှိ** — စာမျက်နှာ ၁၀

**ဒစ်ဂျစ်တယ်ဘဝများထဲမှ လူမှုကျင့်ဝတ်များ** — စာမျက်နှာ ၁၅

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

## မိတ်ဆွေနိုင်ငံများနှင့် ပူးပေါင်းပါဝင်လက်တွဲ

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဇူလိုင်လ ၃၀ ရက်နေ့မှ ဩဂုတ်လ ၃ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် (၅၂) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများ၏ ဇူလိုင်လ ၃၀ ရက်နေ့ အလုပ်သဘောညစာစားပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ရခိုင်ပြည်နယ်အရေးကိစ္စကိုဖြေရှင်းရာတွင် မြန်မာနှင့်အာဆီယံကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များကိုလေ့လာသည့် အာဆီယံဆန်းစစ်လေ့လာရေးအဖွဲ့၏အစီရင်ခံစာပါ အကြံပြုချက်များ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံတွင်လက်ရှိကာလ အရေးကိစ္စများစွာရှိသည့်အနက် နိုင်ငံတကာ၏စိတ်ဝင်စားမှု၊ ပါဝင်ပတ်သက်မှုရှိသောကိစ္စမှာ ရခိုင်ပြည်နယ် အရေးကိစ္စဖြစ်သည်။ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်စပ်လျဉ်း၍ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူသားချင်းစာနာထောက်ထားရေး၊ ပြန်လည်လက်ခံရေးစသည်တို့ကို ဆောင်ရွက်နိုင်ရန်အတွက် မြန်မာအစိုးရ၏ စုံစမ်းစစ်ဆေးရေးကော်မရှင်၊ ကုလသမဂ္ဂ၏ စုံစမ်းစစ်ဆေးရေးကော်မရှင် စသည့်ကော်မရှင်အမျိုးမျိုးဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိသည့်အပြင် အာဆီယံဆန်းစစ်လေ့လာရေးအဖွဲ့အနေဖြင့်လည်း အစီရင်ခံစာတင်သွင်းပြီး အကြံပြုချက်များပါအတိုင်း အကောင်အထည်ဖော်ရန် စီစဉ်နေသည်။

ရခိုင်ပြည်နယ်အရေးနှင့်စပ်လျဉ်း၍ ကမ္ဘာ့နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအပေါ် ရှုမြင်ပုံကွဲပြားခြားနားကြသည်။ မြန်မာနိုင်ငံအပေါ် အကောင်းမမြင်ဘဲ ဖိအားပေးလိုသောနိုင်ငံများ၊ တစ်ဖက်သတ် ဘက်လိုက်သောနိုင်ငံများရှိကြသကဲ့သို့ မြန်မာနိုင်ငံအပေါ် အပြုသဘောဆောင် အကောင်းမြင်သောနိုင်ငံများ၊ စိတ်ရင်းစေတနာမှန်၊ စိတ်ကောင်းစေတနာသက်သက်ဖြင့် ကူညီဆောင်ရွက်ပေးနေသော နိုင်ငံများလည်းရှိသည်။ ရခိုင်ပြည်နယ်အရေးကိစ္စကိုဖြေရှင်းရာတွင် အခြေအနေကို ပိုမိုရှုပ်ထွေးသွားစေပြီး အသိုက်အဝန်းများကို ပိုမိုဝေးကွာသွားစေမည့် အပြုအမူ၊ လုပ်ဆောင်မှုများကို ရှောင်ရှားကြရန် အရေးကြီးသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းများအားလုံးအတွက် တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် ကတိပြုထားပြီး ကော်မရှင်များဖွဲ့စည်းကာ အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၊ အာဆီယံနိုင်ငံတို့နှင့်ပူးပေါင်း၍ နေရပ်ပြန်လာမည့်သူများအတွက် ကောင်းမွန်သည့် ပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးရေးကို တိတိကျကျ မှန်မှန်ကန်ကန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခု မြန်မာနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများသည် ကုလသမဂ္ဂနှင့်မြန်မာနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို အစားထိုးဆောင်ရွက်ရန်မဟုတ်ဘဲ အာဆီယံနိုင်ငံအချင်းချင်း အပြန်အလှန် အားဖြည့်ကူညီပေးခြင်းသာဖြစ်သည်။ ရခိုင်ပြည်နယ်အရေးကိစ္စသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေသောကာလတွင် မြန်မာအစိုးရ၏ ရင်ဆိုင်ကြုံတွေ့နေသောစိန်ခေါ်မှုများအနက် စိန်ခေါ်မှုတစ်ခုသာဖြစ်ပြီး နိုင်ငံတကာမီဒီယာများက လွဲမှားစွာပုံဖော်မှုကြောင့် ကမ္ဘာက အာရုံစိုက်နေခြင်း ဖြစ်သည်။

ရခိုင်ပြည်နယ်အရေးကိစ္စသည် အလွန်သိမ်မွေ့နက်နဲရှုပ်ထွေးပြီး နောက်ခံအကြောင်းတရားများစွာရှိသဖြင့် သတိပြုကိုင်တွယ်ဆောင်ရွက်နေရသည်။ အသိုက်အဝန်းများအကြား ယုံကြည်မှုနှင့် သဟဇာတရှိမှုတို့ တည်ဆောက်နိုင်ရေးနှင့် သဟဇာတရှိစွာ အတူတကွပေါင်းစည်းနိုင်ရေးအတွက် စိတ်ရှည်လက်ရှည် အချိန်ယူဆောင်ရွက်ရန် လိုအပ်သည်ကို နားလည်လက်ခံပြီး လက်တွဲပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ ရခိုင်ပြည်နယ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေးနှင့် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများအား အာဆီယံနိုင်ငံများ၏ ထောက်ခံကူညီအားပေးမှုကို ကြိုဆိုရမည်ဖြစ်သလို ရခိုင်ပြည်နယ်အရေးသာမက မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြုသဘောဆောင်သည့် မိတ်ဆွေနိုင်ငံများနှင့် ဆက်လက်လက်တွဲဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။ ။

## တရားမအထူးအယူခံမှု ငါးမှုကို စီရင်ချက်ချမှတ်၊ ၁၃ မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဩဂုတ် ၅**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ အားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု ငါးမှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှု ၁၃ မှုကို ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သံတွဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(မဲနယ်ကွင်း) အဆင့်တိုးမြှင့်ဖွင့်

**သံတွဲ ဩဂုတ် ၅**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(မဲနယ်ကွင်း) အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲအခမ်းအနားကို ဩဂုတ် ၄ ရက် မွန်းလွဲပိုင်းက အဆိုပါကျောင်းရှေ့၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု တက်ရောက်ဖွင့်လှစ်ပေးသည်။



**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ရှေးဦးစွာ ကျောင်းအဆင့်တိုးမြှင့်ခြင်း အထိမ်းအမှတ်မှတ်ဦးအား ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်နှင့် ပြည်နယ်ပညာရေးမှူး ဦးတင်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ပြည်နယ်ဝန်ကြီးများနှင့်အတူ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

**ပူးပေါင်းဆောင်ရွက်ပေးကြရန်လို**

အဆိုပါအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ယနေ့သည် သံတွဲမြို့နယ်နှင့် မဲနယ်ကွင်းကျေးရွာအတွက် မင်္ဂလာရှိသောနေ့ရက်တစ်ရက်ဖြစ်ကြောင်း၊ မဲနယ်ကွင်းအခြေခံပညာအထက်တန်းကျောင်းသည် အရှိန်အဟုန်ဖြင့် တိုးတက်အောင်မြင်လာသော ကျောင်းတစ်ကျောင်းဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်တန်း အောင်ချက်ရာခိုင်နှုန်းကိုကြည့်မည်ဆိုလျှင်လည်း သံတွဲမြို့နယ်တွင် တတိယ အောင်ချက်အကောင်းဆုံးကျောင်းတစ်ကျောင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လိုက်သည်နှင့်အမျှ ယခုထက် အောင်မြင်မှုများ ပိုမိုရရှိအောင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြားသည်။

**အထိမ်းအမှတ်အလံငယ်များ ပေးအပ်**

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးက ပညာရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုများအား ဆွေးနွေးပြောကြားပြီး ပြည်နယ်ပညာရေးမှူးက ရခိုင်ပြည်နယ် ပညာရည်မြင့်မားရေးနှင့် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အခြေခံပညာအထက်တန်းကျောင်း(မဲနယ်ကွင်း)မှ ကျောင်းအုပ်ဆရာကြီးက ကျောင်း၏ နောက်ခံသမိုင်းကြောင်းကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား ကျောင်းအဆင့်တိုးမြှင့်ပွဲ အထိမ်းအမှတ်အလံငယ်များ ပေးအပ်သည်။ ယင်းနောက် ကျေးရွာအုပ်ချုပ်ရေးမှူးက ကျောင်းအဆင့်တိုးမြှင့်ပေးမှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ကျောင်းသား ကျောင်းသူလေးများက မဟာနွယ်တေးသီချင်းဖြင့် ကပြဖျော်ဖြေကြကြောင်း သိရသည်။

**တင်မောင်လွင်၊ တင်ထွန်း(ပြန်/ဆက်)**
**ဓာတ်ပုံ-ကံထွန်း**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

တစ်ဦး တစ်ပင် စိုက်စေချင်
အစဉ်လှပ ပြည်ကြွယ်ဝ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၅-၈-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၀၀၀ | ၁,၈၄၁ | ၂၀,၉၇၁,၀၀၀ |
| MTSH | ၃,၄၀၀ | ၃,၄၅၀ | ၂,၅၉၀ | ၈,၈၁၀,၅၅၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၁,၃၆၆ | ၁၀,၉၂၈,၀၀၀ |
| FPB | ၂၄,၅၀၀ | ၂၄,၅၀၀ | ၄၆၈ | ၁၁,၄၆၆,၀၀၀ |
| TMH | ၂,၉၅၀ | ၂,၉၅၀ | ၅,၀၂၃ | ၁၄,၈၁၇,၈၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဩဂုတ် ၅**

ရန်ကုန်(ရွှေဈေး) ၁၁၆၈၀၀၀ မန္တလေး(ရွှေဈေး) ၁၁၆၈၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၆၀/၉၀၅ ကျပ် | ၉၂၀/၉၃၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၄၀/၈၉၅ ကျပ် | ၈၄၅/၉၅၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၆၀/၈၀၅ ကျပ် | ၈၃၅/၈၆၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၇၀/၉၁၅ ကျပ် | ၉၃၅/၉၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၅၀/၈၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၆၀/၈၆၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၄၅/၇၅၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၂.၃ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၈၅.၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၄.၉၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၉.၀၇၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၂.၀၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၄၆၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၂၆.၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄.၅၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၂.၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၉၄.၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်။**

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

မြန်မာ့အလင်း Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၈ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
ပန်နေကျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

✻ ရှေ့ဖုံးမှ

ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်က မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအကယ်ဒမီ (IACA)ကို နိုင်ငံတကာအဖွဲ့အစည်း ထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ယခုအစိုးရလက်ထက် ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းအထိ သဘောတူစာချုပ်ပေါင်း (၁၀၀) ကျော် ပါဝင်လက်မှတ်ရေးထိုးပြီးဖြစ်ပါကြောင်း၊ ယခု သဘောတူစာချုပ်သည် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းနှင့် အခြားဆက်စပ်သော နိုင်ငံတကာသဘောတူစာချုပ်များအား ပံ့ပိုးပေးရာရောက်သည့်အပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် နည်းပညာ အကူအညီနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး ရည်မှန်းချက်ပန်းတိုင်များ တိုးတက်မြင့်မားစေရန် ရည်ရွယ်၍ ချုပ်ဆိုခဲ့သော စာချုပ်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အဂတိလိုက်စားမှု လျော့နည်းသွားပါက ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာမည်ဖြစ်သဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို နိုင်ငံတကာစံချိန်စံနှုန်းနှင့်အညီ ပညာရပ်တစ်ရပ်အနေဖြင့် လေ့လာဆည်းပူးနိုင်ရန် IACA အဖွဲ့ဝင်ဖြစ်ရေး IACA နိုင်ငံတကာအဖွဲ့အစည်းအနေဖြင့် ထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်က မြန်မာနိုင်ငံအနေဖြင့် IACA အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းဖြင့် အစီရင်ခံစာအပိုဒ် ၄ ပါ အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည့်အတွက် ဖွံ့ဖြိုးတိုးတက်ခါစ မိမိတို့နိုင်ငံအနေဖြင့် တိုင်းပြည်တိုးတက်မှုကို အဟန့်အတားဖြစ်စေမည့် အဂတိလိုက်စားမှုကို ထိရောက်စွာ ဟန့်တားနိုင်မည်ဖြစ်ပါကြောင်း။

သဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် အသိပညာနှင့် လုပ်ငန်းစဉ်များကို ပိုမိုသိရှိလာခြင်း၊ IACA က စီစဉ်သည့် ဘွဲ့လွန်သင်တန်းများသို့ စေလွှတ်နိုင်ခြင်းဖြင့် နိုင်ငံတကာက ကျင့်သုံးသည့် စံချိန်စံညွှန်း အတွေ့အကြုံများအပြင် လက်တွေ့လေ့ကျင့်မှုများရရှိခြင်းနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ပညာရပ်တစ်ခုအနေဖြင့် လေ့လာဆည်းပူးနိုင်ရန် အခွင့်အလမ်းများရရှိပြီး ကျွမ်းကျင်ပညာရှင်များ ပေါ်ထွက်လာကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၊ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၊ မြင်းခြံမဲဆန္ဒနယ်မှ ဦးစိန်မြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းနှင့် ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခေါ်) ဒေါ်ရှားမီးတို့က ဆွေးနွေးကြသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူးက ကော်မရှင်အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏ သုံးသပ်အကြံပြုချက်များအပေါ် အလေးအနက်ထား၍ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စကို လွှတ်တော်က အတည်ပြုပေးပါရန် ပြောကြားသည်။


ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအကယ်ဒမီ(International Anti – Corruption Academy-IACA)ကို နိုင်ငံတကာအဖွဲ့အစည်း ထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် အတည်ပြုခဲ့သည်။

ထို့ပြင် ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ကချင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးဇော်ဝင်းအား ခန့်အပ်တာဝန်ပေးအပ်ခြင်းနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ချောင်းဝကျေးရွာအုပ်စုရှိ ဆင်းကူး(သိုက်ကုန်း)ကျေးရွာအား ဇရိယာတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌက ၆ လတာကာလ (၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်မှ ၂၀၁၉ ခုနှစ်၊ ဧပြီ ၉ ရက်အထိ) လုပ်ငန်းဆောင်ရွက်ခဲ့မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပါမောက္ခချုပ်များကော်မတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း၊ အခြေခံပညာရေးကဏ္ဍ၊ ဆရာအတတ်ပညာကဏ္ဍ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍ၊ အဆင့်မြင့်ပညာရေးကဏ္ဍ၊ လူတိုင်း အကျုံးဝင်ပညာရေးကဏ္ဍ၊ ပုဂ္ဂလိကပညာရေးကဏ္ဍ၊ ပညာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အကြံပြုချက်များ ပေးပို့ခြင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ ဆောင်ရွက်ချက်များ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီ၏ ဆောင်ရွက်ချက်များ၊ ပါမောက္ခချုပ်များကော်မတီ၏ ဆောင်ရွက်ချက်များ၊ ကော်မရှင်ကို ပေးအပ်ထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ သုံးသပ်အကြံပြုချက်များကို ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော် နာယကက အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ် ဩဂုတ် ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးရန် လျာထားသဖြင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**သတင်း-မော်စီ၊ မွေးကြူဇင်**
**ဓာတ်ပုံ-ထန်းဖုန်**


မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးကျော်တုတ်


သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်


ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်


ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဆန်းမြင့်


ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း


မြင်းခြံမဲဆန္ဒနယ်မှ ဦးစိန်မြင့်

# အမြဲတမ်းအတွင်းဝန် ဦးမြင့်သူအား ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် ဩဂုတ် ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူအား ဂျပန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

# သံအမတ်ကြီး ဦးသူရိန်သန့်ဇင်အား ဆားဘီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် ဩဂုတ် ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဂျပန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသူရိန်သန့်ဇင်အား ဆားဘီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၅**

ယနေ့ ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့သို့ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်နှင့် တောင်ကြီးတက္ကသိုလ် ဥပဒေပညာဌာနတို့မှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လာရောက်လေ့လာကြသည့် ပြည်သူများ စုစုပေါင်း ၅၃၆ ဦး တက်ရောက်လေ့လာခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့လာရောက်လေ့လာသူပေါင်း ၅၆၁၃၄ ဦး ရှိကြောင်း၊ လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ သုံးရက် ကြိုတင်ပေးပို့နိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်သို့ လာရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် ဩဂုတ် ၅**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဘာသာရပ် သင်ယူနေသော ဘာသာစကားအထူးပြုကျောင်းသား ကျောင်းသူ ၂၁၆ ဦး၊ ကြီးကြပ်သူဆရာ ဆရာမ ၁၇ ဦး စုစုပေါင်း ၂၃၃ ဦးနှင့် တောင်ကြီးတက္ကသိုလ် ဥပဒေပညာအထူးပြုကျောင်းသား ကျောင်းသူ ၂၆၆ ဦးနှင့် ကြီးကြပ်သူ ဆရာ ဆရာမ ၁၃ ဦး စုစုပေါင်း ၂၇၉ ဦးတို့သည် အမျိုးသားလွှတ်တော်သို့ ဩဂုတ် ၅ ရက်တွင် လာရောက်လေ့လာကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးစတင်ကျင်းပသည့်ရက်မှ ယနေ့အထိ အမျိုးသားလွှတ်တော်သို့ လာရောက်သည့်ဧည့်သည် စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၂၀၀၆၁ ဦးနှင့် ပြည်ပဧည့်သည် ၂၁၅၇ ဦး ရှိကြောင်း သိရသည်။

**သတင်းစဉ်**

✻ ရန်ကုန်စတော့အိတ်ချိန်းမှ

၂၃၅၀၀၀ စု အရောင်းအဝယ်ဖြစ်ခဲ့ပြီး ငွေတန်ဖိုးအားဖြင့် ကျပ်သန်းပေါင်း ၂၈၆၃ ဒသမ ၆၃ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

“အရောင်းအဝယ်က သိသိသာသာကြီး တက်လာတာတော့မရှိဘူး။ ရာခိုင်နှုန်းအနည်းငယ်တော့တက်လာတယ်။ နိုင်ငံခြားရောင်းဝယ်ဖို့က ပြင်ဆင်နေတုန်းပဲရှိတယ်။ လိုအပ်တဲ့နည်းစနစ်တွေ ရေးဆွဲနေတယ်။ Process ဘယ်တော့လောက်ပြီးမယ်ဆိုတာကတော့ ပြောလို့မရဘူး။ နှစ်လ၊ သုံးလလောက် ကြာရင်လည်း ကြာမယ်” ဟု မန်နေဂျာ ဦးသက်ထွန်းဦးက ပြောသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများ နေ့စဉ်အရောင်းအဝယ်ပြုလုပ်ရာ၌ နိုင်ငံခြားသားများ ပါဝင်ဆောင်ရွက်ခွင့်ပြုကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်(SECM)က ဇူလိုင် ၁၂ ရက်တွင် အမိန့်ကြော်ငြာ ထုတ်ပြန်ခဲ့ပြီး စာရင်းဝင်ကုမ္ပဏီတစ်ခုချင်းအလိုက် ခွင့်ပြုမည့် ရာခိုင်နှုန်းကို ရန်ကုန်စတော့အိတ်ချိန်းအနေဖြင့် သက်ဆိုင်ရာ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့် ပူးပေါင်းထိန်းချုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်စတော့အိတ်ချိန်းအနေဖြင့် ကာလရှည်ငွေကြေး အရင်းအနှီးများကို စုစည်းနိုင်သည့် Capital Market အရေးပါပုံကို သိရှိနားလည်လာစေရန်၊ စတော့ဈေးကွက်တွင် ပါဝင်ရင်းနှီးမြှုပ်နှံလိုသည့် ပြည်သူများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများရရှိစေရန်၊ ဈေးကွက်ဆိုင်ရာ ဗဟုသုတများရရှိစေရန်၊ အရင်းအနှီးဈေးကွက် Eco System ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် ငွေကြေးနှင့် ဘဏ္ဍာရေးဈေးကွက်ဆိုင်ရာပညာရပ်များ လေ့လာနိုင်သည့်အခွင့်အရေးများရရှိစေရန် ရည်ရွယ်၍ တတိယအကြိမ်မြောက် YSX Expo 2019 ကို ယခုနှစ် စက်တင်ဘာ ၁ ရက်တွင် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇာနည်မောင်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဆွစ်ဇာလန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၅**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး Mr. TimEnderlin အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာရှိမှု၊ အများယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်စေရေးဆိုသည့် စံ (၅) ချက်နှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ ၂၀၁၅ ခုနှစ် ဇွန်လတွင် ရေးဆွဲခဲ့သည့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် (Code of Conduct) ကို ကာလအခြေအနေနှင့်ကိုက်ညီရန် ပြင်ဆင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံညှိနှိုင်းပြီး ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဝန်ထမ်းများနှင့်တွေ့ဆုံ လေဆိပ်အတွင်း လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ လှည့်လည်ကြည့်ရှု

**နေပြည်တော် ဩဂုတ် ၅**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိပြီး လေဆိပ်ဧည့်ခန်းမ၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လေဆိပ်ဝန်ထမ်းများ၊ လေဆိပ်လုပ်ငန်းဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။




တွေ့ဆုံစဉ် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်လင်းသိန်းက လေဆိပ်၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဝန်ထမ်းအင်အားနှင့် စက်ပစ္စည်းများ တပ်ဆင်အသုံးပြုမှု၊ ပြည်တွင်း၊ ပြည်ပလေကြောင်းလိုင်းများအခြေအနေနှင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ ဝင်ရောက်/ထွက်ခွာမှု၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကာ လေဆိပ်လုပ်ငန်းဆိုင်ရာ ဆက်စပ်ဌာန တာဝန်ခံများက လုပ်ငန်းများပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။


ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မန္တလေးလေဆိပ်သည် လေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲနေမှုကြောင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ ဝင်/ထွက်မှု များပြားလာကြောင်း၊ ထို့ကြောင့် လူဝင်မှုကြီးကြပ်ရေး စစ်ဆေးရေးလုပ်ငန်းများကို အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လိုအပ်ချက်များကို အချိန်မီတင်ပြဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ကလည်း လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ခရီးသည် ဝင်/ထွက်သွားလာမှု များပြားလာသည်နှင့်အမျှ လူဝင်မှုစစ်ဆေးရေးလုပ်ငန်းများကိုလည်း စနစ်တကျ ဂရုပြုအလေးထား ဆောင်ရွက်ကြရန်နှင့် ဆက်စပ်ဌာနများနှင့် အမြဲချိတ်ဆက်ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ခရီးသည်များအနေဖြင့် လေဆိပ်သို့ စတင်ရောက်ရှိသည်နှင့် မိမိတို့ဝန်ထမ်းများနှင့် စတင်ထိတွေ့ဆက်ဆံရသည့်အတွက် ခရီးသည်များအပေါ် ဆက်ဆံရေးပြေပြစ်ကောင်းမွန်စွာ ဝန်ဆောင်မှုပေးကာ မိမိတို့လုပ်ငန်းကို စနစ်တကျ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ထမ်းများ၏ အရည်အချင်းပြည့်ဝမှု၊ ဆက်ဆံမှုပြေပြစ်မှုနှင့် ဘာသာစကားကျွမ်းကျင်မှုတို့သည် နိုင်ငံ၏ပုံရိပ်ကို ထင်ဟပ်စေသည်ကို သတိပြုရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိထမ်းဆောင်ရမည့်တာဝန်ကို သိရှိနားလည်ပြီး စိတ်ရင်းစေတနာမှန်ဖြင့် ဆောင်ရွက်ကြရန်နှင့် အဂတိတရားကင်းရှင်းစွာ အလေးထားဆောင်ရွက်ကြရန်လိုကြောင်း ရှင်းလင်းမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဆိုက်ရောက်ဗီဇာ (Visa on Arrival - VOA) ကောင်တာသို့ရောက်ရှိရာ လုပ်ငန်းတာဝန်ခံက ပြည်ပနိုင်ငံအသီးသီးမှ ဆိုက်ရောက်ဗီဇာဖြင့် ဝင်ရောက်လာသည့် နိုင်ငံခြားသားခရီးသည်များအား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စစ်ဆေးဆောင်ရွက်မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်ပထွက်ခွာကောင်တာ၌ ခရီးသည်များအား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ စစ်ဆေးဆောင်ရွက်နေမှု၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စက်ကိရိယာပစ္စည်းများ တပ်ဆင်ထားရှိမှုနှင့် လုပ်ငန်းဆိုင်ရာအခက်အခဲများကို ကြည့်ရှုမေးမြန်းကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနေ့အခမ်းအနားနှင့် တရုတ်နိုင်ငံ စီးပွားရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီးနှင့် နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများသို့ တက်ရောက်

**နေပြည်တော် ဩဂုတ် ၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ ရန်ချင်းခရိုင်၌ ခြောက်လကြာ ကျင်းပလျက်ရှိသည့် International Horticulture Expo 2019 ပြပွဲကာလအတွင်း ဩဂုတ် ၄ ရက်တွင် ကျင်းပခဲ့သည့် မြန်မာနေ့အခမ်းအနားသို့ တက်ရောက်ခဲ့သည်။



**စတင်ဖွင့်လှစ်**

မြန်မာနေ့အခမ်းအနားကို International Horticulture Expo Guirul Theater ၌ နံနက် ၉ နာရီခွဲတွင် ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံတော်သီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သစ်တောရေးရာဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် International Horticulture Expo ၏ Deputy Commissioner General , Mr. Zhao Liangping တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ မြန်မာ့ယဉ်ကျေးမှု အကပဒေသာများဖြင့် ဖျော်ဖြေပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ မြန်မာနေ့အခမ်းအနားသို့ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တရုတ်နိုင်ငံမှ ပရိသတ်များ တက်ရောက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ပို့ကုန်မြှင့်တင်ရေး ဆွေးနွေးပွဲကို ပေကျင်းမြို့ Ocean Spring ဟိုတယ်၌ ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးနှင့် အာဆီယံ-တရုတ်စီးပွားရေးကောင်စီဉက္ကဋ္ဌ Mr. Xu Ningning တို့ တက်ရောက်အမှာစကား ပြောကြားခဲ့ကြသည်။

**စီးပွားရေးချိတ်ဆက်ဆောင်ရွက်**

ဆက်လက်၍ တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှု အာဏာပိုင်အဖွဲ့(GACC)မှ ညွှန်ကြားရေးမှူး Dr. Zhao Yifang က တရုတ်နိုင်ငံသို့ လယ်ယာစိုက်ပျိုးရေးနှင့် ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရာတွင် သိရှိသင့်သည့် လုပ်ငန်းစဉ်များနှင့် စည်းမျဉ်းများကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး စီးပွားရေးချိတ်ဆက်မှုများ ဆောင်ရွက်နိုင်ခဲ့ကြသည်။ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ စီးပွားရေးဝန်ကြီးဌာန (MOFCOM) သို့သွားရောက်၍ တရုတ်နိုင်ငံ စီးပွားရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာ လင်ချန်ကန်းနှင့်တွေ့ဆုံ၍ မြန်မာ- တရုတ် နှစ်နိုင်ငံကုန်သွယ်မှု မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စ၊ မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော်ရေးကိစ္စ၊ နာနတ်သီး၊ ထောပတ်သီး အပါအဝင် မြန်မာ့သစ်သီးဝလံများ အရည်အသွေးစစ်ဆေးမှုကို အရှိန်အဟုန်မြှင့်တင်၍ တိုးမြှင့်တင်ပို့နိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် China Oil & Food Cooperation Co.,Ltd (COFCO) ဒုတိယဉက္ကဋ္ဌနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) နှင့် COFCOM တို့အကြား ချုပ်ဆိုထားသော ဆန် Quota တန် (၁) သိန်းဝယ်ယူရေး အကောင်အထည်ဖော်နိုင်ရေးကိစ္စကို ဆွေးနွေးကြပြီး CITIC Construction Co.,Ltd ဥက္ကဋ္ဌနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များ ပိုမိုဝယ်ယူရေး၊ လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီနှင့် CTFMR အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၅**

လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီနှင့် CTFMR တို့ တွေ့ဆုံဆွေးနွေးခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။





**တွေ့ဆုံဆွေးနွေး**

ဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ ဦးဆောင်သော လုပ်ငန်းကော်မတီအဖွဲ့နှင့် Country Task Force on Monitoring and Report (CTFMR)အဖွဲ့တို့ တွေ့ဆုံ၍ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများ ဟန့်တားကာကွယ်နိုင်ရေး အမျိုးသားအဆင့်တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး လုပ်ငန်းစီမံချက်နှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် CTFMR အဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# လူတို့အကြောင်းတစေ့တစောင်း

မိမိုးအေး(ဘားအံတက္ကသိုလ်)

ကျွန်မတို့လူသားတွေဟာ လူ့အဖွဲ့အစည်းကြီးထဲမှာ တစ်ဦးချင်းစီနေထိုင်ကြတာမဟုတ်ဘဲ စုပေါင်းနေထိုင်ကြရတာ ဖြစ်ပါတယ်။ ဒီလိုနေထိုင်ကြရာမှာ လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ရိုးရိုးသားသားနဲ့ ပေါင်းသင်းဆက်ဆံကြတာရှိသလို ဟန်ဆောင်လိမ်လည်ပြီး ပေါင်းသင်းဆက်ဆံကြတာရှိပါတယ်။

ကျွန်မတို့နေထိုင်တဲ့ လူ့အဖွဲ့အစည်းကြီးထဲမှာ လူမိုက်တွေဟာ လူကောင်းဟန်ဆောင်ပြီး နေရာတကာမှာ ကျင်လည်နေကြတာတွေ အများကြီးရှိနေပါတယ်။ အများအားဖြင့် လူတွေကလည်း အပေါ်ယံကိုပဲကြည့်ပြီးတော့ အကဲဖြတ်ကြတာကြောင့်လည်း လောကကြီးထဲမှာ လိမ်လည်မှုတွေ၊ ခေါင်းပုံဖြတ်မှုတွေ၊ လှည့်စားခံရမှုတွေ ဖြစ်လာကြရတာပါ။

တကယ်တော့လည်း လူတစ်ယောက်ရဲ့အကြောင်းကို ကျွန်မတို့အလွယ်တကူသိနိုင်ဖို့ကလည်း ခဲယဉ်းတဲ့ကိစ္စတစ်ခုပါပဲ။ ဗုဒ္ဓကတော့ လူတွေရဲ့အကြောင်း သိနိုင်တဲ့အချက်တွေကို လမ်းညွှန်ထားတာရှိပါတယ်။ သံယုတ္တနိကာယ်ထဲက 'သတ္တဇဋိလသုတ်' မှာ လူတွေရဲ့အကြောင်းကို ဘယ်လိုနည်းနဲ့သိနိုင်မလဲဆိုတာကို ဗုဒ္ဓက အပြည့်အစုံ ပြောကြားထားခဲ့ပါတယ်။ အပြင်ပန်းကိုကြည့်ပြီး လွယ်လွယ်နဲ့အကဲဖြတ်တတ်တဲ့ ကောသလမင်းကြီးကိုအကြောင်းပြုပြီး ဗုဒ္ဓက ဒီသတ္တဇဋိလသုတ်ကို ဟောကြားထားတာဖြစ်ပါတယ်။

ဒီသုတ်လေးရဲ့ အကျဉ်းချုပ်ကတော့ ဝိသာခါကျောင်းအမကြီး ဆောက်လုပ်လှူဒါန်းထားတဲ့ ပုဗ္ဗာရုံကျောင်းမှာ ဗုဒ္ဓသီတင်းသုံးနေတုန်းမှာပဲ ကောသလမင်းကြီး ရောက်လာခဲ့ပါတယ်။ ဗုဒ္ဓကို အရိုအသေပေး ရှိခိုးပြီးတဲ့နောက် သင့်လျော်တဲ့နေရာမှာ ထိုင်ပါတယ်။ အဲဒီအချိန်မှာပဲ ဆံကျစ်ထုံးရသေ့ ခုနစ်ပါး၊ နိဂဏ္ဌတက္ကဒွန်း ခုနစ်ယောက်၊ အစေလကတက္ကဒွန်း ခုနစ်ယောက်၊ တိတ္ထိ ခုနစ်ယောက်၊ ပရိဗိုဇ် ခုနစ်ယောက်တို့ဟာ ဘုရားရှင်နဲ့ ကောသလမင်းရဲ့အနားကနေ ဖြတ်ပြီးသွားကြတယ်။ အဲဒီအခါ ကောသလမင်းက ရသေ့တွေဆီသွားပြီး နှုတ်ဆက်စကားပြောပါတယ်။ ရသေ့တွေလွန်သွားပြီးတဲ့အခါမှာ ဗုဒ္ဓဆီပြန်လာပြီး ဒီရသေ့၊ တက္ကဒွန်း၊ ပရိဗိုဇ် ၃၅ ဦးဟာ ရဟန္တာတွေဖြစ်တယ်လို့ လျှောက်ထားပါတယ်။

ဒီအခါမှာဗုဒ္ဓက လူ့စည်းစိမ်ခံစားနေတဲ့မင်းကြီးအနေနဲ့ ဘယ်သူကရဟန္တာဖြစ်တယ်ဆိုတာ ခွဲခြားပြီး သိနိုင်ဖို့ရာ ခဲယဉ်းပါတယ်လို့ ဆိုပါတယ်။ တစ်ဆက်တည်းမှာပဲ ဗုဒ္ဓက လူတွေရဲ့-

- **ကိုယ်ကျင့်တရားကို အတူနေထိုင်ကြည့်မှသိနိုင်မယ်။**
- **ရိုးသားစင်ကြယ်မှုကို အတူစကားပြောတဲ့အခါမှာ သိနိုင်မယ်။**
- **ဉာဏ်စွမ်းအားကိုတော့ ဘေးအန္တရာယ်ကျရောက်တဲ့အခါမှာ သိနိုင်မယ်။**
- **ပညာကိုတော့အတူတကွ ဆွေးနွေးတိုင်ပင်နှီးနှောတဲ့အခါမှာသိနိုင်မယ်**လို့ ရှင်းပြတယ်။

အဲဒီလိုသိနိုင်ဖို့ရာလည်း အချိန်ကြာမှသိနိုင်မယ်။ သတိထားပြီးကြည့်မှသာ သိနိုင်မယ်။ ပညာရှိတဲ့သူသာ သိနိုင်မယ်လို့ထပ်ပြီး ရှင်းပြခဲ့ပါတယ်။ ဒီနည်းလမ်းတွေကို အသုံးပြုပြီး လူမှုဆက်ဆံရေးနယ်ပယ်မှာ တစ်ဦးအကြောင်းတစ်ဦး အပြန်အလှန် သိရှိနိုင်ပါမယ်။ မိတ်ဆွေကောင်းဖြစ်မဖြစ် လေ့လာနိုင်ပါတယ်။ ကိုယ်ကိုယ်တိုင်ကလည်း အပြန်အလှန်အနေနဲ့ မိတ်ဆွေကောင်းဖြစ်အောင် ကြိုးစားကျင့်ကြံကြရပါမယ်။

လူတစ်ယောက်ရဲ့ တန်ဖိုးဆိုတာ သူ့ရဲ့ကိုယ်ကျင့်တရား ကောင်းမွန်ခြင်းဆိုတာ အထူးဆိုစရာမလိုပါဘူး။ ပညာတတ်တိုင်းလည်း ကိုယ်ကျင့်တရား ကောင်းတယ်လို့ ယူဆလို့မရပါဘူး။ လူတစ်ယောက်နဲ့ ကျွန်မတို့အချိန်အတော်ကြာနေထိုင်လိုက်ရင်ပဲ သူ့ကိုယ်ကျင့်တရားကို ခန့်မှန်းနိုင်ပြီဖြစ်ပါတယ်။ ဒီလိုပဲ သူ့ရဲ့ရိုးသားမှုကို ကျွန်မတို့စကားပြောကြည့်ရင်သိနိုင်ပါတယ်။ မရိုးသားတဲ့သူတွေနဲ့ ပတ်သက်ပြီး အဋ္ဌကထာတွေမှာ 'အရှေ့မှာ ပြောဆိုတဲ့စကားနဲ့ နောက်ကွယ်မှာ ပြောဆိုတဲ့စကား မတူဘူး။ နောက်ကွယ်မှာပြောဆိုတဲ့စကားနဲ့ ရှေ့မှာပြောဆိုတဲ့စကားလည်း မတူညီဘူးဆိုရင် သူဟာ စကားမမှန်သူ၊ မရိုးသားတဲ့သူဖြစ်တယ်' လို့ ဆိုထားပါတယ်။

ဘေးအန္တရာယ်ကျရောက်တဲ့အချိန်မှာ လူတစ်ယောက်ရဲ့ဉာဏ်စွမ်းဟာ အရေးကြီးပါတယ်။ ဉာဏ်စွမ်းဆိုတာ တစ်နည်းအားဖြင့်တော့ အားထုတ်တာ၊ လုံ့လပြုတာပဲဖြစ်ပါတယ်။ လူတစ်ယောက်ဟာ သူ့ရဲ့ဉာဏ်စွမ်းနဲ့ သူ့အပေါ်ကျရောက်တဲ့ ဘေးအန္တရာယ်ကို ကာကွယ်နိုင်ပါတယ်။ နောက်တစ်ခုက ပညာပါ။ ပညာဆိုတာ အပြစ်၊ အကျိုး၊ အကောင်း၊ အဆိုးတို့ကိုခွဲခြားနိုင်တဲ့ ဉာဏ်ပဲဖြစ်ပါတယ်။ အတူတကွဆွေးနွေးတိုင်ပင် ပြောဆိုကြည့်ရင် လူတစ်ယောက်ရဲ့ပညာကို ကျွန်မတို့ အကဲခတ်နိုင်ပါတယ်။

အပေါ်မှာပြောပြခဲ့တဲ့ အချက်တွေကတော့ လူတစ်ယောက်ရဲ့ ကိုယ်ကျင့်တရား၊ ရိုးသားခြင်း၊ ဉာဏ်စွမ်းအား၊ ပညာတို့ကို သိနိုင်မယ့်နည်းလမ်းတွေပါပဲ။ ကျွန်မတို့လူတစ်ယောက်ရဲ့အကြောင်းကို အပေါ်ယံကြည့်ရုံနဲ့ သိနိုင်ဖို့မလွယ်လှပါဘူး။ ဒါကြောင့် လူတစ်ယောက်ရဲ့အကြောင်းကို ဂဃနဏမသိဘဲ အယုံမလွယ်မိဖို့ အရေးကြီးပါတယ်။

ကျွန်မတို့တစ်တွေရဲ့အသက်ရှင်နေထိုင်မှုမှာ ကလျာဏမိတ္တလို့ခေါ်တဲ့ မိတ်ဆွေကောင်းရှိဖို့လည်း လိုအပ်ပါတယ်။ မိတ်ဆွေကောင်းရှိသူဟာ မိမိရဲ့အကျိုးစီးပွားတစ်ခုလုံးကို ပြီးမြောက်စေတယ်လို့ ဗုဒ္ဓက ရှင်အာနန္ဒာကို ကလျာဏမိတ္တသုတ်မှာ မိန့်ခဲ့ပါတယ်။ ဒါကြောင့် ဖော်ပြခဲ့တဲ့နည်းလမ်းတွေနဲ့ မိတ်ဆွေကောင်းကို ရှာဖွေပေါင်းသင်းဖို့ လိုအပ်ပါတယ်။ ကျွန်မတို့က ကိုယ်ယုံကြည်ရမယ့်သူကို ရွေးချယ်တတ်ရပါမယ်။ ဒီလိုပဲ ကျွန်မတို့ကိုယ်တိုင်ကလည်း တခြားတစ်ယောက်ရဲ့ယုံကြည်မှုကိုခံထိုက်ဖို့ ကြိုးစားကြရမှာဖြစ်ပါတယ်။

ပြင်ပအဆင်းသဏ္ဌာန်ကိုကြည့်ပြီး လူတစ်ယောက်ရဲ့အကြောင်းကို သိနိုင်ဖို့မလွယ်လှပါဘူး။ ဒါကြောင့် ခဏတစ်ဖြုတ်တွေ့မြင်ရုံနဲ့ အကျွမ်းတဝင်မလုပ်ဖို့ သတိပြုရမှာပါ။ အထူးသဖြင့် ဒီနေ့ အိုင်တီခေတ်ကြီးထဲမှာ လူမှုကွန်ရက်လို့ခေါ်တဲ့ ဖေ့စ်ဘွတ် သုံးနေကြတဲ့ လူငယ်တွေ ပိုပြီးသတိထားကြဖို့လိုပါတယ်။ အွန်လိုင်းပေါ်မှာ ခဏတစ်ဖြုတ် တွေ့မြင်ရုံနဲ့တော့ ဘယ်သူ့ကိုမျှ မယုံကြည်လိုက်ပါနဲ့။ ကာယကံ၊ ဝစီကံ၊ မနောကံလို့ခေါ်တဲ့ ကံသုံးပါးကို မစောင့်စည်းတဲ့သူတွေဟာ လူကောင်းပုံစံနဲ့ ဟန်ဆောင်ပြီး နေထိုင်ပြောဆိုနေကြတာ အများအပြား ရှိနေတတ်ပါတယ်။

ဟန်ဆောင်ပြီးနေတတ်တဲ့သူတွေဟာ အလွှာအသီးသီး၊ နေရာအသီးသီးမှာ ရှိနေတတ်ပါတယ်။ ကိုယ်အောင်မြင်ဖို့၊ ကိုယ်နေရာရဖို့၊ ကိုယ်အကျိုးရှိဖို့ ဟန်ဆောင်လေ့ရှိကြတာကို ကျွန်မတို့ရဲ့ပတ်ဝန်းကျင်မှာ မြင်တွေ့နေကြရမှာပါ။ ဒီလို ဟန်ဆောင်တတ်တဲ့သူတွေကို ဗုဒ္ဓရဲ့ ဥပမာနဲ့ပြောရမယ်ဆိုရင် **အပြင်ပန်းမှာတော့ တင့်တယ်လှပနေပြီး အတွင်းမှာတော့ တန်ဖိုးမရှိတဲ့ မြေကြီးနဲ့လုပ်ထားတဲ့ နားတောင်း(နားကပ်)၊ ရွှေရည်စိမ်ကြေးနားတောင်းတွေနဲ့** တူကြပါတယ်။ ဟန်ဆောင်ပြီးနေကြတယ်။ ဟန်ဆောင်ပြီး ပြောဆိုကြတယ်။

ဒီလိုရွှေရည်စိမ်နားတောင်းဟာ ခဏတစ်ဖြုတ်တောက်ပပေမယ့် အချိန်ကြာလာရင်တော့ မူလမြေနားတောင်းလိုပဲ ပြန်ပြီးပြောင်းသွားမှာပဲ ဖြစ်ပါတယ်။ ဟန်ဆောင်နေကြသူတွေလည်း အချိန်တိုအတွင်းမှာတော့ မူလအတွင်းစိတ်ကို ဖုံးကွယ်ပြီး ဟန်ဆောင်ထားပေမယ့် အချိန်ကြာလာတဲ့အခါမှာတော့ သူတို့ရဲ့မူရင်းအခြေအနေအတိုင်း ပြန်ပြောင်းလဲသွားတတ်ကြပါတယ်။

လူတစ်ယောက်ရဲ့ ကိုယ်ကျင့်တရား၊ ရိုးသားမှု၊ ဉာဏ်စွမ်းနှင့်ပညာတို့ကို သိရှိနိုင်ဖို့ ဘယ်လိုတိုင်းတာဆန်းစစ်ရမယ်ဆိုတာ ဗုဒ္ဓကအသေအချာပဲလမ်းညွှန်ပေးခဲ့ပါပြီ။ ညွှန်ပြခဲ့တဲ့အချက်တွေနဲ့ ဆန်းစစ်ပြီး မိတ်ဆွေကောင်းကို ရရှိနိုင်ပါတယ်။ ဒီလိုပဲကျွန်မတို့လည်း တခြားတစ်ယောက်အတွက် ကိုယ်ကျင့်တရားကောင်းတဲ့၊ ရိုးသားတဲ့၊ စွမ်းအားရှိတဲ့၊ ပညာရှိတဲ့ မိတ်ဆွေကောင်းဖြစ်အောင် ကြိုးစားကျင့်ကြံရမှာဖြစ်ပါတယ်။ ဗုဒ္ဓရဲ့ ဆန်းစစ်တဲ့ နည်းလမ်းတွေဟာ လူတွေရဲ့အကြောင်းကိုတစေ့တစောင်း သိရှိနိုင်ပြီး မိတ်ဆွေကောင်းကို ရှာဖွေရာမှာ အထောက်အကူပြုနိုင်မယ်လို့ ယုံကြည်ပါတယ်ရှင်။ ။

> **" ဒီနေ့ အိုင်တီခေတ်ကြီးထဲမှာ လူမှုကွန်ရက်လို့ခေါ်တဲ့ ဖေ့စ်ဘွတ်သုံးနေကြတဲ့ လူငယ်တွေ ပိုပြီးသတိထားကြဖို့လိုပါတယ်။ အွန်လိုင်းပေါ်မှာ ခဏတစ်ဖြုတ် တွေ့မြင်ရုံနဲ့တော့ ဘယ်သူ့ကိုမျှ မယုံကြည်လိုက်ပါနဲ့။ ကာယကံ၊ ဝစီကံ၊ မနောကံလို့ခေါ်တဲ့ ကံသုံးပါးကို မစောင့်စည်းတဲ့သူတွေဟာ လူကောင်းပုံစံနဲ့ ဟန်ဆောင်ပြီး နေထိုင်ပြောဆိုနေကြတာ အများအပြား ရှိနေတတ်ပါတယ် "**

## ဘဏ္ဍာရေးစည်းမျဉ်းအထူးသင်တန်း၊ ပစ္စည်းထိန်းနှင့် ခေတ်မီမော်တာအထည်ချုပ်သင်တန်းများဖွင့်



**ရန်ကုန် ဩဂုတ် ၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများဖြစ်သည့် ဘဏ္ဍာရေးစည်းမျဉ်းအထူးသင်တန်းအမှတ်စဉ်(၃၀)၊ ပစ္စည်းထိန်းသင်တန်း အမှတ်စဉ်(၇)နှင့် နယ်စပ်ဒေသများမှ တိုင်းရင်းသူများ၏ အလုပ်အကိုင်ရရှိရေးသင်တန်းဖြစ်သော ခေတ်မီမော်တာ အထည်ချုပ်သင်တန်း အမှတ်စဉ် (၂၃) သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန့် တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ သင်တန်းဖွင့်ပွဲသို့ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူ ၂၅၀ တက်ရောက်ကြသည်။

အဆိုပါသင်တန်းများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ ဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန် ခံယူချက်၊ ယုံကြည်ချက်မှန်ကန်စွာဖြင့် ဝန်ထမ်းကောင်းတစ်ဦးဖြစ်လာစေရန်နှင့် နယ်စပ်ဒေသမှ တိုင်းရင်းသူများအား ခေတ်မီမော်တာအထည်ချုပ်စက်များဖြင့် လေ့ကျင့်သင်ကြားပေးပြီး သင်တန်းဆင်းပါက ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံများတွင် အလုပ်အကိုင်ရရှိရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အာဟာရရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနား ဘုတလင်မြို့၌ ကျင်းပ

**ဘုတလင် ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်းပြီး ယနေ့ နံနက်ပိုင်းက မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ အာဟာရရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနား ကျင်းပသည်။

**ရှင်းလင်းဆွေးနွေး**

ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဇာခြည်မောင်က ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်ရခြင်းအကြောင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဖြိုးကျော်အောင်က အာဟာရအုပ်စုများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဖြိုးကျော်အောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဇာခြည်မောင်နှင့်အဖွဲ့ဝင်များက မူကြိုကျောင်းရှိ မူကြိုကလေးငယ် ၆၀ အား နွားနို့နှင့် ကြက်ဥအာဟာရကျွေးမွေးကာ ကိုယ်အလေးချိန်စစ်ဆေးခြင်းများကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင် ၃၂ ဦးအား ကြက်ဥ၊ အိုင်အိုဒင်းဆားနှင့် ငှက်ပျောသီးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဟန်ထွန်း(အင်းဝ)**

# ပြန်/ဆက်ဝန်ထမ်းများအတွက် မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်း အမှတ်စဉ်(၂) ဖွင့်လှစ်



**နေပြည်တော် ဩဂုတ် ၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအတွက် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု သင်တန်း အမှတ်စဉ်(၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးချုပ် သင်တန်းကျောင်း၌ ကျင်းပသည်။

**စနစ်တကျဆန်းစစ်တတ်ရန် အရေးကြီး**

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင် သုံးရပ်နှင့် ပြည်သူများအကြား ပေါင်းစပ်ပေးခြင်းသည် ပြည်သူ့ဆက်ဆံရေးဖြစ်ပါကြောင်း၊ မဏ္ဍိုင် သုံးရပ်၏ ဆောင်ရွက်နေမှုများကို ပြည်သူသိအောင် ချပြရန်လိုအပ်သလို၊ ပြည်သူများ၏ အခြေအနေနှင့် ခံစားချက်များကို မဏ္ဍိုင်သုံးရပ်က သိရှိအောင်ဆောင်ရွက်ကြရန် လိုပါကြောင်း၊ ဒစ်ဂျစ်တယ်ခေတ်တွင် ပြည်သူအများစုမှာ သတင်းအချက်အလက်များကို လက်ကိုင်ဖုန်းများပေါ်တွင် အွန်လိုင်းမီဒီယာများမှ အဓိက ရှာဖွေဖတ်ရှုလာနေကြကြောင်း။

သို့သော် ပြည်သူအများစု၏ မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု (media and information literacy) မှာ လွန်စွာအားနည်းနေသေးကြောင်း၊ အွန်လိုင်းပေါ် တွင် ရေးနေကြသည့်မီဒီယာများနှင့် ယင်းတို့၏ရေးသားချက်များကို စနစ်တကျ ဆန်းစစ်တတ်ရန် အလွန်အရေးကြီးပါကြောင်း။

ယခုသင်တန်းတွင် သတင်းရေးသားခြင်း၊ သတင်းထုတ်ပြန်ခြင်း၊ သတင်းအချက်အလက်များ ရှာဖွေစုဆောင်းခြင်း၊ ဆန်းစစ်သိမ်းဆည်းခြင်း၊ မျှဝေခြင်း၊ မီဒီယာများကို ဆန်းစစ်လေ့လာအကဲဖြတ်ခြင်း စသည့် သတင်းမီဒီယာများဆိုင်ရာ ဗဟုသုတများအပြင် ရွေးကောက်ပွဲဆိုင်ရာ သိနားလည်မှု စသည့်အကြောင်းအရာများကို သင်ကြားပို့ချသွားမည်ဖြစ်ပါကြောင်း။

ယခုသင်တန်းမှရရှိသည့် ဗဟုသုတများကို အခြားဝန်ထမ်းများနှင့် ပြည်သူများကိုပါ စနစ်တကျ လက်ဆင့်ကမ်း မျှဝေနိုင်ရန်အရေးကြီးသဖြင့် အလေးအနက်ထားလေ့လာကြရန် အရေးကြီးပါကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှ ခရိုင်ဦးစီးအဆင့်ရှိ သင်တန်းသားသင်တန်းသူ ၃၇ ဦး တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# (၁၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကင်းထောက်အမျိုးသမီးငယ်များ စခန်းချပွဲတက်ရောက်ရန် မြန်မာကင်းထောက်အမျိုးသမီးအဖွဲ့ ကိုရီးယားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၅**

(၁၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကင်းထောက်အမျိုးသမီးငယ်များစခန်းချပွဲ (17th Girl Scouts & Girl Guide International Camp Korea 2019) သို့ တက်ရောက်ရန် မြန်မာကင်းထောက် အမျိုးသမီးအဖွဲ့သည် ဩဂုတ် ၄ ရက် ညပိုင်းက ကိုရီးယားနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီးအဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်၊ ဒုတိယကင်းထောက်ချုပ် ဒေါ်ခင်စောဥမ္မာနှင့် ကင်းထောက်အမျိုးသမီးကြီးများ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

(၁၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကင်းထောက်အမျိုးသမီးငယ်များ စခန်းချပွဲကို အရှေ့ဘက် ပစိဖိတ်ပင်လယ်ကမ်းခြေရှိ ကမ္ဘာ့ကင်းထောက် ဂျမ်ဗူရီ စခန်းချပွဲကျင်းပခဲ့သည့် ဂန်ဝန်ဒို (Gangwon-Do)၌ ကျင်းပမည်ဖြစ်ရာ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ဖိလစ်ပိုင်၊ ဂျပန်၊ မလေးရှား၊ ထိုင်း၊ စင်ကာပူ၊ မော်လဒိုက်၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံများမှ ကင်းထောက်အမျိုးသမီး ကိုယ်စားလှယ်အဖွဲ့ဝင် ၃၀၀ ကျော်နှင့်အတူ မြန်မာကင်းထောက် အမျိုးသမီးအဖွဲ့မှ ဒေါ်နီလာသန်း ဦးဆောင်သည့် ကင်းထောက် အမျိုးသမီးဆရာမ နှစ်ဦး၊ အခြေခံပညာ ကျောင်းများမှ ကင်းထောက်အမျိုးသမီး ၁၉ ဦး၊ တက္ကသိုလ် ကင်းထောက်အမျိုးသမီး သုံးဦး ပေါင်း ၂၅ ဦးတို့ တက်ရောက်ကြမည်ဖြစ်သည်။

စခန်းချပွဲကို ဩဂုတ် ၅ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နိုင်ငံတကာ ကင်းထောက် အမျိုးသမီးများ တွေ့ဆုံကာ ကင်းထောက်ပညာရပ်များ လေ့ကျင့်ဆွေးနွေးခြင်း၊ တောတွင်းစခန်းချ အတွေ့အကြုံများ ဖလှယ်ခြင်းနှင့် နိုင်ငံအလိုက် ပြခန်းပြသမှုများလည်းပါဝင်ကာ မြန်မာကင်းထောက်အမျိုးသမီးပြခန်းတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဝတ်အစားများ၊ ရိုးရာ ပန်း ၁၀ မျိုးတို့ကို ပုံစံနမူနာများ ပြသကာ နိုင်ငံတကာ ည (International Night ) မီးပုံပွဲတွင်လည်း မြန်မာ့ရိုးရာ တိုင်းရင်းသားဝတ်စုံများ ဝတ်ဆင်ကာ မြန်မာနိုင်ငံမှ ကင်းထောက် အမျိုးသမီးလေးများက "မင်္ဂလာပါ" မြန်မာသီချင်းဖြင့် သီဆိုဖျော်ဖြေကပြရန် စီစဉ်ထားကြောင်း သိရသည်။

**သတင်းစဉ်**




# ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် ဩဂုတ် ၅**

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်းနှင့် အသိပညာပေးဟောပြောဆွေးနွေးပွဲအခမ်းအနားကို ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် လူမှုဖူလုံရေးဝင်း လေးထပ်ဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်ကြမည်**

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၊ တိုင်းဒေသကြီး တာဝန်ခံအရာရှိက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များနှင့် သိကောင်းစရာများကို ပညာပေးဟောပြောဆွေးနွေးခဲ့သည်။ ဆက်လက်၍ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးခဲ့သည့် အာမခံအလုပ်သမားခုနစ်ဦးအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ငွေလုံးငွေရင်း ငွေကျပ် ၃၉၉၅၂၀၀၀ အလုပ်တွင် ထိခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် အာမခံအလုပ်သမားနှစ်ဦးအတွက် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ငွေလုံးငွေရင်း ငွေကျပ် ၁၀၅၈၄၀၀၀ နှင့် အာမခံအလုပ်သမားနှစ်ဦး၏ ဆေးဖိုးကုန်ကျငွေ ပြန်လည်ထုတ်ပေးခြင်း ငွေကျပ် ၄၉၉၁၂၈၀ စုစုပေါင်း အကျိုးခံစားခွင့် ငွေကျပ် ၅၄၅၂၇၂၈၀ ကို ခွင့်ပြုထုတ်ပေးခဲ့ပြီး အကျိုးခံစားခွင့် ရရှိသူများ၏ကိုယ်စား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဒုတိယရေကြောင်း ဌာနမှူးချုပ် ဦးအောင်ဆန်းဝင်းက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံအရာရှိ၊ ခရိုင်တာဝန်ခံများ၊ မြို့နယ်တာဝန်ခံများ၊ ဒုတိယဦးစီးမှူးများ၊ အလုပ်ဌာနများမှ ဧည့်သည်တော်များ၊ အကျိုးခံစားခွင့်ရရှိသူများ၊ အလုပ်ရှင်၊ အလုပ်သမားများ စုစုပေါင်းအင်အား ၁၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## ရွှေကျင်မြစ် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်

**နေပြည်တော် ဩဂုတ် ၅**

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း နှစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၉ / ၂၀၁၉**

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မှန်ကင်းကျေးရွာနေ မောင်ဆိုင်နှင့် ဒေါ်မွေးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၇-၂၀၁၉ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ မှန်ကင်းကျေးရွာနေ ဒေါ်မွေး (ခ) အေးမွေး (၃၅)နှစ်၊ (ဘ)ဦးညိုမှိုင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းမှာ ကြိုတင်တိမ်းရှောင်နေပြီး ယောက္ခမဖြစ်သူ မောင်ဆိုင်(၇၅) နှစ်၊ (ဘ) ဦးဖိုးထွန်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား နမစ(လုံးတုံ)မယ(ပ)၃၀/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ကင်ပွန်းခြံကျေးရွာနေ မင်းမင်းအောင် (ခ) ဖိုးခွေးနှင့် ပေါက်တော(အရှေ့) ကျေးရွာနေ မကြူတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၇-၂၀၁၉ ရက်နေ့တွင် ကလေးမြို့နယ်၊ ကင်ပွန်းခြံကျေးရွာနေ မင်းမင်းအောင်(ခ)ဖိုးခွေး(၂၅)နှစ်၊ (ဘ) ဦးအော်ဂမ်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါ မူးယစ်ဆေးဝါးများ ဝယ်ယူခဲ့သည့် ပေါက်တော(အရှေ့)ကျေးရွာနေ မကြူ(ခ) ခင်မူဝင်း(၃၇)နှစ်၊ (ဘ)ဦးခင်မောင်၏ နေအိမ်အား ဆက်လက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရှိရသော်လည်း ၎င်းတို့(၂)ဦးအား မမစ(ကလေး) မယ(ပ)၁၀၆/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာ၊ အမှတ် (၅) ရပ်ကွက်နေ မောင်နိုင်နှင့်ဇနီး မနွေးနွေးအိတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၈-၂၀၁၉ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာ၊ အမှတ်(၅) ရပ်ကွက်နေ မောင်နိုင်(ခ)ရန်နိုင်လင်း (၄၃)နှစ်၊ (ဘ)ဦးတင်မြင့်နှင့် ဇနီး မနွေးနွေးအိ(၃၃)နှစ်၊ (ဘ) ဦးကံဝင်းတို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းတို့နှင့်အတူ အမှတ်(၂)ရပ်ကွက်နေ ညီညီအောင် (၃၃) နှစ်၊ (ဘ)ဦးဌေးအောင်တို့(၃)ဦးအား ဘိန်းဖြူများ၊ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်) မယ(ပ)၃၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ နန်းစောင်း(ရွာသစ်)ကျေးရွာနေ မောင်ချိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃-၈-၂၀၁၉ ရက်နေ့တွင် ကလေးမြို့နယ်၊ နန်းစောင်း (ရွာသစ်)ကျေးရွာနေ မောင်ချို(ခ)ခင်မောင်ချို(၃၈)နှစ်၊ (ဘ)ဦးတိုက်ပေါ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကလေး) မယ(ပ)၁၀၉/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့ ရတနာအောင်မြေ ရပ်ကွက်နေ ဝင်းထွဋ်ငြိမ်း(ခ) ဂေါင်းကြီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃-၈-၂၀၁၉ ရက်နေ့တွင် ပုလဲမြို့ အောင်မင်္ဂလာရပ်ကွက်၊ ပုလဲမြို့မဈေး အနီး၌ ရတနာအောင်မြေရပ်ကွက်နေ ဝင်းထွဋ်ငြိမ်း(ခ)ဂေါင်းကြီး(၂၅) နှစ်၊ (ဘ)ဦးသန်းဆွေနှင့် ရွှေညီုရပ်ကွက်နေ ဆုလှိုင်မင်း(၂၄)နှစ်၊ (ဘ) ဦးတင်စိုးတို့ (၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ပုလဲ)မယ(ပ)၁/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ကျောက်တောင်ကျေးရွာနေ ကြာရိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၁-၇-၂၀၁၉ ရက်နေ့တွင် ပုလောမြို့နယ်၊ ကျောက်တောင်ကျေးရွာနေ ကြာရိုး (ခ) ဝင်းမော်(၄၀)နှစ်၊ (ဘ)ဦးမောင်စိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ နေထက်(၂၄)နှစ်၊ (ဘ) ဦးကျော်အေးနှင့် ပြည့်ဖြိုးအောင်(၁၆)နှစ်၊ (ဘ) ဦးလှထွန်းတို့ (၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းစာမှုန့်များ၊ ဘိန်းစာရည်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ပလောက်) မယ (ပ)၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ကွန်လုံကျေးရွာနေ ဖိုးချိုနှင့် မျိုးဦးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁-၈-၂၀၁၉ ရက်နေ့တွင် တောင်ကြီးမြို့နယ်၊ ကွန်လုံကျေးရွာနေ ဖိုးချို(၄၄)နှစ်၊ (ဘ)ဦးဖိုးအီ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ မျိုးဦး (၂၇) နှစ်၊ (ဘ)ဦးအောင်အေးတို့အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ရွှေညောင်) မယ (ပ) ၄၂/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ်၊ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နှင့် ဆက်သွယ်ရေးကုန်း အနီးတွင် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူး ရောင်းချသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁-၈-၂၀၁၉ ရက်နေ့တွင် မူဆယ်မြို့နယ်၊ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ မိုင်းယုကျေးရွာ ဆက်သွယ်ရေးကုန်းအနီး ပတ်ဝန်းကျင်နေရာများအား ဝင်ရောက်ရှင်းလင်း စိစစ်ရှာဖွေရာ (၁၀၅)မိုင်၊ နယ်မြေ(၁)နေ မဆောင်လွင် (၃၄)နှစ်၊ (ဘ)ဦးမာလအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မူဆယ်) မယ(ပ)၈၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့်လည်းကောင်း၊ အိုက်သန်း(၂၉)နှစ်၊ (ဘ) ဦးချစ်အောင်အား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မူဆယ်) မယ(ပ)၈၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉ (က) ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် ၃-၈-၂၀၁၉ ရက်နေ့အထိ စုစုပေါင်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၇၁၂)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား (၉၃၇) ဦး၊ မ(၁၇၈)ဦး၊ ပေါင်း(၁၁၁၅)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၆၅၂၂.၇၇၈၄) ဂရမ်၊ ICE (၁၃၁၈.၇၂)ဂရမ်၊ ဘိန်း (၃၉၇၇၆.၉၅) ဂရမ်၊ အဆင့်နိမ့်ဘိန်း (၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့် (၁၉၆၀၉.၂၇)ဂရမ်၊ ဘိန်းစာရွက် (၇၈၃၃.၁၉) ဂရမ်၊ ဘိန်းစာရည် (၂.၅)လီတာ၊ စိတ်ကြွဆေးပြား (၃၁၆၀၅၉)ပြား၊ ဆေးခြောက် (၈၃၆၃.၂၂)ဂရမ်၊ ဘိန်းရည် (၀.၁) လီတာ၊ ဘိန်းဆီခဲ (၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့ (၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့် (၂၉.၁၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ (၁၈)လက်၊ ကျည်မျိုးစုံ (၂၅၇)တောင့်၊ လက်ပစ်ဗုံး (၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သောသတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၃၀) ပြား၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ အကျဲကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်း(၁၂၉.၃၃)ဂရမ်၊ မိုးမောက်မြို့နယ်၊ ကျောက်စခန်း စစ်ဆေးရေးဂိတ်၌ သတင်းအရ Surf ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၁၇၁၀၀)ပြား၊ မော်တော်ယာဉ် (၁)စီး၊ ပူတာအိုမြို့နယ်၊ ဖတ်မာဒါးကျေးရွာအနီး တံတားထိပ်၌ သတင်းအရ Pajero အငှားယာဉ်အား ရပ်တန့်စိစစ်ရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသား(၁) ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း (၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၄၀၀၀)ပြား၊ ဘိန်းဖြူ (၃၉၆)ဂရမ်၊ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ အိုခုရီကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၄)ပြား၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ လာကာကျေးရွာ၌ တရားခံအမျိုးသား (၃)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၀)ပြား၊ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ မိထောလှလေးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၃)ပြား၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ၎င်းကျေးရွာ၌ တရားခံအမျိုးသား (၃)ဦးထံမှ စိတ်ကြွဆေးပြား (၃၉၇)ပြား၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ မောင်နီကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၆၅၇၅၀)ပြား၊ မောင်နီကျေးရွာ၊ မကျီးချောင်း အတွင်း လှော်ခတ်လာသောလောင်းလှေ (၁)စင်းအား လုံခြုံရေးအဖွဲ့မှ ကမ်းကပ်စေရေး စစ်ဆေးရန်ခေါ်ယူစဉ် လှေလှော်ခတ်လာသူမှာ ခုန်ချ၍ရေကူးထွက်ပြေးခဲ့ပြီး လှေပေါ်ရှိ ဆာလာအိတ်အတွင်းမှ စိတ်ကြွဆေးပြား (၇၂၀၀၀) ပြား၊ လှေ (၁)စင်း၊ သက်ကိုင်ညှာကျေးရွာ၊ သက်ကိုင်ညှာ-တမန်းသား ကျေးရွာသွားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ် (၂)စီးအား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၄)ဦးထံမှ စိတ်ကြွဆေးပြား(၉၅၀၀၀)ပြား၊ ဆိုင်ကယ်(၂)စီး၊ စေတီပြင် ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၂၁၀)ပြား၊ စစ်တွေမြို့ ဆင်ကူးလမ်းရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၀)ပြား၊ ကွင်းဆက်အရ ကျောင်းကြီးရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၇)ပြား၊ မင်းပြားမြို့ မင်းဘာကြီးရပ်ကွက်၊ ထွန်ရဲလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဘူးသီးတောင်မြို့ မီးရထားဆိပ်ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၆၀၅)ပြား၊ အမ်းမြို့နယ်၊ ပဲပဒုံတံတား စစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ ဆေးခြောက် (၆၀၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက် လမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက် ဖော်ထုတ်ချက်အရ တရားခံ ခေတ္တတည်းခိုသည့် တည်းခိုခန်းအတွင်းမှ စိတ်ကြွဆေးပြား (၁၉၀၀)ပြား၊ ကလောမြို့ အထွက် စစ်ဆေးရေးဂိတ်၌ သတင်းအရ ခရီးသည်တင်ယာဉ်အား ရပ်တန့်စိစစ်ရာ ယာဉ်ပေါ်ပါ ခရီးသည် တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀၀)ပြား၊ ရေယားကျေးရွာအနီး မိုင်တိုင်(၆၅/၃) ၌ သတင်းအရ တောင်ကြီးမှ ရန်ကုန်သို့လာသည့် ခရီးသည်တင်ယာဉ်အားရပ်တန့်စိစစ်ရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၆၀၀)ပြား၊ ဖယ်ခုံမြို့နယ်၊ တောင်ပို့ကြီးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၈၉၀)ပြား၊ လွိုင်လင်မြို့နယ်၊ ဟိုတင့်ကျေးရွာအနီး လွိုင်လင်-တောင်ကြီးသွား ကားလမ်းမပေါ်၌ သတင်းအရ Wagon ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၄၀၀၀)ပြား၊ ICE(၁၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ၎င်းလမ်းပေါ်၌ပင် သတင်းအရ Honda Accord ယာဉ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၄၀၀၀၀) ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ပင်လုံမြို့ အမှတ်(၂)ရပ်ကွက်၌ တရားခံအမျိုးသား(၂) ဦးထံမှ Honda Fit ယာဉ်(၁)စီး၊ အောင်ပန်းမြို့ ညောင်ပင်ထောင်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၀၀)ပြား၊ မိုင်းရှူးမြို့ လွိုင်ဆောင်ထောက်ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၂၄၀)ပြား၊ ဘိန်းဖြူ(၁၅၁)ဂရမ်၊ လားရှိုးမြို့ မန်ဆူကားလေးဝင်း ခရီးသည်တင်ယာဉ်ဂိတ်၌ လူမဲ့တန်ဆာပစ္စည်းအဖြစ် မန္တလေးမြို့သို့ ပို့ဆောင်မည့် ပေးပို့တရားခံစုံစမ်းဆဲ ဆာလာအိတ်အတွင်းမှ စိတ်ကြွဆေးပြား (၄၁၄၀၀)ပြား တွေ့ရှိသဖြင့် ၎င်းယာဉ်ဖြင့် ပစ္စည်းအား ဆက်လက်သယ်ဆောင်ခဲ့ပြီး မူးယစ်အထူးရဲအဖွဲ့မှ ၎င်းယာဉ်ဖြင့် အသွင်ယူလိုက်ပါခဲ့ကာ မန္တလေးအရောက်ပစ္စည်းအား လာရောက်ထုတ်ယူသည့် တရားခံအမျိုးသား(၁)ဦး ဖမ်းဆီးရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ချမ်းမြသာစည်မြို့နယ်၊ ၆၄ လမ်းနှင့် စိန်ပန်းလမ်းထောင့်၌ ၎င်းပစ္စည်းထုပ်အား လားရှိုးကားဂိတ်တွင် လာရောက်ပို့ဆောင်ခဲ့ပြီး ကြိုတင်ရောက်ရှိစောင့်ဆိုင်းနေသူ တရားခံအမျိုးသား(၁)ဦး၊ သိန္နီမြို့ အမှတ်(၄)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၅၇၅)ပြား၊ ဘိန်းဖြူ(၅)ဂရမ်၊ တန့်ယန်းမြို့ တန့်ယန်း-ပန်ဆန်း သွားကားလမ်း နမ့်ပါတက်တံတားအနီး၌ သတင်းအရ ခရီးသည်တင်ယာဉ်အား ရပ်တန့်စိစစ်ရာ ယာဉ်ပေါ်ပါ ခရီးသည် တရားခံအမျိုးသမီး (၁)ဦးထံမှ ဘိန်း (၁၂၀၀၀) ဂရမ်၊ မူဆယ်မြို့ ဟိုမွန်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ

**စာမျက်နှာ ၉ သို့ »»**

# မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေပြဋ္ဌာန်း

**မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေ**
**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃ ။)**
**၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်**
**(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဆက်သွယ်ရေး (Telecommunications)** ဆိုသည်မှာ သတင်းအချက်အလက် တစ်ရပ်ရပ်ကို ဝါယာကြိုး၊ ဖိုင်ဘာကြိုး သို့မဟုတ် အခြားသော လျှပ်ကူးကြိုးတစ်ခုခုကို အသုံးပြု၍သော်လည်းကောင်း၊ ရေဒီယိုလှိုင်း၊ အလင်းတန်း၊ အခြားသော လျှပ်စစ်သံလိုက်ခဲတ် ထုတ်လွှတ်သည့် နည်းလမ်းတစ်ရပ်ရပ်ကို အသုံးပြု၍သော်လည်းကောင်း မူရင်းအတိုင်းဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ ထုတ်လွှင့်ခြင်း သို့မဟုတ် ဖမ်းယူခြင်းကို ဆိုသည်။

(ဂ) **ကော်ပိုရေးရှင်း** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းကို ဆိုသည်။

(ဃ) **ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း၊ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းနှင့် အသုံးချဝန်ဆောင်မှုလုပ်ငန်းများအနက် လုပ်ငန်းတစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်းကို ဆိုသည်။

(င) **ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ကွန်ရက်အထောက်အကူပြု ပစ္စည်းတစ်ခုခုကို လက်ဝယ်ထားရှိပြီး ယင်းကွန်ရက် အထောက်အကူပြု ပစ္စည်းကို ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိထားသူအား ငှားရမ်းခြင်း သို့မဟုတ် အဆိုပါ ကွန်ရက်အထောက်အကူပြု ပစ္စည်းအပေါ်တွင် မိမိကိုယ်တိုင် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းကို ဆိုသည်။

(စ) **ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ သတင်းအချက်အလက်ကို အပြန်အလှန် ပေးပို့ရေးအတွက် ဆက်သွယ်ရေးနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် အသုံးပြုသူဘက်ရှိ ကွန်ရက်နယ်နိမိတ်သက်သက်ကိုသာ ဆောင်ရွက်ပေးသည့်လုပ်ငန်း မပါဝင်။

(ဆ) **အသုံးချဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ကွန်ရက်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ကွန်ရက်များကို အသုံးပြု၍ ဝန်ဆောင်မှုပေးသော လုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အသုံးပြုသူဘက်ရှိ ကွန်ရက်နယ်နိမိတ်သက်သက်ကိုသာ ဆောင်ရွက်ပေးသည့် လုပ်ငန်းမပါဝင်။

(ဇ) **ဆက်သွယ်ရေးပစ္စည်း** ဆိုသည်မှာ ဆက်သွယ်ရေး ဥပဒေအရ ဝန်ကြီးဌာနက သီးခြားသတ်မှတ်သော ဆက်သွယ်ရေးပစ္စည်းကို ဆိုသည်။

(ဈ) **ကွန်ရက်အထောက်အကူပြုပစ္စည်း** ဆိုသည်မှာ ကွန်ရက် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့်ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ၏ ပစ္စည်းတစ်ခုခုကို သော်လည်းကောင်း၊ ယင်းပစ္စည်းများ ပေါင်းစပ်ထားရှိမှုကိုသော် လည်းကောင်း ဆိုသည်။

(ည) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ ဆက်သွယ်ရေးဥပဒေအရ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်အတွက် ထုတ်ပေးသော လိုင်စင်ကို ဆိုသည်။

(ဋ) **ဆက်သွယ်ရေးအခြေစိုက်စခန်းများ** ဆိုသည်မှာ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းအတွက် အသုံးပြုသည့် အခြေစိုက် ဆက်သွယ်ရေးလုပ်ငန်းဌာနများ၊ တယ်လီဖုန်းအိတ်ချိန်းများ၊ ဆက်သွယ်ရေးဝန်ဆောင်မှုပေးသောဌာနများနှင့် ဆက်သွယ်ရေးစခန်းများကို ဆိုသည်။

(ဌ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဍ) **ဒါရိုက်တာအဖွဲ့(Board of Directors)** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ကော်ပိုရေးရှင်း၏ ဒါရိုက်တာအဖွဲ့ကို ဆိုသည်။

(ဎ) **ဒါရိုက်တာအဖွဲ့ဝင်** ဆိုသည်မှာ ယင်းစကားရပ်နှင့် စပ်လျဉ်း၍ ဤဥပဒေတွင် သီးခြားဖော်ပြထားခြင်းမရှိပါက ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များကို ဆိုသည်။

(ဏ) **မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း** ဆိုသည်မှာ ဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းအဖြစ် ဖွဲ့စည်းခဲ့သော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို ဆိုသည်။

(တ) **အမှုဆောင်အရာရှိချုပ်** ဆိုသည်မှာ ကော်ပိုရေးရှင်း၏ အကြီးအမှူးကို ဆိုသည်။

**အခန်း (၂)**
**ရည်ရွယ်ချက်**

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအထောက်အကူပြုစေရေးအတွက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လုပ်ကိုင်နိုင်သော ကော်ပိုရေးရှင်းအဖြစ် ဖွဲ့စည်းဆောင်ရွက်နိုင်ရန်၊

(ခ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကိုစနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကော်ပိုရေးရှင်းနှင့် ဒါရိုက်တာအဖွဲ့တို့အား လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းနိုင်ရန်၊

(ဂ) ကော်ပိုရေးရှင်း၏ လုပ်ငန်းနှင့် ငွေကြေးသုံးစွဲမှုစနစ်ကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လွတ်လပ်စွာဆောင်ရွက်နိုင်ရန်၊

(ဃ) ကော်ပိုရေးရှင်း၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းအပြင် ယင်းလုပ်ငန်းနှင့်ဆက်စပ်သည့် အခြားစီးပွားရေးလုပ်ငန်းများတွင်လည်း တည်ဆဲဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံ၍ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်၊

(င) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(စ) ကော်ပိုရေးရှင်းက နောင်တွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုပါဝင်သည့် အများနှင့်သက်ဆိုင်သော အဖွဲ့အစည်းကိုလည်းကောင်း၊ အများနှင့်မသက်ဆိုင်သော အဖွဲ့အစည်းကို လည်းကောင်း တည်ထောင်လုပ်ကိုင်နိုင်ရန်၊

(ဆ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်းကောင်း၊ နှစ်နိုင်ငံသဘောတူညီချက်အရ စာချုပ်ဝင်နိုင်ငံများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်နိုင်ရန်။

**အခန်း (၃)**
**မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဖွဲ့စည်းခြင်း**

၅။ (က) မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းကို ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုထားသည့် ဖွဲ့စည်းပုံအတိုင်း ကနဦးတည်ထောင်ထားရှိရမည်။

(ခ) ကော်ပိုရေးရှင်းသည် ဤဥပဒေအရသတ်မှတ်သည့် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကော်ပိုရေးရှင်းဖွဲ့စည်းပုံနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။

၆။ ကော်ပိုရေးရှင်းသည် -

(က) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဆောင်ရွက်ရန် လုပ်ပိုင်ခွင့်များကို ဤဥပဒေအရ အပ်နှင်းခြင်းခံရသော အဖွဲ့အစည်းဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

»» စာမျက်နှာ ၈ မှ

စိတ်ကြွဆေးပြား(၁၈၄၀)ပြား၊ ဘိန်းဖြူ(၁၀)ဂရမ်၊ နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးသွားကားလမ်း မိုင်တိုင်(၈၀/၄)၌ သတင်းအရ Mark-II ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၉၀၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ၎င်းလမ်းပေါ်၌ပင် သတင်းအရ ဆိုင်ကယ်(၂)စီးအားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၃)ဦး၊ ပေါင်း(၅)ဦးတို့ထံမှ ဘိန်းဖြူ(၃၉၆၀)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ အိုရီယမ်တယ်တိုးဂိတ်ရှောင်ကွင်းလမ်းပေါ်၌ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀၀)ပြား၊ ပင်ဖုရားကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၀၂၀)ပြား၊ မုံးစီးမြို့နယ်၊ ကျူကျိုင်းကျေးရွာအနီးတစ်ဝိုက် နယ်မြေစိုးမိုးရေးဆောင်ရွက်စဉ် ပိုင်ရှင်စိစစ်ဆဲတောင်ယာတဲအတွင်းရှိ ထင်းပုံအောက်၌ ဝှက်သိမ်းထားသည့် စိတ်ကြွဆေးပြား(၅၄၀၉)ပြား၊ ကျိုင်းတုံမြို့နယ်၊ ဝမ်ပုံ(အာခါ)ကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ မိုင်းဖြတ်မြို့နယ်၊ ယမ်းခမ်းကျေးရွာအနီး ကျိုင်းတုံ-တာချီလိတ်သွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ICE(၈၅၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မိုင်းယောင်းမြို့နယ်၊ ဝမ်ဖကျေးရွာတံတား၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၉၈၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊တာချီလိတ်မြို့နယ်၊ လွယ်စီတုံ(အောက်) ကျေးရွာ၊ တာချီလိတ်-မိုင်းဟဲသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ တုံတော်ကျေးရွာ၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၂၇၁)ပြား၊ ဘိန်းဖြူ(၂.၄)ဂရမ်၊ ကလေးမြို့နယ်၊ ကံလုကျေးရွာအနီး တမူး-ကလေးသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်(၂)စီးအား စစ်ဆေးရန်ရပ်တန့်စဉ် အမျိုးသား(၁)ဦးမှာ ဆိုင်ကယ်အားထားကာ ထွက်ပြေးတိမ်းရှောင်သွားပြီး ကျန်ဆိုင်ကယ်(၁)စီးနှင့်အတူ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၂၄၂၀)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ ဟုမ္မလင်းမြို့နယ်၊ ခိုပဲဝရပ်ကွက်၊ ဟုမ္မလင်း-နောင်ပိုအောင်သွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ(၁၅၂)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ နတ်ကြီးစင်ကျေးရွာ ကူးတို့ဆိပ်၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၉၅)ပြား၊ ICE(၉)ဂရမ်၊ ကျွန်းစုမြို့နယ်၊ မဲတောကျေးရွာအရှေ့ဘက် ဘပိန်ချောင်းအတွင်း၌ သတင်းအရ စက်လှေ(၂)စင်းအား စစ်ဆေးရန် ကမ်းကပ်ခိုင်းစဉ် စက်လှေမောင်းသူများ ခုန်ချထွက်ပြေးတိမ်းရှောင်သွားပြီး စက်လှေ(၂)စင်းပေါ်မှ ဘိန်းစာမှုန့်(၅၀၀၀)ဂရမ်၊ စက်လှေ(၂)စင်း၊ ၎င်းချောင်းတစ်လျှောက် ဆက်လက်စစ်ဆေးရှာဖွေရာ ကမ်းဘေးတွင် မိုးကာစဖြင့် အုပ်ထားသော ဆာလာအိတ်များအတွင်းမှ ဘိန်းစာမှုန့်(၁၆၀၀၀၀)ဂရမ်၊ တာရပိုင်းကျေးရွာ၌ တရားခံ အမျိုးသား(၅)ဦးထံမှ စိတ်ကြွဆေးပြား(၄)ပြား၊ ICE(၉၅)ဂရမ်၊ ဘိန်းစာမှုန့်(၁၂၀၀)ဂရမ်၊ ပုလောမြို့နယ်၊ တောင်ယာကမ်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ ICE(၅)ဂရမ်၊ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ မြို့ချောင်းကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၆၅)ပြား၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့ဆူးကုန်းရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်(၂)စီးအား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်း(၂၅၉၀၀)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၌ သတင်းအရ လမ်းပေါ်တွင် ရပ်တန့်ထားသော Honda Fit ယာဉ်အား စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ICE(၂၃၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ကွင်းဆက်အရ သုဝဏ္ဏ (၂၃)ရပ်ကွက်၊ ဂန္ဓမာလမ်းပေါ်၌ Succeed ယာဉ်အားစိစစ်ရာ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၂)ဦး၊ ပေါင်း(၄)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၃၄၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ဆက်လက်ကွင်းဆက် ဖော်ထုတ်ချက်အရ ၎င်းရပ်ကွက်ရှိ တရားခံ၏နေအိမ်မှ စိတ်ကြွဆေးပြား(၁၃၇၅၀)ပြား၊ ဘိန်းဖြူ(၅၀)ဂရမ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့ ပခန်းရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက်(၂၈.၀၆)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ရွှေကူရပ်ကွက်ရှိ တရားခံ၏နေအိမ်မှ ဆေးခြောက်(၆၃.၂၇)ဂရမ်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဂျုံးဂျုံးကျကျေးရွာ၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၆၀၀)ပြားအား လည်းကောင်း၊ လက်နက်၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်(၂)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ ဝမ်ဆောက်ခုံကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၈၀၀)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၁၀၀)ဂရမ်၊ တစ်လုံးထိုးပြောင်းချော သေနတ်အတို(၁)လက်၊ ၁၂ ဗို့ကျည်(၂)တောင့်၊ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှု(ဈ) ရပ်ကွက်၊ (၆၂)လမ်းနှင့် မဂ္ဂရာလမ်းထောင့်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၃၀)ပြား၊ လက်ပစ်ဗုံး(၁)လုံးတို့အား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးရမိမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ် (၂၈-၇-၂၀၁၉ ရက်နေ့မှ ၃-၈-၂၀၁၉ ရက်နေ့အထိ) အတွင်း အမှုပေါင်း (၂၅၂)မှု၊ တရားခံ ကျား(၃၂၂)ဦး၊ မ(၄၇)ဦး၊ ပေါင်း(၃၆၉)ဦး၊ စိတ်ကြွဆေးပြား(၅၅၉၅၇၇)ပြား၊ ဘိန်းဖြူ(၇၄၆၇.၀၂၂)ဂရမ်၊ ICE(၂၁၉၄.၆)ဂရမ်၊ ဘိန်း(၃၈၀၈၁.၃၃)ဂရမ်၊ ဘိန်းစာမှုန့်(၁၆၆၂၃၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၁၀၀)ဂရမ်၊ ဆေးခြောက်(၆၁၂၅.၃၃)ဂရမ်၊ တစ်လုံးထိုးပြောင်းချောသေနတ် အတို(၁)လက်၊ ၁၂ ဗို့ကျည် (၂)တောင့်၊ လက်ပစ်ဗုံး (၁)လုံးတို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့်မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**
**အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၅၉၀၂၀၀**
**ဖက်စ်ဖုန်းနံပါတ်- ၀၆၇-၅၉၀၂၃၃**
**အီးမေးလ်လိပ်စာ- antinarcotics@presidentoffice.gov.mm**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ) မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၅**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူသည် ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်(ငြိမ်းချမ်းရေးကောင်စီ)မှ စောနေစိုးမြနှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံ၍ တပ်ဖွဲ့ဝင်များ၏ စားဝတ်နေရေး၊ လူမှုရေးနှင့် ပညာရေးဖြည့်ဆည်းပေးနိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ အကူအညီများ ဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးကြသည်။

**သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ကူညီဆောင်ရွက်**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုး၍ နိုင်ငံတော်၏ ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်(ငြိမ်းချမ်းရေးကောင်စီ)မှ ငြိမ်းချမ်းရေး တပ်ဖွဲ့ဝင် မိသားစုများ၏ ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဥပဒေလုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတကာနှင့်ဒေသတွင်း အဖွဲ့အစည်းများ၏ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**ရေယာဉ်သုံးစင်း အသစ်တည်ဆောက်ခွင့်ပြု**

အဆိုပါ တပ်ဖွဲ့ဝင်မိသားစုများ၏ စားဝတ်နေရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် တည်ဆဲမြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေနှင့်အညီ တရွတ်ဆွဲသံခွံငါးဖမ်းရေယာဉ် သုံးစင်းအသစ်တည်ဆောက်ခွင့်ပြုပေးခဲ့ပြီး ကော့ကရိတ်မြို့နယ်ရှိ ဝိဇ္ဇာကုန်းကျေးရွာနှင့် ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ကြိမ်ချောင်းကျေးရွာတို့၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ကျေးရွာတစ်ရွာလျှင် ငွေကျပ်သန်း ၃၀ နှုန်းဖြင့် မြစိမ်းရောင်(အသားကဏ္ဍ)ကျေးရွာ ထူထောင်ခြင်း၊ နွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရန် မေထုန်မဲ့သားစပ်လုပ်ငန်းအတွက် နို့စားနွားအေးခဲမျိုးရေခဲချောင်း ၁၃၅ ချောင်း၊ အသားစားနွားအေးခဲမျိုးရေခဲချောင်း ၁၀ ချောင်းနှင့် ခိုင်းနွား အေးခဲမျိုးရေခဲချောင်း ၁၃၅ ချောင်းတို့ကို ဖြန့်ဖြူးပေးခဲ့သည်။

**ထောက်ပံ့ရန်ပုံငွေကျပ်သန်း ၅၀၀ ခွင့်ပြု**

၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်တွင် ငြိမ်းချမ်းရေးအရ ပြန်လည်ဝင်ရောက်လာကြမည့် အိမ်ထောင်စုများအတွက် မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ကရင်ပြည်နယ်အစိုးရက ထောက်ပံ့ရန်ပုံငွေကျပ်သန်း ၅၀၀ ခွင့်ပြုထားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ နည်းပညာအကူအညီများနှင့်ငါးသားပေါက်များ ဖြန့်ဖြူးကူညီပေးသွားမည်ဖြစ်ကြောင်းနှင့် မြေယာအသုံးချခြင်း ဆိုင်ရာအတွက် တည်ဆဲဥပဒေများနှင့်အညီ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တွင် ဖြန့်ဖြူးပေးဝေလျက်ရှိသည့် သောက်သုံးရေနှင့်ပတ်သက်ပြီး ရေမီတာခနှုန်းထားများ တိုးမြှင့်ကောက်ခံရန် အစီအစဉ်မရှိ



**ရန်ကုန် ဩဂုတ် ၅**
လျှပ်စစ်မီတာခနှုန်းထားများ တိုးမြှင့်ခဲ့သော်လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ရန်ကုန်မြို့တွင် ဖြန့်ဖြူးပေးဝေလျက်ရှိသည့် သောက်သုံးရေနှင့်ပတ်သက်ပြီး ရေမီတာခကျသင့်ငွေနှုန်းထားများ တိုးမြှင့်ကောက်ခံရန် အစီအစဉ်မရှိသေးကြောင်း ရေနှင့်သန့်ရှင်းမှုဌာန ခေတ္တဌာနမှူး ဦးမြင့်ဇော်သန်းက ပြောသည်။

**သတင်းစာရှင်းလင်းပွဲပြုလုပ်**

ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတွင် ရေမီတာခနှုန်းထားများ တိုးမြှင့်ကောက်ခံရန် အစီအစဉ် ရှိ၊ မရှိ သတင်းမီဒီယာများ၏ မေးမြန်းမှုနှင့်စပ်လျဉ်းပြီး ရေနှင့် သန့်ရှင်းမှုဌာန ခေတ္တဌာနမှူး ဦးမြင့်ဇော်သန်းက ယင်းကဲ့သို့ ပြောကြားခြင်း ဖြစ်သည်။

ဆက်လက်၍ ၎င်းက “လက်ရှိအချိန်မှာ ရေဖိုးရေခတွေကို တိုးမြှင့်ကောက်ခံဖို့ အစီအစဉ်မရှိသေးပါဘူး။ ရေမီတာနဲ့ပတ်သက်ပြီး စနစ်တကျသုံးစွဲကြဖို့ တိုက်တွန်းနိုးဆော်ထားပါတယ်။ များသောအားဖြင့် ရေမီတာမတပ်ဘဲ သုံးစွဲခဲ့ကြတယ်။ ရေမီတာကို ပုံသေနှုန်း နဲ့ ကောက်ခံတာရှိပါတယ်။ ရေအလေအလွင့်ကို ထိန်းသိမ်းဖို့ ရေမီတာတွေ တပ်ဆင်ပြီးသုံးစွဲဖို့ စည်းရုံးရေးနည်းလမ်းနဲ့ သုံးစွဲသူတွေကို စည်းရုံးနေပါတယ်” ဟု ပြောသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ ရန်ကုန်မြို့တွင် ဖြန့်ဖြူးပေးဝေလျက်ရှိသည့် သောက်သုံးရေနှင့်ပတ်သက်ပြီး ရေမီတာခကျသင့်ငွေနှုန်းထားများကို လက်ရှိအချိန်တွင် အိမ်သုံး တစ်ယူနစ် ၈၈ ကျပ်၊ စီးပွားရေးသုံး တစ်ယူနစ် ၁၈၈ ကျပ် ကောက်ခံလျက်ရှိကြောင်း ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုးက အမှာစကားပြောကြားပြီး တက်ရောက်လာသည့် သတင်းမီဒီယာများက မိုးပျံ့ရထားလမ်းဆောင်ရွက်မှု၊ ကမ်းနားလမ်းညဈေး အဆင့်မြှင့်တင်နေမှု၊ ဈေးများအဆင့်မြှင့်တင်နေမှု၊ အများသုံး သန့်စင်ခန်းများ သန့်ရှင်းမှုရှိစေရန် ဆောင်ရွက်နေမှု၊ လမ်းဘေးခွေးလေခွေးလွင့်ကိစ္စဆောင်ရွက်နေမှု၊ လမ်းဘေးဈေးသည်များအား အရေးယူဆောင်ရွက်နေမှုနှင့် ရေမီတာခတိုးမြှင့်ကောက်ခံမှုရှိ၊ မရှိ အခြေအနေများနှင့် စပ်လျဉ်းပြီး သိရှိလိုသည်များကို မေးမြန်းရာ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

**သတင်းနှင့်ဓာတ်ပုံ-မင်းသစ်(MNA)**

# အင်းဝဘဏ်လီမိတက်၏ ဘဏ်ခွဲ (၆၁) ခုမြောက် ချမ်းမြသာစည်ဘဏ်ခွဲ ဖွင့်လှစ်



**မန္တလေး ဩဂုတ် ၅**
အင်းဝဘဏ်လီမိတက် ချမ်းမြသာစည်ဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဘဏ်ခွဲ ပရဝဏ်၌ ကျင်းပသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ရှေးဦးစွာ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာနှင့် တာဝန်ရှိသူများက အခမ်းအနားကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာလင်းက အင်းဝဘဏ်လီမိတက် ချမ်းမြသာစည်ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များနှင့်အတူ ဘဏ်အတွင်းလှည့်လည်ကြည့်ရှုသည်။

ယနေ့ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက် ချမ်းမြသာစည်ဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ (၆၁) ခုမြောက် ဘဏ်ခွဲဖြစ်ပြီး ၇၃ လမ်းနှင့် သဇင်လမ်းထောင့် ချမ်းမြသာစည်မြို့နယ်တွင် ဖွင့်လှစ်ထားရှိသည်။

အင်းဝဘဏ်လီမိတက်အနေဖြင့် ပြည်တွင်းငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်းကိုးရာခိုင်နှုန်းနှင့်စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့် အချိန်ကာလအပိုင်းအခြားအလိုက် မူတည်၍ ၁၀ ရာခိုင်နှုန်းအထိ အတိုးနှုန်းများပေးအပ်လျက်ရှိသည်။ စီးပွားရေးလုပ်ငန်းမတည်ရင်းနှီးလုပ်ကိုင်လိုသူများအတွက် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်မဲခရိုင်၌ လူဦးရေစာရင်း ကောက်ယူမှုလုပ်ငန်း ၅၀ ရာခိုင်နှုန်းခန့်ပြီးစီး

**သီပေါ ဩဂုတ် ၅**
၂၀၂၀ပြည့်နှစ်အထွေထွေရွေးကောက်ပွဲအတွက်လူဦးရေစာရင်းနှင့်အချက်အလက်များကောက်ယူရေးလုပ်ငန်းဆိုင်ရာအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ခရိုင်နှင့်မြို့နယ်လူဦးရေကောက်ယူရေးလုပ်ငန်းအဖွဲ့ဝင်များက မိမိတို့ဆောင်ရွက်ထားရှိသည့် လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ ကျောက်မဲခရိုင်ရွေးကောက်ပွဲအရာရှိ ဦးကျော်ကျော်က လူဦးရေစာရင်းကောက်ယူခြင်း၊ မဲဆန္ဒရှင်စာရင်းကောက်ယူခြင်းနှင့်စာရင်းများကို စဉ်ဆက်မပြတ်ဖြည့်စွက်ခြင်းလုပ်ငန်း အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြို့နယ်၊ ခရိုင်လူဦးရေကောက်ယူရေးအဖွဲ့များက မြေပြင်ကွင်းဆင်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများကိုတင်ပြရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်နှင့်တာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်ပေးသည်။ လက်ရှိတွင် ကျောက်မဲခရိုင် လူဦးရေစာရင်းကောက်ယူမှုလုပ်ငန်းမှာ ၅၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

# ညဈေးကို ကမ်းနားလမ်းတွင် ယခုနှစ်အတွင်း ဖွင့်လှစ်မည်

**ရန်ကုန် ဩဂုတ် ၅**

ညဈေးကို ကမ်းနားလမ်းတွင် ယခုနှစ်အတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောသည်။

**အကောင်အထည်ဖော်မည်**

ဩဂုတ် ၅ ရက်က ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လုပ်ဆောင်ချက်များနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲ၌ မီဒီယာများ၏မေးမြန်းမှုကို ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက "ညဈေးဘယ်တော့လဲဆိုတော့ ဒီနှစ်မှာပြီးအောင်တော့ ကျွန်တော်တို့ အကောင်အထည်ဖော်ပါ့မယ်။ ရှေ့လထဲမှာ စပြီးတော့ လုပ်တော့မယ်" ဟု ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါ ညဈေးကို ရွှေတိဂုံဘုရားလမ်းနှင့် ပန်းဆိုးတန်းလမ်းကြားရှိ ကမ်းနားလမ်းဇရိယာပေါ်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကာ PPP စနစ်ဖြင့် A25 ကုမ္ပဏီက ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ညဈေးကို ငွေကြေးထက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

**အလုပ်ကိုပဲ အဓိကထား**

"ညဈေးကို ဖွံ့ဖြိုးဖို့အတွက် ပွင့်ပွင့်လင်းလင်းပြောတာ၊ ငွေကအဓိကမဟုတ်ဘူး။ ဖွံ့ဖြိုးတိုးတက်မှုက အဓိက။ ဖွံ့ဖြိုးတိုးတက်ပြီး အရောင်းအဝယ်စည်ကားလာရင် ငွေဆိုတာ အလိုအလျောက် နောက်ကလိုက်လိမ့်မယ်။ ငွေနောက်လိုက်နေရင် အလုပ်ဘယ်တော့မှမဖြစ်ဘူး။ အလုပ်နောက်လိုက်မှ ငွေကနောက်ကလိုက်မှာဆိုတဲ့အတွက်ကြောင့် ကျွန်တော် အလုပ်ကိုပဲ အဓိကထားတယ်" ဟု ဦးမောင်မောင်စိုးက ပြောသည်။

**အလုပ်အကိုင်များ ရရှိမည်**

အဆိုပါ ညဈေးမှာ မြို့ကြီးများတွင်ရှိကြပြီး ရန်ကုန်တွင်ပြုလုပ်မည့် ညဈေးမှတစ်ဆင့် အလုပ်အကိုင်များလည်း ရရှိမည်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

ထို့ပြင် ညဈေးသို့ လာရောက်သူများအတွက် အပန်းဖြေမည့်နေရာများကိုပါ ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးက ပြောသည်။

**ကားပါကင်နေရာတွေလည်းရှိ**

"အဲဒီမှာ ဈေးသည်အဟောင်းတွေ ပြန်ချပေးဖို့ရှိပါတယ်။ ကားပါကင်နေရာတွေလည်း ရှိပါတယ်။ နောက်ပြီးတော့ တချို့ပိုပြီးတော့ကောင်းတဲ့ဆိုင်တွေအတွက် ကွန်တိန်နာနေရာတွေရှိပါတယ်။ လက်ရှိရောင်းချနေတဲ့ ဈေးသည် ၇၀ ကျော်ရောင်းချပေးတဲ့နေရာဆိုပြီး လေးပိုင်းပါဝင်တဲ့ အပြင်မှာ လာတဲ့သူတွေအတွက်ကို ဖျော်ဖြေပေးနိုင်မယ့် အပန်းဖြေမယ့်နေရာလေးတွေ ပါဝင်မှာဖြစ်ပါတယ်" ဟု ဒေါ်လှိုင်မော်ဦးက ပြောသည်။

ထို့ပြင် ရောင်းချမည့် ဈေးဆိုင်ခန်းဈေးနှုန်းများမှာ အမျိုးမျိုးရှိပြီး ဆိုင်ခန်းများပြင်ဆင်ပြီးပါက ဈေးသည်များကို နေရာပြန်လည်ချထားပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ညဈေးဖွင့်လှစ်ရခြင်းမှာ ကမ်းနားလမ်း ညဈေးတန်းကို ပြန်လည်အဆင့်မြှင့်တင်သည့် အစီအစဉ်ဖြစ်ပြီး ငွေကျပ်နှစ်ဘီလီယံကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

❒




# Line Walker 2 အက်ရှင်ဇာတ်ကား လာမည့် သီတင်းပတ်အတွင်း မြန်မာနိုင်ငံတွင် ရုံတင်ပြသမည်

**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်မြို့၏ အဓိကနေရာများတွင် လာရောက်ရိုက်ကူးသွားသည့် ဟောင်ကောင်ရုပ်ရှင် Line Walker 2 အက်ရှင်ဇာတ်ကားကို ဩဂုတ် ၈ ရက်တွင် ရုံတင်မည်ဖြစ်ကြောင်း မင်္ဂလာရုပ်ရှင်ရုံမှ သိရသည်။

ယင်းရုပ်ရှင်ကို ရန်ကုန်မြို့ ဆူးလေလမ်းမပေါ်၊ မဟာဗန္ဓုလလမ်း(အလယ်)၊ ရွှေတိဂုံစေတီတော်၊ တိုင်းရင်းသားကျေးရွာတို့တွင် ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း လာရောက်ရိုက်ကူးခြင်းဖြစ်ကာ ခြောက်လအကြာတွင် မြန်မာနိုင်ငံတွင် ပြသမည်ဖြစ်သည်။

"နိုင်ငံတကာ အကြမ်းဖက်သမားအဖွဲ့အစည်းတစ်ခုနဲ့ ရင်ဆိုင်နေရတဲ့ ရဲမှူး Yip နဲ့ စုံထောက် Ching တို့ဟာ Yiu ဆိုတဲ့ hacker တစ်ယောက်ကို ဖမ်းမိရာကနေ ရဲဝန်ထမ်းနှစ်ယောက်ကို သူလျှိုတွေအဖြစ် သံသယဖြစ်စရာတွေ ဖြစ်လာပါတယ်။ သဲလွန်စတွေနောက်လိုက်ရင်း မြန်မာနဲ့စပိန်ကိုရောက်နေတဲ့ ရဲစုံထောက် သုံးယောက်ထံကို ရောက်လာပြီး စုံစမ်းရှာဖွေမှုကနေ ဘယ်သူကလူဆိုး ဘယ်သူကလူကောင်းဆိုတာ ဝေဝေဝါးဝါးဖြစ်လာရတဲ့အခါ" ဟု မင်္ဂလာရုပ်ရှင်ရုံ၏ လူမှုကွန်ရက်စာမျက်နှာတွင် ကြော်ငြာထားသည်။

Line Walker 2 ရုပ်ရှင်ဇာတ်ကားသည် ဟောင်ကောင်မှ ဂျာနယ်လစ်တစ်ဦးက မြန်မာနိုင်ငံတွင် လူကုန်ကူးမှုသတင်းကို ဖော်ထုတ်နေစဉ် ဖမ်းဆီးခံရမှုကို ဟောင်ကောင်ရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပူးပေါင်းကာ ဂျာနယ်လစ်ကိုကယ်တင်ပြီး လူဆိုးဂိုဏ်းကိုဖြိုခွင်းသည့်ဇာတ်လမ်းဖြစ်ကြောင်း သိရသည်။

Line Walker 2 ရုပ်ရှင်ဇာတ်ကားကို ဟောင်ကောင်မြို့ Shaw Brothers Picture International ကုမ္ပဏီက ရိုက်ကူးခြင်းဖြစ်သည်။

**TCM**

»»» ကျောဖုံးမှ

ယနေ့ပွဲစဉ်များအဖြစ် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ သီရိလင်္ကာအသင်းနှင့် ဟောင်ကောင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ (၂၅-၁၇)မှတ်၊ (၂၅-၂၂)မှတ်၊ (၂၅-၂၂)မှတ်ဖြင့်လည်းကောင်း၊ ဩစတြေးလျအသင်းနှင့် မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ (၂၄-၂၆)မှတ်၊ (၂၃-၂၅)မှတ်၊ (၂၅-၁၇)မှတ်၊ (၂၇-၂၅)မှတ်၊ (၁၅-၁၀) မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။



ဆက်လက်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ တရုတ်အသင်းနှင့် နယူးဇီလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ (၂၅-၁၃)မှတ်၊ (၂၅-၁၁)မှတ်၊ (၂၅-၁၀) မှတ်ဖြင့် လည်းကောင်း၊ ပါကစ္စတန်အသင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ (၂၀-၂၅)မှတ်၊ (၂၅-၁၈) မှတ်၊ (၂၅-၁၈)မှတ်၊ (၂၅-၁၇)မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ယင်းနောက် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ထိုင်းအသင်းနှင့် အိန္ဒိယအသင်း၊ ကာတာအသင်းနှင့် ဘာရိန်းအသင်း၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ဂျပန်အသင်းနှင့် ဗီယက်နမ်အသင်း၊ ကာဇက်စတန်အသင်းနှင့် ဆော်ဒီအာရေဗျအသင်းတို့ဆက်လက်ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။

အဆိုပါ SMM 3rd Asian "Asia World Foundation " Men's U-23 Volleyball Championship ပြိုင်ပွဲကို ဩဂုတ် ၁၁ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)နှင့် (C)တို့၌ နေ့စဉ်နံနက် ၁၁ နာရီမှစတင်၍ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ ဘော်လီဘောအားကစားကို စိတ်ပါဝင်စားသူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပထမအကြိမ် တက္ကသိုလ်ပေါင်းစုံ ဂျူဒိုပြိုင်ပွဲ ကျင်းပ



**ရန်ကုန် ဩဂုတ် ၅**

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်နှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဂျူဒိုပြိုင်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အောင်ဆန်းအားကစားကွင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် အမှုဆောင်များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံမှ တာဝန်ရှိသူများ ပြိုင်ပွဲဝင်အားကစားမောင်မယ်များ တက်ရောက်ကြသည်။

**ပွဲစဉ်များအလိုက် ကျင်းပ**

အခမ်းအနားတွင် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအေးကြည်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပထမနေ့ပြိုင်ပွဲကို ပွဲစဉ်များအလိုက် ကျင်းပသည်။

**အားကစားမောင်မယ် ၁၂၀ ဝင်ရောက်ယှဉ်ပြိုင်**

တက္ကသိုလ်၊ ဒီဂရီကောလိပ် ပေါင်းစုံပြိုင်ပွဲကို မကျင်းပဖြစ်သည်မှာ အနှစ် ၃၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ယခုပြိုင်ပွဲသည် ပထမအကြိမ်ဖြစ်ပြီး ပြိုင်ပွဲသို့ ဒဂုံတက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ တောင်ကြီးတက္ကသိုလ်၊ သန်လျင်တက္ကသိုလ်၊ ဆေးတက္ကသိုလ်(၂)နှင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တို့မှ ဂျူဒို အားကစားမောင်မယ် ၁၂၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး စက်တင်ဘာ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စောသိန်းဝင်း**

❖ **မြန်မာ့လက်ရွေးစင်အသင်းမှ**

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ရာဒူလိုဗစ်အတွက် ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ ပထမဆုံးနိုင်ငံတကာပြိုင်ပွဲဖြစ်လာမည်ဖြစ်ပြီး ဇွန် ၁၁ ရက်တွင် စင်ကာပူလက်ရွေးစင်အသင်းနှင့် အဝေးကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် အမျိုးသားအသင်း၏ နိုင်ငံတကာခြေစမ်းပွဲများ၊ ၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုပွဲအချို့ကို မန္တလာသီရိကွင်း၌ ကျင်းပဖူးသော်လည်း ကမ္ဘာ့ဖလားခြေစစ်ပွဲကိုမူ ပထမဆုံးကျင်းပခြင်းဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ပထမအဆင့်နှင့် ဒုတိယအဆင့်ခြေစစ်ပွဲကို တစ်ပေါင်းတည်းကျင်းပလျက်ရှိပြီး တတိယအဆင့်ခြေစစ်ပွဲမှသာ သီးခြားစီကျင်းပမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-စိုးညွန့်**

## အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့မှ နောက်ဆုံး ဖမ်းဆီးသည့် ရေနံတင်သင်္ဘောမှာ အီရတ်ရေယာဉ်ဟုဆို

**တီဟီရန် ဩဂုတ် ၅**

အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့မှ ဇူလိုင် ၃၀ ရက်က ဖမ်းဆီးခဲ့သည့် ရေနံတင်သင်္ဘောသည် အီရတ်နိုင်ငံမှ ဖြစ်ကြောင်း၊ ၎င်းရေနံတင်သင်္ဘောသည် လောင်စာဆီများ မှောင်ခိုသယ်ယူမှုပြုရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း အီရန်အစိုးရပိုင် ရုပ်သံလွှင့်ဌာနမှ ပြောကြားသည်။

အီရန်အစိုးရပိုင်ရုပ်သံလွှင့်ဌာနမှ ဩဂုတ် ၄ ရက်တွင် ယင်းရေနံတင်သင်္ဘော၏ရုပ်ပုံများကို ထုတ်လွှင့်ပြသခဲ့သည်။ ၎င်းထုတ်လွှင့်မှု၌ ရေနံတင်သင်္ဘော၏အတွင်းပိုင်း မြင်ကွင်းများကို ပြသခဲ့ပြီး ရေနံတင်သင်္ဘော၏အနီးဝန်းကျင်၌ အီရန်ကင်းလှည့်ရေယာဉ်များ ရှိနေပုံများကိုလည်း မြင်တွေ့ရသည်။

၎င်းရေနံတင်သင်္ဘောပေါ်တွင် လိုက်ပါလာသည့် နိုင်ငံသားချင်း မတူညီသည့် သင်္ဘောသား ခုနစ်ဦးကို အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ထိန်းသိမ်းထားသည်။ အီရန်နိုင်ငံတောင်ပိုင်းရှိ ပင်လယ်ဆိပ်ကမ်းတစ်ခုဆီသို့ အဆိုပါရေနံတင်သင်္ဘောကို ဆွဲယူသွားခဲ့ခြင်းဖြစ်သည်။

၎င်းရေနံတင်သင်္ဘောကို ဖမ်းဆီးခဲ့ခြင်းမှာ လောင်စာဆီမှောင်ခိုလုပ်မှုများအား ဖြိုခွင်းသည့် တရားဝင်စစ်ဆင်ရေးလုပ်ဆောင်မှုဖြစ်ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ပြောကြားသည်။

ဖမ်းဆီးရမိသည့် သင်္ဘောမှာ အီရတ်နိုင်ငံမှ ဖြစ်ကြောင်း ၎င်းတပ်ဖွဲ့က ပြောကြားသော်လည်း အီရတ်နိုင်ငံကမူ ယင်းစွပ်စွဲပြောဆိုမှုကို ငြင်းဆိုခဲ့သည်။

ယင်းရေနံတင်သင်္ဘောမှာ မကြာသေးမီရက်သတ္တပတ်များအတွင်း၌ အီရန်က ဖမ်းဆီးခဲ့သော တတိယမြောက် ရေနံတင်သင်္ဘောဖြစ်သည်။

လွန်ခဲ့သည့်လအတွင်းက ပနားမားနိုင်ငံအလံလွှင့်ထူထားသည့် ရေနံတင်သင်္ဘောတစ်စင်းကို တရားမဝင် လောင်စာဆီတင်ပို့သည်ဟု သံသယရှိမှုဖြင့် အီရန်က ဖမ်းဆီးခဲ့သည်။ ထို့အတူ ဗြိတိန်နိုင်ငံပိုင် ရေနံတင်သင်္ဘောတစ်စင်းကိုလည်း အပြည်ပြည်ဆိုင်ရာ ရေကြောင်းသွားလာမှုစည်းမျဉ်းများကို ချိုးဖောက်သည်ဟု ဆိုကာ အီရန်က ဖမ်းဆီးထားခဲ့သည်။




အမေရိကန်ပြည်ထောင်စုက အီရန်နိုင်ငံ၏ ရေနံနှင့် ရေနံထွက်ပစ္စည်းများ တင်ပို့မှုအားလုံးအပေါ် အလုံးစုံပိတ်ပင်မှုများပြုလုပ်ရန် ဖိအားပေးမှုများ တိုးမြှင့်လုပ်ဆောင်ခဲ့ပြီးနောက်တွင် အီရန်က ပါရှန်ပင်လယ်ကွေ့တွင် စစ်ရေးလှုပ်ရှားမှုများ တိုးမြှင့်လုပ်ဆောင်လာခဲ့သည်။ ပါရှန်ပင်လယ်ကွေ့သည် စွမ်းအင်သယ်ယူပို့ဆောင်ရေးအတွက် အရေးပါသည့် ပင်မလမ်းကြောင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



## အီဂျစ်နှင့် ပြင်သစ်သမ္မတတို့ လစ်ဗျားအရေးနှင့် စပ်လျဉ်း၍ ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး

**ကိုင်ရို ဩဂုတ် ၅**

အီဂျစ်သမ္မတ အက်ဘ်ဒယ် ဖာတ အယ်လ်စီစီနှင့် ပြင်သစ်သမ္မတ အီမန်နျူအယ်လ် မက်ခရွန်တို့သည် ဒေသဆိုင်ရာကိစ္စရပ်များ၊ အထူးသဖြင့် လစ်ဗျားနိုင်ငံရေး အခြေအနေနှင့် စပ်လျဉ်း၍ ဇူလိုင် ၄ ရက်က တယ်လီဖုန်းဖြင့်ဆက်သွယ်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးစဉ် အီဂျစ်သမ္မတ အယ်လ်စီစီက လစ်ဗျားနိုင်ငံအတွင်း စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုရရှိရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အီဂျစ်အစိုးရ၏ ထောက်ခံအားပေးမှုကို အလေးထား ပြောကြားခဲ့ကြောင်း သိရသည်။

ထို့အပြင် အီဂျစ်သမ္မတ အယ်လ်စီစီက လစ်ဗျားပြည်တွင်းရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်ပနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှု အားလုံးကို အီဂျစ်နိုင်ငံအနေဖြင့် လက်သင့်မခံကြောင်း ထည့်သွင်းပြောကြားလိုက်သည်။

တစ်ဆက်တည်းမှာပင် ပြင်သစ်သမ္မတ မက်ခရွန်က လစ်ဗျားနိုင်ငံအတွင်း လက်ရှိဖြစ်ပွားနေသော ပြဿနာရပ်များအား ကိုင်တွယ်ဖြေရှင်းရေးအတွက် လိုအပ်ပုံကို အလေးထားပြောကြားလိုက်သည်။

ထို့အပြင် နှစ်နိုင်ငံခေါင်းဆောင်များသည် လစ်ဗျားနိုင်ငံအတွင်း စစ်ပြေငြိမ်းမှုရရှိရေးနှင့် လစ်ဗျားနိုင်ငံ၏ ဒေသဆိုင်ရာနှင့် နိုင်ငံတကာဆိုင်ရာ အခန်းကဏ္ဍများအား ပြန်လည်ထိန်းသိမ်းနိုင်ရေးအတွက် နှစ်နိုင်ငံ ပူးတွဲကြိုးပမ်းမှုများကို အရှိန်မြှင့်လုပ်ဆောင်ရန်လည်း သဘောတူခဲ့ကြသည်။

လစ်ဗျားနိုင်ငံသည် ခေါင်းဆောင်ဟောင်း မွမ်မာကဒါဖီ ကျဆုံးခဲ့ချိန်ဖြစ်သည့် ၂၀၁၁ ခုနှစ်ကတည်းက ပဋိပက္ခနွံထဲ နစ်မြုပ်ခဲ့သည်။

နှစ်နိုင်ငံ ခေါင်းဆောင်တို့ ဆက်သွယ်ဆွေးနွေးစဉ် အီဂျစ်နှင့် ပြင်သစ်နိုင်ငံတို့အကြား မဟာဗျူဟာဆက်ဆံရေးနှင့်ပတ်သက်သည့် ကိစ္စအမြောက်အမြားကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဆင်ဟွာ**

## အိန္ဒိယ၏ လစူးစမ်းလေ့လာရေးယာဉ်မှ ကမ္ဘာမြေဓာတ်ပုံများ စတင်ပေးပို့

**နယူးဒေလီ ဩဂုတ် ၅**

အိန္ဒိယနိုင်ငံမှ ဇူလိုင် ၂၂ ရက်တွင် လွှတ်တင်ခဲ့သည့် ဒုတိယမြောက် လစူးစမ်းလေ့လာရေးယာဉ် ချန်ဒရာယန်း-၂ မှ ပထမဆုံးအကြိမ်ပေးပို့ခဲ့သည့် ကမ္ဘာမြေဓာတ်ပုံများကို အိန္ဒိယအာကာသသုတေသနအဖွဲ့(အိုင်အက်စ်အာရ်အို) က ဩဂုတ် ၄ ရက်တွင် ၎င်း၏ တွစ်တာစာမျက်နှာ၌ ဖော်ပြခဲ့သည်။

ချန်ဒရာယန်း-၂ လစူးစမ်းလေ့လာရေးယာဉ်မှ ရိုက်ကူးခဲ့သည့် ကမ္ဘာမြေဓာတ်ပုံ ငါးပုံကို အိုင်အက်စ်အာရ်အို၏ တွစ်တာစာမျက်နှာ၌ ဖော်ပြထားသည်။


အိန္ဒိယ လစူးစမ်းလေ့လာရေးယာဉ်သည် လတ်တလောတွင် ကမ္ဘာမြေအား ဝန်းပတ်ပျံသန်းမှု လေးကြိမ် ပြီးမြောက်ခဲ့ပြီး ငါးကြိမ်မြောက်နှင့် နောက်ဆုံးဝန်းပတ်ပျံသန်းမှုသည် ဩဂုတ် ၆ ရက်တွင် ပြီးဆုံးမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ချန်ဒရာယန်း-၂ ယာဉ်မှ လမျက်နှာပြင်ဆင်းယာဉ်နှင့် လမျက်နှာပြင်ပေါ်သွားစူးစမ်းလေ့လာရေးယာဉ်တို့သည် လကမ္ဘာ၏ တောင်ဝင်ရိုးစွန်းအနီး မျက်နှာပြင်ပေါ်သို့ စက်တင်ဘာလ အစောပိုင်းတွင် ဆင်းသက်နိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။

ယင်းလမျက်နှာပြင်ဆင်းယာဉ်နှင့် စူးစမ်းလေ့လာရေးယာဉ်တို့ ဆင်းသက်မှုအောင်မြင်ပါက အိန္ဒိယနိုင်ငံသည် အမေရိကန်ပြည်ထောင်စု၊ ရုရှားနှင့် တရုတ်နိုင်ငံတို့၏ နောက်တွင် လမျက်နှာပြင်ပေါ်သို့ စူးစမ်းလေ့လာရေးယာဉ် ဆင်းသက်နိုင်သည့် စတုတ္ထမြောက်နိုင်ငံဖြစ်လာမည် ဖြစ်သည်။

အမေရိကန်ဒေါ်လာ သန်း ၁၅၀ နီးပါးကုန်ကျသည့် အိန္ဒိယနိုင်ငံ၏ လမျက်နှာပြင် စူးစမ်းလေ့လာရေးလုပ်ငန်းတွင် လကမ္ဘာမျက်နှာပြင် မြေလွှာ၌ ရေ၊ သတ္တုများနှင့် ပတ်သက်သည့် အချက်အလက်များကို စုဆောင်းမည်ဖြစ်ပြီး လမျက်နှာပြင်၏ ကျောက်သားဖွဲ့စည်းမှုပုံစံများကိုလည်း ရယူမည်ဖြစ်သည်။

**ဆင်ဟွာ**



## ခမာနီအစိုးရအဖွဲ့မှ နံပါတ်(၂)ခေါင်းဆောင်ဟောင်း နူအွန်ချီယာ ကွယ်လွန်

**ဖနောင်ပင် ဩဂုတ် ၅**

ခမာနီခေါင်းဆောင်ဟောင်း ပိုပေါ့၏ အစိုးရအဖွဲ့မှ အသက် (၉၃) နှစ်အရွယ် နံပါတ် (၂)ခေါင်းဆောင်ဖြစ်သူ နူအွန်ချီယာသည် ကွယ်လွန်သွားပြီဖြစ်ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံသား ခမာနီတို့ အုပ်စိုးစဉ်အချိန်က ပြည်သူများအား အတင်းအကျပ်အလုပ်ခိုင်းစေမှုနှင့် လူမျိုးသုဉ်းသတ်ဖြတ်မှုများကြောင့် လူပေါင်း ၁ ဒသမ ၇ သန်းခန့် သေဆုံးခဲ့ရပြီး ယင်းအချိန်က ခမာနီအစိုးရအဖွဲ့တွင် နူအွန်ချီယာသည် နံပါတ်(၂)ခေါင်းဆောင်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ခမာနီအစိုးရ ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးနေသည့် အထူးတရားရုံးတစ်ရုံးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက နူအွန်ချီယာသည် ဖနောင်ပင်မြို့တော်ရှိ ဆေးရုံတစ်ရုံတွင် ဩဂုတ် ၄ ရက်၌ ကွယ်လွန်သွားခဲ့ကြောင်း ပြောကြားခဲ့သည်။

နူအွန်ချီယာအား ယမန်နှစ် နိုဝင်ဘာလအတွင်းက လူမျိုးသုဉ်းသတ်ဖြတ်မှုများအပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်ချမှတ်ခဲ့ပြီး ယင်းပြစ်ဒဏ်များအတွက် ယခုနှစ် ဇူလိုင်လအတွင်း အယူခံဝင်ခဲ့သည်။

နူအွန်ချီယာ ကွယ်လွန်သွားခြင်းကြောင့် ခမာနီအစိုးရအဖွဲ့မှ ရာထူးအကြီးမြင့်ဆုံး တာဝန်ရှိသူအဖြစ် သမ္မတဟောင်း ခီယူဆမ်ဖန်တစ်ဦးတည်းသာ သက်ရှိထင်ရှားကျန်ရှိတော့သည်။ ၎င်းသည်လည်း အထူးတရားရုံး၌ တရားရင်ဆိုင်နေရဆဲဖြစ်ပြီး အသက်(၈၈)နှစ်ရှိပြီ ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

■

# မြောက်ကိုရီးယား၏ သတိပေးမှုများ ရှိနေလင့်ကစား အမေရိကန်-တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုများ စတင်

**ဆိုးလ် ဩဂုတ် ၅**

မြောက်ကိုရီးယားနိုင်ငံ၏ သတိပေးမှုများ ရှိနေလင့်ကစား အမေရိကန်-တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ယနေ့နံနက်ပိုင်းက စတင်ခဲ့ပြီး ကွန်ပျူတာဖြင့် သရုပ်သကန်ဖန်တီးသည့် အခြေအနေများကို လေ့ကျင့်ဖွယ်ရှိသည်။

မြောက်ကိုရီးယားနိုင်ငံက အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အပြင်းအထန် ကန့်ကွက်လျက်ရှိသည်။ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ကန့်ကွက်သောအားဖြင့် မြောက်ကိုရီးယားတပ်မတော်က ဇူလိုင် ၂၅ ရက်တွင် တာတိုတိုက်ချင်းပစ်ဒုံးကျည်နှစ်စင်းဟု ယူဆရသည့် ဒုံးကျည်နှစ်စင်းကို ပစ်လွှတ်ခဲ့ပြီး ဇူလိုင် ၃၁ ရက်နှင့် ဩဂုတ် ၂ ရက်တို့တွင် နောက်ထပ် ဒုံးကျည်ပစ်လွှတ်မှုများ ဆက်လက်လုပ်ဆောင်ခဲ့သည်။ စစ်ရေးလေ့ကျင့်မှုများက အမေရိကန်နှင့် မြောက်ကိုရီးယားကြား နျူကလီးယားလက်နက်ဖျက်သိမ်းရေး ဆွေးနွေးမှုများကို ခက်ခဲရှုပ်ထွေးဖွယ်ရှိကြောင်း လေ့လာသူများက ပြောကြားသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့သည် ဇွန်လအတွင်း တွေ့ဆုံခဲ့ချိန်က စေ့စပ်ညှိနှိုင်းမှုများ ပြန်လည်စတင်ရန် သဘောတူခဲ့သော်လည်း နောက်ပိုင်းတွင် နှစ်နိုင်ငံကြား တိုးတက်ဖြစ်ထွန်းမှုမှာ အနည်းငယ်သာရှိခဲ့သည်။

**ကိုးကား-အင်န်အိတ်ခ်ျကေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**



# ဒေါင်လိုက် ပျံသန်းပြီး ဆင်းသက်နိုင်စွမ်းရှိသည့် မောင်းသူမဲ့ ဒရုန်းလေယာဉ် အီရန် တည်ဆောက်

**တီဟီရန် ဩဂုတ် ၅**

အီရန်နိုင်ငံ၏ အစွလာမ့်စစ်တော်လှန်ရေး အစောင့်တပ်သည် ဒေါင်လိုက်ထွက်ခွာပျံသန်းပြီး ဆင်းသက်နိုင်စွမ်းရှိသည့် စစ်ဘက်သုံး မောင်းသူမဲ့ ဒရုန်းလေယာဉ်ကို မကြာမီ စမ်းသပ်တော့မည်ဖြစ်ကြောင်း အီရန်ပုဂ္ဂလိကပိုင် သတင်းအေဂျင်စီဖြစ်သည့် တာ့စ်နိမ် သတင်းအေဂျင်စီက ယနေ့ ဖော်ပြထားသည်။

အဆိုပါ မောင်းသူမဲ့ ဒရုန်းလေယာဉ်သည် အီရန်၏ ပထမဦးဆုံး မောင်းသူမဲ့ ဒရုန်းလေယာဉ်ဖြစ်ပြီး အီရန် တော်လှန်ရေးအစောင့်တပ်၏ မြေပြင်တပ်ဖွဲ့က ဒီဇိုင်းဆွဲထုတ်လုပ်ခဲ့ခြင်းဖြစ်ကာ မဝေးတော့သည့် အနာဂတ်တွင် စမ်းသပ်မည်ဖြစ်ကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်၏ တပ်မှူး အာလီကူးဟက်စတာနီက သတင်းအေဂျင်စီသို့ ပြောကြားခဲ့သည်။

အီရန်တော်လှန်ရေး အစောင့်တပ်၏ မောင်းသူမဲ့ ဒရုန်းလေယာဉ်နှင့် ဒုံးကျည်အင်အားသည် လွန်ခဲ့သည့် ကာလများက အီရန်နိုင်ငံပိုင် ဒရုန်းလေယာဉ်နှင့် ဒုံးကျည်အင်အားနှင့် နှိုင်းယှဉ်ကြည့်ပါက သိသိသာသာ တိုးတက်လာခဲ့ပြီး ယင်းကဲ့သို့ စစ်လက်နက်အင်အား တိုးတက်လာခြင်းသည် စစ်မြေပြင်၌ အီရန်တပ်မတော်၏ အင်အားကို တိုးမြှင့်စေခဲ့ကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်၏ မြေပြင်တပ်ဖွဲ့မှ တပ်မှူးတစ်ဦးဖြစ်သူ မိုဟာမက်ပါ့ခ်ပိုးက ပြီးခဲ့သည့်လတွင် ပြောကြားခဲ့သည်။

ယခုအခါ အီရန်နိုင်ငံသည် စစ်ဘက်နှင့် အရပ်ဘက် နှစ်မျိုးစလုံး၌ အသုံးပြုနိုင်သည့် တာဝေးပျံသန်းနိုင်စွမ်းရှိ မောင်းသူမဲ့ ဒရုန်းလေယာဉ်များကို ပိုင်ဆိုင်ထားပြီဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားလိုက်သည်။ **ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**



# ဒေသတွင်း အကြမ်းဖက်ဝါဒပူးပေါင်းတိုက်ဖျက်ရေး ကမ္ဘောဒီးယား ဝန်ကြီးချုပ် တောင်းဆို

**ဖနောင်ပင် ဩဂုတ် ၅**

ပြီးခဲ့သည့်အပတ်က အိမ်နီးချင်း ထိုင်းနိုင်ငံတွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ပြီးနောက် ဒေသတွင်း၌ အကြမ်းဖက်ဝါဒကို ပူးပေါင်းတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ကြရန် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်တတ်ချို ဟွန်ဆင်က တနင်္လာနေ့က တောင်းဆိုလိုက်သည်။

ကမ္ဘောဒီးယားနိုင်ငံ တောင်ပိုင်း ကန်ဒယ်ပြည်နယ်ရှိ ကမ္ဘောဒီးယား ရဲသိပ္ပံကျောင်း သင်တန်းဆင်းပွဲ၌ မိန့်ခွန်းပြောကြားရာတွင် ကမ္ဘောဒီးယားနိုင်ငံသည် ၎င်း၏ နယ်မြေကို မည်သည့်အကြမ်းဖက်အုပ်စုကိုမှ ခိုလှုံရာအဖြစ် အသုံးပြုခွင့်ပေးမည်မဟုတ်ကြောင်း ဝန်ကြီးချုပ် ဟွန်ဆင်က ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ အေးချမ်းလုံခြုံစေရန်နှင့် အကြမ်းဖက်ဝါဒကို တိုက်ဖျက်ရန်အတွက် နိုင်ငံအတွင်းနှင့် ဒေသတွင်းနိုင်ငံများမှ သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ကြရန် အာဏာပိုင်များကို ဝန်ကြီးချုပ်က ညွှန်ကြားခဲ့သည်။ အကြမ်းဖက်မှုများကို တိုက်ဖျက်ရန်အတွက် အကောင်းဆုံးလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အကြောင်းမှာ ဤပြဿနာသည် နိုင်ငံ၏ လုံခြုံရေးကို ထိခိုက်စေနိုင်ကြောင်း ဝန်ကြီးချုပ်က ဆိုသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပနေစဉ် သီးခြားနေရာများတွင် သောကြာနေ့က ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ပြီးနောက် ဝန်ကြီးချုပ် ဟွန်ဆင်က ဒေသတွင်း အကြမ်းဖက်ဝါဒ ပူးပေါင်းတိုက်ဖျက်ရေး တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ဇော်လင်း**

# ဟော်မုဇ်ရေလက်ကြားတွင် ကင်းလှည့်ရေး အမေရိကန်၏ မေတ္တာရပ်ခံချက်ကို ဩစတြေးလျ စဉ်းစား

**ဆစ်ဒနီ ဩဂုတ် ၅**

ဟော်မုဇ် ရေလက်ကြားရှိ သင်္ဘောလမ်းကြောင်း လုံခြုံရေးအတွက် နိုင်ငံတကာကြိုးပမ်းမှုတွင် ပါဝင်ရန် စဉ်းစားနေကြောင်း ဩစတြေးလျဝန်ကြီးချုပ် စကော့မောရစ်ဆင်က သတင်းထောက်များကို တနင်္လာနေ့က ပြောကြားခဲ့သည်။

လက်ရှိအခြေအနေထက် ဟော်မုဇ်ရေလက်ကြားကို ပိုမိုလုံခြုံအောင် ဆောင်ရွက်ရေးသည် အရေးကြီးကြောင်း၊ သို့ဖြစ်၍ အစိုးရသည် ဤကိစ္စကို သေသေချာချာ စဉ်းစားနေကြောင်း၊ သို့သော်လည်း ဤဟော်မုဇ်ရေလက်ကြား ကင်းလှည့်ရေးစီမံကိန်းကို အီရန်နိုင်ငံနှင့် ဆက်နွှယ်နေသည့် တင်းမာမှုပြဿနာများ အထူးသဖြင့် နျူကလီးယားလက်နက် မပြန့်ပွားရေးကိစ္စအပါအဝင် အခြားကိစ္စရပ်များမှ ခွဲခြားထားရန် အလွန်အရေးကြီးကြောင်း ဝန်ကြီးချုပ်က ပြောသည်။

ဤကိစ္စသည် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အကျိုးပြုမည့် သင်္ဘောလမ်းကြောင်း လုံခြုံရေးကိစ္စဖြစ်ကြောင်း၊ ဩစတြေးလျနိုင်ငံနှင့် အခြားနိုင်ငံများ ပါဝင်ရန်မသင့်သည့်ကိစ္စ မဟုတ်ကြောင်း ဝန်ကြီးချုပ်က ဆိုသည်။

ဆော်ဒီအာရေဗျနိုင်ငံနှင့် ဆက်နွှယ်နေသည့် ရေနံတင်သင်္ဘောနှစ်စင်း မိုင်းခွဲတိုက်ခိုက်ခံရပြီးနောက် ပြီးခဲ့သည့်လအတွင်း ဟော်မုဇ်ရေလက်ကြားတွင် တင်းမာမှုများ မြင့်တက်ခဲ့သည်။ ပြီးခဲ့သည့် ဇူလိုင်လတွင် ဗြိတိန်အလံလွှင့်တင်ထားသည့် သင်္ဘောနှင့် သင်္ဘောသားများကို အီရန်တပ်ဖွဲ့များကဖမ်းဆီးခဲ့ရာ အခြေအနေ ပိုမိုဆိုးရွားလာခဲ့သည်။ ယခုတစ်ဖန် အီရန်တပ်မတော်က အာရပ်အိမ်နီးချင်းနိုင်ငံများမှ သင်္ဘောနှစ်စင်းကို ထပ်မံဖမ်းဆီးခဲ့ကြောင်း အီရန်သတင်းမီဒီယာများက တနင်္ဂနွေနေ့က သတင်းဖော်ပြခဲ့ကြသည်။

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့သို့ ရုတ်တရက်သွားရောက်ခဲ့သည့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုသည် ဝန်ကြီးချုပ် မောရစ်ဆင်၊ နိုင်ငံခြားရေးဝန်ကြီး မာရစ်ဆီပိန်းတို့နှင့် ယင်းကိစ္စကို စတင်ဆွေးနွေးခဲ့သည်။

ဟောမုဇ်ရေလက်ကြားတွင် ကင်းလှည့်မည့် စီမံချက်သည် တင်းမာမှုများကို လျှော့ချရန်ဖြစ်ကြောင်း၊ တင်းမာမှုမြင့်တက်စေရန် မဟုတ်ကြောင်း၊ ဤကိစ္စသည် ပြီးခဲ့သည့်ရက်များအတွင်း အမေရိကန် မိတ်ဆွေများနှင့် ပြုလုပ်ခဲ့သည့် ဆွေးနွေးမှုများ၏ အဓိကအချက်ဖြစ်ကြောင်း ဝန်ကြီးချုပ် မောရစ်ဆင်က ပြောသည်။ ဟော်မုဇ်ရေလက်ကြားတွင် ကင်းလှည့်မည့်လုပ်ငန်းသည် ကမ္ဘာကြီး၏ အလွန်အရေးပါသည့်နေရာတွင် လွတ်လပ်စွာ သွားလာနိုင်သည့် သင်္ဘောလမ်းကြောင်း စီစဉ်ပေးရန်ဖြစ်ကြောင်း၊ ဩစတြေးလျနိုင်ငံအနေဖြင့် ယင်းကိစ္စကို စဉ်းစားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောသည်။ အကယ်၍ ၎င်းလုပ်ငန်းများတွင် ဩစတြေးလျနိုင်ငံ ပါဝင်ခဲ့ပါက ပါဝင်ရသည့် ရည်ရွယ်ချက်သည် သင်္ဘောများ လွတ်လပ်စွာ သွားလာနိုင်ရေးဖြစ်ကြောင်း ဝန်ကြီးချုပ် မောရစ်ဆင်က ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ဇော်လင်း**



# အမေရိကန်နှင့် တာလီဘန်အုပ်စုတို့၏ ရှစ်ကြိမ်မြောက် ဆွေးနွေးပွဲ ပြုလုပ်

**ဒိုဟာ ဩဂုတ် ၅**

အမေရိကန်ပြည်ထောင်စုနှင့် အာဖဂန် တာလီဘန်အုပ်စုတို့သည် ၎င်းတို့၏ ရှစ်ကြိမ်မြောက် ဆွေးနွေးညှိနှိုင်းပွဲကို ဇူလိုင် ၄ ရက်က ကာတာနိုင်ငံ၏ မြို့တော် ဒိုဟာမြို့တွင် ပြန်လည်စတင်ခဲ့ရာ နှစ်ဖက်အကြား ၁၈ နှစ်ကြာ တိုက်ခိုက်မှုကို အဆုံးသတ်တော့မည်ဟု မျှော်လင့်ရကြောင်း ကာတာ သတင်းအေဂျင်စီက ဖော်ပြထားသည်။

အာဖဂန်နစ္စတန် နိုင်ငံဆိုင်ရာ အမေရိကန်၏ အထူးသံတမန် ဇာလ်မေခါလီလ်ဇက်နှင့် တာလီဘန်အဖွဲ့ပူးတွဲထူထောင်သူ တစ်ဦးဖြစ်သည့် မူလာဘာရာဒါတို့အကြား တိုက်ရိုက်တွေ့ဆုံပွဲတစ်ရပ် စီစဉ်ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်လျက် ရှိကြောင်း တာလီဘန်အုပ်စု သတင်းရင်းမြစ်အရ သိရသည်။

အမေရိကန် ပြည်ထောင်စုနှင့် တာလီဘန်အုပ်စုအကြား သဘောတူညီမှုဆိုသည်မှာ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အာဖဂန်နိုင်ငံမှ နိုင်ငံခြားတပ်ဖွဲ့အားလုံး ရုပ်သိမ်းရေးကို ဆိုလိုလိမ့်မည်ဖြစ်ကြောင်း ဒိုဟာမြို့အခြေစိုက် တာလီဘန်အဖွဲ့၏ နိုင်ငံရေးဆိုင်ရာရုံးမှ ပြောရေးဆိုခွင့်ရှိသူ ဆူဟေးလ်ရှာဟင်က ပြောကြားသည်။

အမေရိကန် ပြည်ထောင်စုသည် အာဖဂန်နစ္စတန်နိုင်ငံအား အကြမ်းဖက်သမားများ၏ ခိုလှုံရာစခန်းတစ်ခု ဖြစ်မလာရေးအတွက် တာလီဘန်အုပ်စုကို အာမခံစေချင်သလို တာလီဘန်အုပ်စုကလည်း အာဖဂန်နစ္စတန်နိုင်ငံမှ နိုင်ငံခြားတပ်ဖွဲ့အားလုံး ရုပ်သိမ်းရေးအတွက် အမေရိကန်ပြည်ထောင်စုဘက်မှ အာမခံချက်ရရှိရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုသည် ၂၀၀၁ ခုနှစ်က အာဖဂန်နစ္စတန်နိုင်ငံသို့ ကျူးကျော်ဝင်ရောက်ခဲ့ပြီး တာလီဘန်အုပ်စုကို အာဏာမှဖြုတ်ချလိုက်သည်။ **ကိုးကား-ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# ရသေ့တောင်မြို့နယ် ခြေရာတော်ကျေးရွာအနီး၌ AA အဖွဲ့၏ လေ့ကျင့်ရေးစခန်းတစ်ခု သိမ်းဆည်းရမိ










**နေပြည်တော် ဩဂုတ် ၅**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂ ရက်နှင့် ၃ ရက်တို့တွင် ခြေရာတော်ကျေးရွာအနီး၌ AA အဖွဲ့၏ လေ့ကျင့်ရေးစခန်းနေရာတစ်ခုနှင့် အသုံးအဆောင်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သိမ်းဆည်းရမိ**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ခြေရာတော်ကျေးရွာ၏အနောက်ဘက်မီတာ ၂၀၀၀ ခန့်အကွာ၌ AA အဖွဲ့၏ လေ့ကျင့်ရေးစခန်းတစ်ခုအား ပစ်ကျင်း ခြောက်ကျင်း၊ လူနေတဲ သုံးလုံး၊ ယူနီဖောင်း နှစ်စုံ၊ အရပ်ဝတ် ၃၃ ထည်၊ မိုးကာမြေခင်းစ ၁၄ ထည်၊ ဂေါ်ပြား၊ တူးရွင်း၊ ဓားရှစ်ချောင်း၊ လက်ကိုင်ဖုန်း တစ်လုံး၊ တန်းစီကွင်း တစ်ကွင်းတို့နှင့်အတူ သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ အဆိုပါဝန်းကျင်တစ်ဝိုက်အား နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်စဉ် ဩဂုတ် ၃ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ ခန့်တွင် ခြေရာတော်ကျေးရွာ၏အနောက်ဘက် မီတာ ၁၅၀၀ ခန့်အကွာ၌ AA အဖွဲ့မှ ဝှက်ထားသော လေ့ကျင့်ရန်ပြုလုပ်ထားသည့် သစ်သားသေနတ်အလက် ၅၀၀၊ ဒီတိုနေတာ ခြောက်ခု၊ ပွိုင့်၅ ကျည်ခွံပုံး သုံးပုံး၊ တဲမျိုးစုံ ၁၃ လုံး၊ ပေါက်ပြား၊ ဂေါ်ပြားအလက် ၆၀ ၊ သံတူးရွင်း ၄၀ ၊ ဓားအချောင်း ၅၀၊ ဖုန်းတစ်လုံး၊ ဆန်နှင့် စားသောက်ဖွယ်ရာများ၊ ဆေးမျိုးစုံ သုံးအိတ်၊ အခြားအသုံးအဆောင် ပစ္စည်းမျိုးစုံတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ကလေးမြို့နယ် လက်ပန်ချောင်းကျေးရွာအတွင်းမှ တရားမဝင်လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**ကလေး ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် လက်ပန်ချောင်းကျေးရွာအတွင်းမှ တရားမဝင် လက်နက်ခဲယမ်းများ ဩဂုတ် ၄ ရက်တွင် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၄ ရက် ည ၈ နာရီ မိနစ် ၅၀ ခန့်က ကလေးခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့ ခေါင်းဆောင် ရဲအုပ်အောင်စိုး ဦးဆောင်သောအဖွဲ့ မူးယစ်တပ်ဖွဲ့စု(၅) ကလေးမှ ရဲအုပ်ထွန်းထွန်းဦး ဦးစီးသောအဖွဲ့ လက်ပန်ချောင်းလှုပ်ရှားရဲကင်းမှ ဒုရဲအုပ်ဇာဇာမင်း ဦးစီးသောအဖွဲ့သည် ကလေးမြို့နယ် လက်ပန်ချောင်းကျေးရွာ နယ်မြေ(၄) (B) ရပ်ကွက်နေ မင်းထန်ဇားဝါ၏နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါးတစ်စုံတစ်ရာ မတွေ့ရှိသော်လည်း ၎င်းနေအိမ်အိပ်ခန်းအတွင်းမှ အရှည်သုံးပေ ခုနစ်လက်မခန့်ရှိ Made in CZEGHOSLOVAKIA စာတန်းပါ ပွိုင့်၂၂ သေနတ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ ကျည် ၁၁ တောင့်၊ အရှည် သုံးပေ ခြောက်လက်မခန့်ရှိ ခါးချိုးလေသေနတ်တစ်လက်၊ အရှည်နှစ်ပေ ကိုးလက်မခန့်ရှိMade in Sweden စာတန်းပါ လေသေနတ်တစ်လက်၊ အရှည် သုံးပေ ၁၀ လက်မခန့်ရှိ နှစ်လုံးပြူးသေနတ်တစ်လက်နှင့် ၎င်းကျည် ၃၉ တောင့်၊ အရှည်ခြောက်လက်မခန့်ရှိ ပစ္စတိုတစ်လက်၊ အရှည်ရှစ်လက်မခန့်ရှိ ပစ္စတိုတစ်လက်၊ ဘောစိအတောင့် ၂၄၀၀၊ လေသေနတ်၊ ခဲသီးအတောင့် ၂၀၀၀၊ တစ်ပေခန့်ရှိ စနိုက်ပါပြောင်းအရှည် သုံးခု၊ လေးပေခန့်ရှိ စနိုက်ပါပြောင်းအတိုတစ်ခုနှင့် အဝေးကြည့်မှန်ပြောင်း နှစ်ခုတို့ကို ရှာဖွေတွေ့ရှိသဖြင့် တရားမဝင် လက်နက်ခဲယမ်းများ လက်ဝယ်ထားရှိသူ မင်းထန်ဇားဝါကို ကလေးမြို့မရဲစခန်းက လက်နက်ဥပဒေအရ အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။



**လူအောင်(ကသာ)**

# ကော့သောင်းမြို့၌ ညသန်းခေါင်ယံအချိန် အိမ်အတွင်းဝင်ရောက်ပြီး ဓားထောက်လုယက်မှုဖြစ်

**ကော့သောင်း ဩဂုတ် ၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ဆယ်မိုင်ကျေးရွာတွင် ယမန်နေ့ည သန်းခေါင်ယံအချိန်က အိမ်အတွင်းသို့ ဝင်ရောက်ဓားထောက်လုယက်မှုဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဩဂုတ် ၄ ရက် သန်းခေါင်ကျော် ၁ နာရီခန့်က ဆယ်မိုင်ကျေးရွာ ဗိုလ်ချုပ်လမ်းနေ ဦးအောင်စိုးသည် နေအိမ်၌အိပ်ပျော်နေစဉ် လူတစ်ဦး အိမ်၏ တံခါးမကြီးကိုသော့တူဖြင့်ဖွင့်၍ အိမ်အပေါ်ထပ်သို့တက်လာပြီး ဓားဖြင့်ထောက်ကာ အိမ်ရှင် ဦးအောင်စိုး၏ လည်ပင်းနှင့်လက်ကိုကြိုးဖြင့်ချည်နှောင်၍ အိပ်ရာဘေးတွင် အသင့်တွေ့ရှိသည့် ငွေကျပ်သိန်း ၂၀ ကိုယူပြီး မီးခံသေတ္တာသော့တောင်း၍ မီးခံသေတ္တာအတွင်းမှ ရွှေငွေနှင့် လက်ဝတ်ရတနာပစ္စည်း (ကာလတန်ဖိုးငွေကျပ် ၅၈၃ သိန်းခန့်)အား လုယက်သွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကော့သောင်းမြို့နယ် ရဲတပ်ဖွဲ့စခန်းက ပြစ်မှုကျူးလွန်သူအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# မအူပင်မြို့နယ်အနီး ဧရာဝတီမြစ်အတွင်း စက်လှေတိမ်းမှောက်ခဲ့သဖြင့် ကလေးနှစ်ဦး ရေနစ်ပျောက်ဆုံး

**ပန်းတနော် ဩဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ရွှေသောင်ယံကျေးရွာတွင် နေထိုင်ကြသော ကလေးနှစ်ဦးသည် ဩဂုတ် ၄ ရက် မွန်းတည့် ၁၂ နာရီခန့်က ဧရာဝတီမြစ်အတွင်း စက်လှေတိမ်းမှောက်မှု ဖြစ်ပွားခဲ့သဖြင့် ပျောက်ဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကသဲဝင်ကျေးရွာအုပ်စု ရွှေသောင်ယံကျေးရွာနေ ဦးကျော်ကြီး၏ သမီးဖြစ်သူ မကေသွယ်အောင်(၁၃)နှစ်သည် စာမေးပွဲဖြေဆိုပြီး အစ်ကိုအရင်းဖြစ်သူ မောင်မျိုးကိုမောင်နှင်သည့် စက်လှေဖြင့် နေအိမ်သို့ပြန်လာခဲ့ရာ မအူပင်မြို့နယ် ကျုံကရင်ကျေးရွာအနီးတွင် စက်လှေနစ်မြုပ်ခဲ့ပြီး မကေသွယ်အောင်နှင့် မောင်မျိုးကိုတို့မှာ ပျောက်ဆုံးနေသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မိသားစုဝင်များက ရှာဖွေလျက်ရှိကြောင်း သိရသည်။ **ပြည့်ဖြိုးကျော်(ပြန်/ဆက်)**

# ပုဇွန်တောင်မြို့နယ်ရှိ နှစ်ထပ်တိုက် ဆန်းရှိတ်အင်္ဂတေကျောက်ပြား ပြိုကျ

**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၁၀) ရပ်ကွက်အတွင်းရှိ နှစ်ထပ်တိုက်ပြိုကျခဲ့မှု ယနေ့ညပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ည ၇ နာရီခွဲခန့်က ပုဇွန်တောင်မြို့နယ် အမှတ်(၁၀)ရပ်ကွက် (၅၁)လမ်း(အထက်ဘလောက်)ရှိ ပိုင်ရှင်ဦးလှရွှေ၏ နှစ်ထပ်တိုက် ဆန်းရှိတ်အင်္ဂတေကျောက်ပြား အလျား ၃၅ ပေ၊ အနံ ငါးပေခန့်မှာ အမြင့် ၁၅ ပေခန့်မှ ပြိုကျခဲ့ခြင်းဖြစ်ပြီး အဆောက်အအုံအောက်၌ ရပ်ထားသော Alphard ယာဉ်တစ်စီး၊ Jagugar ယာဉ်နှစ်စီး စုစုပေါင်းယာဉ်သုံးစီးအပေါ်သို့ ပြိုကျခဲ့ရာ ယာဉ်သုံးစီးလုံး ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

**ပွင့်သစ္စာ**

# တာချီလိတ်မြို့နယ်နှင့် မိုင်းဖြတ်မြို့နယ်အတွင်း ဝက်အကောင် ၁၀၀၀ ခန့် သေဆုံးမှုဖြစ်ပွား

**တာချီလိတ် ဩဂုတ် ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းဟဲ ကျေးရွာအုပ်စုနှင့် မိုင်းဖြတ်မြို့နယ် ဘိုရှီးကျေးရွာအုပ်စုတို့၌ ဇူလိုင်လမှ ဩဂုတ် ၅ ရက်အထိ အိမ်မွေးဝက် ၁၀၀၀ နီးပါးခန့် သေဆုံးခဲ့ကြောင်း သိရသည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်၊ တာချီလိတ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကျော်ကျော်စိုးနှင့် တာဝန်ရှိသူများသည် မိုင်းဟဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး အပါအဝင် ဒေသခံပြည်သူများနှင့်အတူ ဝက်များအစုလိုက်သေဆုံးကြောင်း သတင်းအရ တာချီလိတ်မြို့နယ် မိုင်းဟဲကျေးရွာအုပ်စုရှိ ကျောက်လိုဏ်ဂူရွာ၊ ကာနရွာ၊ မယ်အုန်းရွာနှင့် နားမွန်းရွာတို့သို့ သွားရောက်စစ်ဆေးခဲ့ရာ ဇူလိုင်လမှ ဩဂုတ် ၅ ရက်အထိ အိမ်မွေးဒေသဝက်အကောင် ၅၀၀ ခန့် သေဆုံးခဲ့ကြောင်း၊ မိုင်းဖြတ်မြို့နယ် ဘူရှီကျေးရွာအုပ်စု ပုံဖာရွာ၊ ဟိုခမ်းရွာ၊ တုံလုံရွာ၊ ဟွေရုံး(လားဟူ) ရွာနှင့် ဘိုရှီတို့တွင် အိမ်မွေးဝက်အကောင် ၅၀၀ ခန့်မှာ အစာမစားခြင်း၊ ဝမ်းသွားခြင်း၊ ခန္ဓာကိုယ်အပူလွန်ကဲခြင်း၊ ဦးခေါင်းများရောင်ရမ်းခြင်း၊ သွေးခြေဥပေါက်သကဲ့သို့ အနီစက်ပြောက်များဖြစ်ကာ အစုလိုက်သေဆုံးခဲ့ပြီး ကျောက်လိုဏ်ဂူရွာတွင် ဝက် ၁၂ ကောင်၊ မယ်အုန်းရွာတွင် ဝက်ငါးကောင်နှင့် ကာနရွာတွင် ဝက်ခုနစ်ကောင်မှာ နာဖျားလျက်ရှိကြောင်း သိရသည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် တာချီလိတ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက မွေးမြူရေးလုပ်ငန်းသုံး ပိုးသတ်ဆေးများ ထောက်ပံ့ပေးခြင်း၊ ဖျားနာဝက်များအား သွေးများဖောက်ယူခြင်း၊ ကျန်ရှိသည့်ဝက်များအား ကာကွယ်ဆေးများ ထိုးပေးခြင်းများနှင့် ရောဂါဖြင့်သေဆုံးသောဝက်သေများအား ရေမျှောခြင်း၊ မြစ်/ချောင်းနှင့် ရေတွင်းရေကန်အနီး မြေမြှုပ်ခြင်းမပြုရန်၊ ရောဂါဖြင့်သေဆုံးသော ဝက်အစိတ်အပိုင်း တစ်စုံတစ်ရာကို သယ်ဆောင်ခြင်း၊ လှီးဖြတ်ခြင်း၊ ရောင်းချခြင်းနှင့် စားသုံးခြင်းမပြုရန်တို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



# ဒစ်ဂျစ်တယ်ဘဝများထဲမှ လူမှုကျင့်ဝတ်များ

သိန်းထွန်း(IR)

**ဘဝတန်ဖိုး**

ရခဲလှသော လူ့ဘဝတစ်ခုသို့ ရောက်လာကြရာတွင် ကျင်လည်ရသော ဘဝအလိုက် လူအမျိုးမျိုး စိတ်အဖုံဖုံ ရှိနေပါသည်။ လူအမျိုးမျိုး စိတ်အထွေထွေ မည်သို့ပင် ကွဲပြားပါစေ၊ နေထိုင်ရသည့်ဘဝတွင် မည်ကဲ့သို့ တွေးတော၊ စဉ်းစား၊ ပြောဆို၊ ကျင့်ကြံနေထိုင်ကြမည် ဆိုသည်မှာ တစ်ဦးချင်းစီ၏ လက်တွေ့ဘဝပင်ဖြစ်သည်။ ဗုဒ္ဓဘာသာအားဖြင့် လူတစ်ဦးသည် ဘဝသံသရာမှ မလွတ်ကင်းသရွေ့ အဖန်ဖန်သောဘဝများတွင် ကျင်လည်ကြရပါဦးမည်။ သံသရာဆိုသည်မှာ စိတ်စေတသိက်၊ ရုပ်တရားတို့ တစ်ခုပြီးတစ်ခု ဆက်ကာဆက်ကာဖြစ်နေမှုကိုသာ သံသရာဟု အရှင်ဇနကာဘိဝံသ၏ ကိုယ်ကျင့်အဘိဓမ္မာတွင် ဖတ်ရှုနာကြားရပါသည်။ သံသရာဝဲဂယက် ရုန်းမထွက်နိုင်မီ လောကီဘဝ၏ ဆက်ကာဆက်ကာပြောင်းလဲခြင်းများကို ကြုံတွေ့နေကြရပါဦးမည်။

ထို့အပြင် လောကီဘဝ၏ အနိမ့်၊ အမြင့်၊ အတက်၊ အကျ၊ အကောင်း၊ အဆိုး၊ သေခြင်း၊ ရှင်ခြင်းများသည် ဒိဋ္ဌဓမ္မ ကြုံတွေ့ရမည့် လက်တွေ့အခြေအနေများပင် ဖြစ်သည်။ ကံ၊ ဉာဏ်၊ ဝီရိယအားဖြင့် ကိုယ်စီဘဝများအား ရုန်းကန်ကြိုးစားကြရာတွင် ဘဝ၏ပြောင်းလဲခြင်းသဘောကို ရင်ဆိုင်ကြရမည်မှာ သဘာဝနိယာမပင် ဖြစ်ပါသည်။ ထိုသို့သော သဘာဝနိယာမများနှင့် ကျင်လည်နေထိုင်ကြရာတွင် မတူညီသောဖြတ်သန်းကြသည့် ဘဝပုံစံအမျိုးမျိုးရှိနေပါသည်။ ဘဝအား မည်သည့်ပုံစံမျိုးဖြင့်ဖြတ်ကျော်သည်ထက် မိမိဖြတ်သန်းရသည့် ဘဝဖြင့် လူတစ်ဦးချင်းစီအပေါ် သို့မဟုတ် လူ့အသိုက်အဝန်းအပေါ် ကောင်းကျိုးဖြစ်စေသည်လား၊ ဆိုးကျိုးဖြစ်စေသည်လားဆိုသည်သာ ဘဝတန်ဖိုးများဟု ဆိုနိုင်ပါလိမ့်မည်။

**နည်းပညာခေတ်**

ယနေ့ခေတ်ကို ကမ္ဘာ့ရွာဟု တင်စားခေါ်ဆိုကြသည်။ နည်းပညာကြောင့် ကမ္ဘာကြီးသည် ရွာတစ်ရွာကဲ့သို့ဖြစ်လာသည်ဟု ဆိုခြင်းဖြစ်သည်။ ကမ္ဘာကြီးကိုပင် ရွာတစ်ရွာကဲ့သို့ ပြောင်းလဲစေသည့် နည်းပညာများသည် လူတစ်ဦးချင်း၏ ဘဝများ၊ လူမှုဝန်းကျင်များကိုလည်း ပြောင်းလဲစေလျက်ရှိပါသည်။ လူသားတို့၏ နေ့စဉ်ဘဝများကို နည်းပညာများဖြင့် ပြောင်းလဲတိုးတက်စေလျက်ရှိသည်မှာ မျက်မြင်အခြေအနေပင်ဖြစ်သည်။ နည်းပညာဖြင့် လူသားတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု စသည့် နယ်ပယ်ကဏ္ဍပေါင်းစုံသည် စိတ်သွားတိုင်းကိုယ်ပါ ဆိုသကဲ့သို့ ပြောင်းလဲနေပါသည်။

မြင့်မားတိုးတက်လာသည့် နည်းပညာအပေါ် လူသားတို့၏ မှီခိုရပ်တည်မှုသည်လည်း နည်းပညာနှင့် လူသား ခွဲခြားရန် ခက်ခဲလာသည်။ နည်းပညာများသည် လူသားတို့၏ ရုပ်ပိုင်းအသွင်သဏ္ဌာန်ကို ပြောင်းလဲစေရုံသာမက စိတ်ပိုင်းဆိုင်ရာများကိုလည်း ပြောင်းလဲစေလျက်ရှိသည်။ ထိုပြောင်းလဲစေခြင်းအပေါ် ကာယကံရှင်ဖြစ်သူတစ်ဦးချင်းစီက ခံယူသည့် အကောင်း၊ အဆိုး၊ အလယ်အလတ်ရှုထောင့်များကြောင့် လူမှုဝန်းကျင်သည်လည်း ပြောင်းလဲလျက်ရှိသည်။ သဘောမှာ နည်းပညာအပေါ် အကောင်းဘက်မှ ခံယူအသုံးပြုပါက နည်းပညာ၏ ကောင်းသည့်အကျိုးကျေးဇူးများကို ရရှိစေပါမည်။ နည်းပညာအပေါ် အဆိုးဘက်မှ ခံယူအသုံးပြုပါက ဆိုးကျိုးများကို ရရှိစေနိုင်ပါသည်။ သို့ဖြစ်ရာ နည်းပညာ၏ ကောင်းခြင်း၊ ဆိုးခြင်းဆိုသည်မှာ အသုံးပြုသည့် နည်းပညာထက် လက်ခံအသုံးပြုသူ၏ ရှုထောင့်နှင့် ပိုမိုသက်ဆိုင်နေပါသည်။

**လူမှုကွန်ရက်ထဲမှ နေ့စဉ်ဘဝများ**

တိုးတက်လာသော နည်းပညာကမ္ဘာတွင် လူသားတို့အတွက် နေ့စဉ်သုံးနည်းပညာတစ်ခုမှာ လူမှုကွန်ရက်များပင် ဖြစ်သည်။ ကမ္ဘာတွင် အသုံးများသော လူမှုကွန်ရက်များစွာရှိသည့်အနက် မြန်မာနိုင်ငံတွင် ဖေ့စ်ဘွတ်လူမှုကွန်ရက်သည် ယနေ့အချိန်အထိ လူသိအများဆုံးနှင့် အသုံးအများဆုံးဖြစ်သည်။ ဖေ့စ်ဘွတ်လူမှုကွန်ရက်ကို ၂၀၀၄ ခုနှစ်က အမေရိကန်နိုင်ငံတွင် စတင်တည်ထောင်ခဲ့သော်လည်း မြန်မာနိုင်ငံတွင် တယ်လီဖုန်းများတွင်ကျယ်စွာ အသုံးပြုလာနိုင်ခြင်း၊ အင်တာနက်အသုံးပြုမှုများလာခြင်းနှင့်အတူ နိုင်ငံရေးစနစ်ပြောင်းလဲလာခြင်းကြောင့် ဖေ့စ်ဘွတ်အသုံးပြုမှုသည် လူထုအတွင်း ကျယ်ပြန့်လာခဲ့သည်ကို တွေ့ရပါသည်။

အင်တာနက်စနစ် ပိုမိုကောင်းမွန်တိုးတက်လာခြင်းနှင့်အတူ ဖေ့စ်ဘွတ်အား လူမှုဆက်သွယ်ရေးကွန်ရက်အဖြစ်သာမက ဘက်စုံကွန်ရက်အသွင်သို့ ပြောင်းလဲလာသည်ကို တွေ့ရပါသည်။ ဖေ့စ်ဘွတ်ကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးစသည့် ကဏ္ဍစုံအသုံးပြုလာခြင်းကြောင့် ဖေ့စ်ဘွတ်သည် မြန်မာလူထု၏ နေ့စဉ်ဘဝအတွင်းသို့ တစ်စတစ်စ ထိုးဖောက်ဝင်ရောက်လာခဲ့သည်မှာ လူတစ်ဦး တစ်နေ့တာ၏ သုံးနာရီ၊ လေးနာရီခန့်အချိန်ပေး သုံးစွဲနေကြသည်ကို တွေ့ရသည်။ ဆယ်ကျော်သက်နှင့် ငယ်ရွယ်သူများသည် လူမှုကွန်ရက်ကို တစ်နေ့လျှင် ရှစ်နာရီအထိ အသုံးပြုကြောင်း စစ်တမ်းများအရ သိရပါသည်။ အပျော်အားဖြင့်ဖြစ်စေ၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးအရဖြစ်စေ ပုံစံမျိုးစုံဖြင့် အသုံးပြုနေကြကြောင်း တွေ့ရပါသည်။

သို့အတွက် လူမှုကွန်ရက်သည် လူမှုကွန်ရက်ဟု ခေါ်ဆိုရန်ပင် ခက်ခဲလာသည်။ လူမှုဆက်ဆံရေးထက်ပိုသော အခြားသောနယ်ပယ်များအတွက်လည်း ပိုမိုအသုံးပြုလာကြသည်။ ဥပမာ နိုင်ငံရေးအတွက် အသုံးပြုခြင်း၊ စီးပွားရေးအတွက် အသုံးပြုခြင်းကဲ့သို့သော ဘက်စုံကဏ္ဍစုံအတွက် အသုံးပြုလာကြသည်။ ထို့အတွက် လူမှုကွန်ရက်တို့သည် ကြီးမားကျယ်ပြန့်သော ဒစ်ဂျစ်တယ်အသိုင်းအဝိုင်းတစ်ရပ်အဖြစ် ပိုမိုကျယ်ပြန့်လာသည်ကို မြင်တွေ့လာရသည်။ ဒစ်ဂျစ်တယ်ကွန်ရက်ကျယ်ပြန့်လာခြင်းနှင့်အတူ လူသားတို့သည် ထိုလူမှုကွန်ရက်များကို ပို၍ပို၍အသုံးပြုလာကြသည်မှာ လက်တွေ့ပင်ဖြစ်သည်။

လူမှုကွန်ရက်များအား မည်သည့်ပုံစံဖြင့် အသုံးပြုသည်ဖြစ်စေ မိမိတို့၏အသုံးပြုမှုသည် မိမိအတွက်လည်းကောင်း၊ ပတ်ဝန်းကျင်အတွက်လည်းကောင်း အကျိုးရှိရန်လိုအပ်ပါသည်။ တစ်ခါတစ်ရံ မိမိအတွက် အကျိုးဖြစ်စေသော်လည်း အခြားသူများ သို့မဟုတ် ပတ်ဝန်းကျင်အသိုင်းအဝိုင်းအပေါ် ရုပ်ပိုင်း၊ စိတ်ပိုင်းအနည်းနှင့် အများ အနှောင့်အယှက်ဖြစ်စေတတ်ကြပါသည်။ ယဉ်ကျေးသည့် လူ့အသိုင်းအဝိုင်းဆိုသည်မှာ လူမှုစည်းကမ်း၊ လူမှုကျင့်ဝတ်များရှိသကဲ့သို့ ဥပဒေအရ တားမြစ်ချက်၊ ကန့်သတ်ချက်၊ တိုက်တွန်းချက်၊ အကြံပြုချက်များလည်း ရှိပါသည်။ ထို့အတူ ဘာသာရေးအားဖြင့် လိုက်နာစောင့်ထိန်းရသည်များ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအရ လိုက်နာကြရသည်များရှိပါသည်။ လူမှုကွန်ရက်အတွင်းမှ ဒစ်ဂျစ်တယ်ဝန်းကျင်တစ်ရပ်၏ အကောင်း၊ အဆိုးများသည် တစ်ဦးချင်းအပေါ်ဖြစ်စေ၊ လူမှုအသိုက်အဝန်းအပေါ်ဖြစ်စေ အကျိုးသက်ရောက်လျက်ရှိခြင်းကြောင့် လူမှုကွန်ရက်အတွင်းမှ တစ်ဦးချင်းစီက ထိန်းသိမ်းလိုက်နာရန်လိုအပ်သကဲ့သို့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းကလည်း ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်ပါသည်။ သို့မှသာ လူမှုကွန်ရက်များထဲမှ ဒစ်ဂျစ်တယ်ဘဝများ ကောင်းမွန်လာနိုင်ပါသည်။

**“လူမှုကွန်ရက်အတွင်းမှ ဒစ်ဂျစ်တယ်ဝန်းကျင်တစ်ရပ်၏ အကောင်း၊ အဆိုးများသည် တစ်ဦးချင်းအပေါ်ဖြစ်စေ၊ လူမှုအသိုက်အဝန်းအပေါ်ဖြစ်စေ အကျိုးသက်ရောက်လျက်ရှိခြင်းကြောင့် လူမှုကွန်ရက်အတွင်းမှ တစ်ဦးချင်းစီက ထိန်းသိမ်းလိုက်နာရန် လိုအပ်သကဲ့သို့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းကလည်း ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်ပါသည်။ သို့မှသာ လူမှုကွန်ရက်များထဲမှ ဒစ်ဂျစ်တယ်ဘဝများ ကောင်းမွန်လာနိုင်”**

**မတူကွဲပြားမှုကို နားလည်ခြင်း**

လောကလူ့ဘောင်တွင် ယောကျ်ား၊ မိန်းမ၊ စိတ်ပိုင်း၊ ရုပ်ပိုင်း၊ ပညာ၊ အတွေးအခေါ်၊ ယဉ်ကျေးမှု၊ ကိုးကွယ်ရာဘာသာစသည့် မတူကွဲပြားမှုအမျိုးမျိုးရှိကြပါသည်။ သဘာဝတရားကပင် မတူညီသောအရာများဖြင့် သတ္တလောကကြီးအား တည်ဆောက်ထားခြင်းဖြစ်သည်။ မတူကွဲပြားမှုများနှင့် သဟဇာတဖြစ်စွာနေထိုင်ရန်ဆိုသည်မှာ ထိုမတူကွဲပြားမှုကို ဦးစွာနားလည်လက်ခံရန် လိုအပ်မည်ဖြစ်သည်။ လူသည် မိမိကိုယ်ကိုသာ ဗဟိုပြုတတ်သည့် အတ္တသဘောရှိကြပါသည်။ ထိုအတ္တသဘောကို နားလည်ရန်နှင့် ထိန်းကျောင်းရန်ဆိုသည်မှာ စိတ်ရင်းစေတနာ၊ ပညာ၊ ရင့်ကျက်မှုနှင့် အတွေ့အကြုံ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများ၊ ဘာသာရေးအဆုံးအမများနှင့် ပတ်ဝန်းကျင်၏ ထိန်းကျောင်းမှုများ လိုအပ်ပါသည်။

ယနေ့မြင်တွေ့ခံစားနေကြရသည်မှာ ဒစ်ဂျစ်တယ်ဘဝများထဲတွင် မတူကွဲပြားမှုသဘောကို မျက်ကွယ်ပြု၍ ကျင့်ဝတ်မဲ့ပြောဆိုပြုမူနေခြင်းများသည် ပတ်ဝန်းကျင်အတွက် စိတ်ပိုင်းကိုသာမက ရုပ်ပိုင်းကိုလည်း ဆိုးကျိုးသက်ရောက်စေလျက်ရှိပါသည်။ ဒစ်ဂျစ်တယ်ဘဝများထဲတွင် လူတို့၏စိတ်သည် ပိုမိုလွတ်လပ်လာသည်။ ယင်းဘဝများထဲတွင် ကျင့်ဝတ်၊ ဒီမိုကရေစီသဘော၊ ယဉ်ကျေးမှုနှင့် ဥပဒေ၏စည်းနှောင်မှုအားနည်းခြင်းတို့ကြောင့် အပြင်လောကတွင် ပြုလုပ်ရန်ခက်ခဲသော အပြောအဆို၊ အပြုအမူနှင့် တွေးတောကြံစည်မှုများကို ပြုလုပ်လာတတ်ကြသည်။ လူမှုကွန်ရက်ပေါ်တွင် ပြောဆိုဆက်ဆံရသည်မှာ အပြင်လောကတွင် လူကိုယ်တိုင်တွေ့ဆုံပြောဆိုဆက်ဆံရသည်များနှင့် များစွာကွာခြားမှုများရှိနေပါသည်။ ဥပမာ လူတစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင်စဉ် ပြောမထွက်သောစကားများ၊ ပြောရန်မသင့်သော စကားများကို လူမှုကွန်ရက်ပေါ်တွင် အလွယ်တကူပြောဆိုနိုင်သည်။ လူချင်းမတွေ့ဆုံရသည့်အတွက် မျက်နှာပူခြင်း၊ အားနာခြင်း၊ လေးစားခြင်း၊ ဂါရဝတရားတို့ကို အထွေအထူး ထည့်သွင်းမစဉ်းစားတတ်ကြ။ တစ်နည်းအားဖြင့် လူမှုကျင့်ဝတ်လိုက်နာမှုလျော့နည်းသည်ဟု ဆိုရပါမည်။

မှန်ကန်သောကျင့်ဝတ်ဆိုသည်မှာ အခြားသူများအပေါ် မှန်ကန်သောအမူအကျင့်များဖြင့် မည်သို့ဆက်ဆံရမည်ကို မှန်ကန်စွာစဉ်းစားတတ်ခြင်း၊ မှန်ကန်သော အယူအဆအတွေးအခေါ်ရှိခြင်းနှင့် မှန်ကန်စွာပြုမူခြင်း ဖြစ်သည်။ ကိုယ်စီကိုယ်စီက မှန်ကန်သောကျင့်ဝတ်များကို လိုက်နာကြမှသာ တစ်ဦးချင်းစီ၏ လူမှုတာဝန်ယူမှုများကို မြှော်လင့်နိုင်မည် ဖြစ်ပါသည်။ ထို့အတူ တစ်ဦးချင်းစီက မှန်ကန်သောကျင့်ဝတ်များ လိုက်နာခြင်းဖြင့် လူမှုအဖွဲ့အစည်းတစ်ခုလုံးအား အကျိုးပြုစေမည် ဖြစ်သည်။

မှန်ကန်သောကျင့်ဝတ် နည်းပါးလာခြင်းနှင့်အတူ မတူကွဲပြားမှုများအပေါ်တွင် နားလည်ပေးသည်ထက် မိမိရပ်တည်ချက်၊ သဘောထား၊ အယူအဆတို့ဖြင့် ပြင်းပြင်းထန်ထန် တုံ့ပြန်တတ်ကြသည်။ လူမှုကွန်ရက်ဆိုင်ရာစံနှုန်းများကို လိုက်နာခြင်းထက် ပြင်းထန်သော စကားလုံးများဖြင့် ဝေဖန်ခြင်း၊ ပြစ်တင်ခြင်း၊ အပုပ်ချခြင်း၊ ဆဲဆိုခြင်းများကိုတွေ့မြင်ရသည်။ နောက်ဆက်တွဲအကျိုးဆက်အနေဖြင့် မတူကွဲပြားမှုအား နားလည်လက်ခံနိုင်မှု၊ မိမိကိုယ်မိမိ လေးစားမှု၊ သူတစ်ပါးအား လေးစားမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန် လေးစားမှုတို့ အားနည်းလာတတ်ကြသည်။

**ကိုယ်တိုင်လိုက်နာကျင့်ကြံမှသာ**

ဆရာတော်အရှင်ဇနကာဘိဝံသ၏ ကိုယ်ကျင့်အဘိဓမ္မာစာအုပ်တွင် မည်သူမဆို မိမိ၏ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုတို့ကို ကောင်းသည်ထက်ကောင်းအောင် အစဉ်ပြုပြင်နေသင့်သည်။ သေသည်အထိ အမြဲပြုပြင်နေရမည်ဟု ရေးသားဆုံးမခဲ့ပါသည်။ ဗုဒ္ဓဘာသာအများစုနေထိုင်သောမိမိတို့နိုင်ငံသည် ဘာသာရေးအဆုံးအမအားဖြင့်ဖြစ်စေ၊ ယဉ်ကျေးမှုအားဖြင့်ဖြစ်စေ၊ ဓလေ့ထုံးစံအားဖြင့်ဖြစ်စေ လူမှုကျင့်ဝတ်အဆင့်အတန်းမြင့်မားလှပါသည်။

အကောင်း၊ အဆိုး နှစ်မျိုးပေးတတ်သည့် သဘာဝအကြောင်းများ၏ အကျိုးအကြောင်း၊ အဆိုးအကောင်းများကိုသိခြင်းအား ဓမ္မအသိဟုခေါ်ဆိုနိုင်ကြောင်း ပါမောက္ခချုပ်ဆရာတော်ကြီးက ဟောကြားခဲ့ပါသည်။ ဓမ္မဆိုသည်မှာလည်း အမှန်၊ အမှားကို ခွဲခြားသိနိုင်စေရန် ဟောကြားခဲ့သည့် ဗုဒ္ဓမြတ်စွာဘုရား၏ သွန်သင်ချက်များကို ခေါ်ဆိုခြင်းဖြစ်သည်။ မည်သို့သောနည်းလမ်း၊ မည်သို့သောအကြောင်းများ၊ မည်သို့သောပုံစံတို့ဖြင့် နေ့များ၊ ရက်များ၊ အချိန်များ ဖြတ်သန်းကြသည်မှာ တစ်ဦးချင်းစီက ဘဝတစ်ခုအပေါ်ထားရှိသည့် တန်ဖိုးပင်ဖြစ်သည်။

မိမိကိုယ်မိမိတန်ဖိုးထားတတ်မှ သူတစ်ပါးအား တန်ဖိုးထားတတ်ပါလိမ့်မည်။ သူတစ်ပါးအား တန်ဖိုးထားတတ်မှလည်း မိမိတန်ဖိုးမြင့်တက်ပါလိမ့်မည်။ ဘဝတန်ဖိုးများမြင့်မားရန်ဆိုပါက လူမှုတာဝန်ခံမှုများရှိရန် လိုအပ်မည်ဖြစ်သည်။ လူမှုတာဝန်ခံမှုသည် ကျင့်ဝတ်များအပေါ်တွင် အခြေခံပါသည်။ မိမိ၏ဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်မှုများကြောင့် လူမှုအသိုင်းအဝိုင်း သို့မဟုတ် ပတ်ဝန်းကျင်အပေါ် ဒုက္ခဖြစ်ပေါ်စေပါက ယင်းသည် လူမှုတာဝန်ခံမှုမရှိခြင်းဟု ခေါ်ဆိုနိုင်ပါသည်။

လူမှုကွန်ရက်များတွင် လူမှုကျင့်ဝတ်များအားနည်းလာနေခြင်းသည် ယနေ့ မိမိတို့အားလုံး လျှောက်လှမ်းနေကြသည့် ဒီမိုကရေစီစနစ်နှင့် သဟဇာတဖြစ်၊ မဖြစ်ကိုလည်း ပြန်လည်ဆန်းစစ်သင့်ပါသည်။ ဒီမိုကရေစီစနစ်တည်ဆောက်ရန်မှာ တစ်ဦးချင်းစီ၏ ပညာ၊ ကျင့်ဝတ်၊ ဥပဒေလေးစားလိုက်နာမှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှုတို့ လိုအပ်ပါသည်။ ကိုယ်တိုင်လိုက်နာကျင့်ကြံကြရပါလိမ့်မည်။ ဒီမိုကရေစီကို လိုချင်ပါက ပြင်ပလောကများတွင်သာမက ဒစ်ဂျစ်တယ်ဘဝများတွင်လည်း လူမှုကျင့်ဝတ်များကို ကိုယ်တိုင်လိုက်နာကျင့်ကြံမှသာ မိမိတို့လိုလားသည့် ဒီမိုကရေစီစနစ်တည်ဆောက်ရေးကို အထောက်အကူဖြစ်စေနိုင်မည် ဖြစ်ပါသည်။ ။

## လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်ဆိုင်ရာ အစီရင်ခံစာပြုစုရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ် အစည်းအဝေး ကျင်းပ



**နေပြည်တော် ဩဂုတ် ၅**

ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ် (Universal Periodic Review - UPR) ဆိုင်ရာ အစီရင်ခံစာပြုစုရေးလုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးကို ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက UPR အစီရင်ခံစာဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ မြန်မာနိုင်ငံ၏ အစီရင်ခံစာကို ပြုစုလျက်ရှိကြောင်း၊ အစီရင်ခံစာတွင် ပါဝင်ရမည့် အခန်းကဏ္ဍနှင့် အကြောင်းအရာများအလိုက် သက်ဆိုင်ရာလုပ်ငန်းကော်မတီများက စာတမ်းများနှင့် အချက်အလက်များကို ပြုစုပေးပို့ခဲ့ကြောင်း၊ အဆိုပါ အချက်အလက်များကို အခြေခံ၍ စာတမ်းပြုစုရေးကော်မတီက လေ့လာပြုစုခဲ့ပြီး အစီရင်ခံစာပြုစုရေးလုပ်ငန်းကော်မတီသို့ ဆက်လက်တင်ပြခဲ့ကြောင်း၊ အစီရင်ခံစာပြုစုရေးလုပ်ငန်းကော်မတီအနေဖြင့် တင်ပြလာသည့် မူကြမ်းအပေါ် စိစစ်တည်းဖြတ် ဖြည့်စွက်ပြီး ယနေ့အစည်းအဝေးတွင် အစီရင်ခံစာမူကြမ်းကို တင်ပြထားကြောင်း၊ တက်ရောက်လာကြသူများက အဆိုပါမူကြမ်းအပေါ် လေ့လာ၍ ပြင်ဆင်ဖြည့်စွက်ရန်ရှိသည်များကို ညှိနှိုင်းဆွေးနွေး အကြံပြုပေးရန်ဖြစ်ကြောင်း၊ အကြံပြုဆွေးနွေးချက်များနှင့်အညီ ပြင်ဆင်ဖြည့်စွက်သည့်မူကြမ်းကို အမျိုးသားအဆင့်ကော်မတီသို့ တင်ပြမည်ဖြစ်ကြောင်း၊ အစီရင်ခံစာမူကြမ်းအပေါ် သက်ဆိုင်ရာကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ဆွေးနွေးအကြံပြုချက်များရရှိရေးအတွက် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပြည့်စုံကောင်းမွန်သည့်အစီရင်ခံစာတစ်ရပ် ပြုစုနိုင်ရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက မိမိတို့၏ ဖြစ်ပေါ်တိုးတက်မှုများကို ပြည့်ပြည့်စုံစုံ ဖြည့်စွက်ပေးကြရန် လိုအပ်ကြောင်းနှင့် ဆောင်ရွက်သင့်သည်များကို အကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။

တက်ရောက်လာကြသည့် ဌာနအဖွဲ့အစည်းအသီးသီးက အစီရင်ခံစာမူကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြသည်။

**သတင်းစဉ်**

## စစ်ကိုင်းတက္ကသိုလ်ပြတိုက်ကို ပိုမိုအောင်မြင်အောင် ကြိုးစားဆောင်ရွက်

**မုံရွာ ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် ယနေ့ နံနက် ၁၁ နာရီက စစ်ကိုင်းတက္ကသိုလ်ဝိဇ္ဇာအဆောင်(၄)အတွင်းရှိ ပြတိုက်ငယ်ကို ကြည့်ရှုသည်။

စစ်ကိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဇော်ဝင်းက တက္ကသိုလ်နှင့်ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က စစ်ကိုင်းတက္ကသိုလ်ကျောင်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး တက္ကသိုလ်ပြတိုက်ငယ်ကို ပိုမိုအောင်မြင်အောင် ကြိုးစားဆောင်ရွက်သွားကြရန် ပြောကြားသည်။

အဆိုပါတက္ကသိုလ် ပြတိုက်ငယ်တွင် ကျောက်ခေတ်၊ ကြေးခေတ်နှင့် ပျူခေတ်အသုံးဆောင်ပစ္စည်းများနှင့် အရိုးစုများ၊ ဇာထိုးပန်းထိုးနှင့် ရှေးဟောင်းပန်းချီကားချပ်များကို ခင်းကျင်းပြသထားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ထားရှိသော ဗန်းမောက်မြို့နယ် ဇလုံတောင်၊ ကန့်ဘလူမြို့နယ် လင်းနို့ဂူ၊ အင်းတော်မြို့နယ် ဂျပန်မြေအောက်ဆေးရုံ၊ အင်ဒေါင်းလင်းပိုင်ထိန်းသိမ်းရေးစခန်း စသည့် ခရီးသွားဇုန်များနှင့် စစ်ကိုင်း၊မုံရွာ၊ ကသာ၊ ယင်းမာပင်၊ ခန္တီး၊ ရွှေဘို စသည့်ခရိုင်များအတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

**ထွန်းကိုကို**
**(ယင်းမာပင်)**



## ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွင်း အခွန်အများဆုံးထမ်းဆောင်ခဲ့ကြသည့် လုပ်ငန်းရှင်များအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဂုဏ်ပြုချီးမြှင့်

**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွင်း တစ်နိုင်ငံလုံး ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန် ကဏ္ဍများ၌ အခွန်အများဆုံးထမ်းဆောင်ခဲ့ကြသည့် လုပ်ငန်းရှင်များနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အခွန်အများဆုံး ထမ်းဆောင်ခဲ့ကြသည့် လုပ်ငန်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဝန်ကြီးချုပ်က နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံသူ၊ နိုင်ငံသားများပါဝင်မှ ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များမပါဘဲ နိုင်ငံတော်ကြီး တိုးတက်အောင် ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ အခွန်အများဆုံးထမ်း ဆောင်ခဲ့ကြသော အခွန်ထမ်းများကို နှစ်စဉ်ဂုဏ်ပြုခဲ့ပါကြောင်း၊ ဒီနှစ်မှာတော့ လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး အခွန်ထမ်းကြီးများ ပိုမိုပေါ်ထွန်းလာရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

အခွန်အများဆုံး ထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်များအား ချီးမြှင့်ပွဲတွင် အခွန်နှင့်သက်ဆိုင်သော ဂုဏ်ပြုမှတ်တမ်း ခြောက်ခုရရှိခဲ့သည့် Grand Royal Group မှ ဦးအောင်မျိုးကျော် (Co- Chairman) က "ဒီကနေ့ ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွင်း ကျွန်တော်တို့လုပ်ငန်းစုအပေါ် အခွန်နဲ့ပတ်သက်လို့ နိုင်ငံတော်က ပေးတာ ခြောက်ခု ရရှိပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ 1 to 10 ထဲကိုလည်း ဝင်ခဲ့ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီစုအနေနဲ့ မြန်မာနိုင်ငံသား စီးပွားရေး လုပ်ငန်းရှင်အနေနဲ့ ရပ်တည်ဖို့က အခွန်ကဏ္ဍနဲ့ပတ်သက်လို့ လုပ်ထုံးလုပ်နည်းတွေ၊ လိုက်နာရမယ့် ဥပဒေတွေကို စနစ်တကျ လိုက်နာဆောင်ရွက်နေပါတယ်" ဟု အခမ်းအနားအပြီးတွင် အခွန်နှင့်ပတ်သက်၍ ပြောကြားသည်။



ယနေ့ကျင်းပသော ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွင်း နိုင်ငံတစ်ဝန်းနှင့် တိုင်းဒေသကြီးအတွင်း အခွန်အများဆုံး ထမ်းဆောင်ခဲ့ကြသော လုပ်ငန်းရှင် အခွန်ထမ်းကြီးများအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း**(အပေါ်ပုံ)**၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဒုတိယလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြပြီး အခွန်ထမ်း စုစုပေါင်း ၂၀၃ ဦးကို ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

## ရွှေကျင်မြို့နယ်တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်းကြောင့် စာသင်ကျောင်း ခြောက်ကျောင်း ခေတ္တပိတ်ထားရ

**ရွှေကျင် ဩဂုတ် ၅**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျချောင်းရေများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသဖြင့် အခြေခံပညာကျောင်း ခြောက်ကျောင်းအား ယနေ့ နံနက်ပိုင်းမှ စတင်၍ ခေတ္တပိတ်ထားခဲ့ရကြောင်း သိရသည်။

ရွှေကျင်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် ယနေ့နံနက် ၉ နာရီအချိန် တိုင်းတာချက်များအရ ရွှေကျင်ချောင်းတွင် စိုးရိမ်ရေမှတ် ၇၀၀ စင်တီမီတာရှိသည့်အနက် ၇၅၃ စင်တီမီတာသို့လည်းကောင်း၊ စစ်တောင်းမြစ်ရေသည် စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာရှိသည့်အနက် ၁၁၆၀ စင်တီမီတာသို့လည်းကောင်း ရောက်ရှိနေပြီး တောင်ကျချောင်းရေများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေ၍ ကျောင်းသား ကျောင်းသူများ သွားလာရာတွင် အန္တရာယ်မဖြစ်ပေါ်စေရေးအတွက် အခြေခံပညာကျောင်း ခြောက်ကျောင်းကို ခေတ္တပိတ်ထားရခြင်း ဖြစ်ကြောင်း သိရသည်။

ထိုသို့ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခြင်းကြောင့် ရွှေကျင်မြို့နယ်အတွင်းရှိ အနိမ့်ပိုင်းနေရာများတွင် နေထိုင်သည့် အိမ်ခြေ ၁၄၃ လုံးမှ အိမ်ထောင်စု ၁၄၃ စု၊ လူဦးရေ ၇၈၉ ဦးတို့အား နီးစပ်ရာဆွေမျိုးများအိမ်နှင့် ကုန်းမြင့်ရေကင်းလွတ်ရာနေရာများသို့ ယာယီပြောင်းရွှေ့ နေရာချထားပေးခဲ့ရကြောင်း သိရသည်။

ထိုသို့ ပြောင်းရွှေ့နေထိုင်ကြရသော အိမ်ထောင်စုများအား နေထိုင်မှုနှင့်စားသောက်မှု အဆင်ပြေစေရေးအတွက် မြို့နယ်သဘာဝဘေးကြိုတင်ကြပ်မှုကော်မတီက စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး စစ်ဗျူဟာအဖွဲ့(အခြေချ)စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မြင့်ထွန်းနိုင် ဦးစီးသော တပ်ရင်းတပ်ဖွဲ့များမှ အရာရှိစစ်သည်များ၊ ဆေးတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေကြီးရေလျှံမှုဖြစ်စဉ်ကြောင့် လူနှင့်တိရစ္ဆာန်များ သေကျေပျက်စီးမှုမရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ပိန်းဇလုပ်သိန်းညွန့်**



## မင်းဘူးမြို့ပေါ်ရှိ မြို့ပြဖွံ့ဖြိုးရေးဆောင်ရွက်နေမှုလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**မင်းဘူး ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၄ ရက် နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေး ဝန်ကြီး ဦးဇော်မင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးသည် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးထင်အောင်နှင့် တာဝန်ရှိသူများနှင့်အတူ မင်းဘူးမြို့ အမှတ် (၂) ရပ်ကွက်ရှိ(၁)လမ်းအား ရပ်ကွက်နေပြည်သူများ ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ကွန်ကရစ်လမ်းခင်းကျင်း ဆောင်ရွက်နေမှု၊ မင်းဘူးမြို့ရှောင်လမ်း လမ်းဘေး(ဝဲ၊ယာ)တစ်ဖက်လျှင် အကျယ် သုံးပေချဲ့၍ ကတ္တရာထပ်ပိုးလွှာခင်းကျင်းဆောင်ရွက်နေမှု၊ မြို့နယ်ခန်းမ တည်ဆောက်မည့်မြေနေရာ ရှင်းလင်းဆောင်ရွက်နေမှုနှင့် အမှတ် (၂) ရပ်ကွက် စည်ပင်သာယာဈေးသစ် တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဇေလတ်တို့က ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ လတ်တလော ဆောင်ရွက်ပြီးစီးမှုနှင့် အချိန်မီပြီးစီးရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် တိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးနှင့် တာဝန်ရှိသူများက မြို့ပြဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရန်၊ လုပ်ငန်းအရည်အသွေးပြည့်မီစွာ ဆောင်ရွက်သွားရန်နှင့် ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုမရှိစေရေး အလေးထားဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား ရှင်းလင်းဆွေးနွေးမှာကြားခဲ့သည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

## တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌတို့တွေ့ဆုံ

**ဟိုပုံး ဩဂုတ် ၅**

တိုင်းရင်းသားလုပ်ငန်းရှင်များ၏ စီးပွားတိုးတက်မှုအတွက် ပိုမိုဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံတိုင်းရင်းသား လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်နှင့် အဖွဲ့ဝင်များ တွေ့ဆုံပွဲကို ဩဂုတ် ၄ ရက် နံနက် ၉ နာရီက ဟိုပုံးမြို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးယောဆက်က ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ စီးပွားရေးလုပ်ငန်းများအားလာရောက်လေ့လာခြင်း၊ ပအိုဝ်းတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဖွဲ့စည်းနိုင်ရေးအတွက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့နှင့် လာရောက်တွေ့ဆုံရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာအောင်ရဲဇော်က တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရခြင်းအတွက် ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ပအိုဝ်းတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့် စီးပွားရေးလုပ်ငန်းများတွင် ချိတ်ဆက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ ဒေသဦးစီးအဖွဲ့ဝင်များနှင့် တက်ရောက်လာသူများက ရှေ့ဆက် ပြုလုပ်မည့်စီးပွားရေးလုပ်ငန်းများအား ချိတ်ဆက်ဆောင်ရွက်နိုင်ရန်ဆွေးနွေးခဲ့ကြသည်။ **ထက်ထက်(ဟိုပုံး)**

## သန်လျင်၌ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ



**ရန်ကုန် ဩဂုတ် ၅**

လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးစကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၅ ရက်နံနက် ၁၀ နာရီက သန်လျင်မြို့ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း ဘိုးရာဇာခန်းမ၌ ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ပိုင်းခရိုင်ဦးစီးအရာရှိ ဒေါ်ရီရီလွင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအဖွဲ့ (မြန်မာ)ဥက္ကဋ္ဌ ဦးစံရှိန်၊ အတွင်းရေးမှူးဒေါ်ခင်ခင်ဝင်း၊ ကျောင်းသား သံတမန် ဦးချစ်ချော၊ မူးယစ်တပ်ဖွဲ့စု (၄၃) မှ ဒုရဲမှူးညီညီသန်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်မြတို့က ပါဝင်ဆွေးနွေးကြပြီး ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

## လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

**ရေတာရှည် ဩဂုတ် ၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၄၈) ထွန်စက်စခန်းနှင့် Farmers Choice Tractor Co.,Ltd. တို့ ပူးပေါင်း၍ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းကို ဩဂုတ် ၅ ရက် နံနက် ၉ နာရီခွဲက စက်မှုလယ်ယာဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး တောင်ငူခရိုင်စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသိန်းလွင်ဦးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းသား ၃၂ ဦးအား ဘာသာရပ်အလိုက်သင်ကြားပို့ချမှုများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး သင်တန်း ကာလမှာ ၁၂ ရက်ဖြစ်ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



## တိုတိုထွာထွာဖတ်စရာ

### လက်သမား၊ ပန်းရန် သင်တန်းဖွင့်

**မြောင်းမြ**

မြောင်းမြမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လက်သမား၊ ပန်းရန်၊ အတတ်ပညာသင်တန်းကို ဩဂုတ် ၅ ရက် နံနက်က မြောင်းမြမြို့နယ် မုဆိုးကွင်းကျေးရွာအုပ်စု မြို့ဦး ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အုတ်စီခြင်း၊ မဆလာဖျော်ခြင်း၊ ကွန်ကရစ်ဖျော်စပ်ခြင်းနှင့် ရွှေဘော်ထိုး၊ လွှတိုက်ခြင်း၊ သစ်သားအိမ်တစ်လုံး ဆောက်လုပ်ခြင်း၊ သစ်အချောကိုင်ပညာစသည်တို့ကို ဌာနနှင့် ပြင်ပကျွမ်းကျင်ပညာရှင်များက ဩဂုတ် ၅ ရက်မှ ၂၀ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသား ၂၅ ဦး တက်ရောက်ကြောင်း သိရသည်။ **အောင်မင်း (မြောင်းမြ)**

### ကျိုက်ဒုံမြို့တွင် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

**ကျိုက်ဒုံ**

ကရင်ပြည်နယ် ကျိုက်ဒုံမြို့ပေါ်ရပ်ကွက်များတွင် မွေးကင်းစမှ အသက် ငါးနှစ်အထိ ကလေးငယ်များအားလုံး အသွင်ပြောင်း ပိုလီယိုပိုးကူးစက်မှုကို ဖြတ်တောက်ရန်ရည်ရွယ်၍ ဩဂုတ် ၅ ရက် နံနက်ပိုင်းက ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းလုပ်ငန်းကို တတိယအကြိမ်အဖြစ် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျေးရွာများတွင် ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းကို ကျန်းမာရေးဝန်ထမ်းများက အဖွဲ့များခွဲ၍ တိုက်ကျွေးပေးလျက်ရှိကြောင်း သိရသည်။ **သန်းထွန်းနိုင်(ပြန်/ဆက်)**

### အသိပညာပေးဟောပြောပွဲ ပိတ်စွယ်ကျေးရွာ၌ ကျင်းပ

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ပိတ်စွယ်ကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၅ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ကျောင်းအုပ်ဆရာမကြီးဒေါ်သန်းသန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်ဦးက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်သန်းသန်းအေးက လူကုန်ကူးခံရမှုနှင့် ပျော်ဘွယ်လေးတိုက်နယ် ကျန်းမာရေးမှူးဒေါ်အေးဝင်းနိုင်က ရာသီတုပ်ကွေးအကြောင်း ဟောပြောပြီး လက်ဆေးနည်းကို လက်တွေ့သရုပ်ပြခဲ့ကြသည်။ **မျိုးလှိုင် (တွံတေး)**

### ငဖဲမြို့နယ်တွင် အခမဲ့ဆေးကုသပေး

**ငဖဲ**

ကျန်းမာရေးအသိပညာပေးဟောပြောပွဲ နှင့် အခမဲ့ဆေးကုသပေးခြင်းလုပ်ငန်းများကို ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီက ငဖဲမြို့နယ် ရေနွယ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဆောင်ရွက်ခဲ့သည်။

ငဖဲမြို့နယ် ပြည်သူ့ကျန်းမာရေးကြီးကြပ်အသင်း အတွင်းရေးမှူး ဒေါ်သန္တာစိုးက ဝမ်းပျက်ဝမ်းလျှော၊ ဝမ်းကိုက်ရောဂါအကြောင်း သိကောင်းစရာများ၊ ငဖဲမြို့နယ် ကျန်းမာရေးမှူးအသင်းဥက္ကဋ္ဌ ဦးသက်နိုင်ဝင်းက သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ကျေးရွာအတွင်း ပတ်ဝန်းကျင်သန့်ရှင်းရေးအကြောင်းများကို အသိပညာပေးဟောပြောခဲ့ပြီး ငဖဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထင်ကျော်၊ သွားဆရာဝန် ဒေါက်တာနိုင်တိုးဦးနှင့်အဖွဲ့က ဒေသခံပြည်သူများအား အထွေထွေရောဂါနှင့် သွားကျန်းမာရေးကုသပေးခဲ့ကြောင်း သိရသည်။ **မယု(ငဖဲ)**

### မှူခင်းအသိပညာပေးဟောပြော

**ရန်ကုန်**

တောင်ဥက္ကလာပမြို့နယ်(၁၄)ရပ်ကွက် မေတ္တာလမ်း အမှတ်(၁၅)ရှိ Korace အထည်ချုပ်စက်ရုံ၌ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူခင်းကျဆင်းရေး ပညာပေးယာဉ်ဖြင့် တောင်ဥက္ကလာပမြို့မ ရဲစခန်းမှူး ဒုရဲမှူး ရွှေဌေးနှင့်အဖွဲ့က လူကုန်ကူးမှု၊ သက်ငယ်မုဒိမ်းမှု၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ဟောပြောပြီး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ရာ အင်အား ၁၈၀၀ ခန့်တက်ရောက်ခဲ့သည်။ **ကြေးမုံ**

### စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြော

**ဆိပ်ဖြူ**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ဆင်လမ်းချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဩဂုတ် ၅ ရက်က အစားအသောက်များနှင့် ပတ်သက်၍ ရှောင်ရန်ဆောင်ရန် အသိပညာပေး ဟောပြောပွဲပြုလုပ်ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာများ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်နေလင်းက ကုန်ပစ္စည်းများ ထုပ်ပိုးရာတွင် ပါရှိရမည့်အချက်အလက်များ၊ စားသုံးရန်မသင့်သည့် အစားအစာများအကြောင်း ရှင်းလင်းပြောကြားကြသည်။ **ကိုမျိုး(ယောရော)**

# သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပုသိမ်မြို့တွင် ဖွင့်လှစ်

**ပုသိမ် ဩဂုတ် ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၅ ရက် နံနက်ပိုင်းက လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်က တိုင်းဒေသကြီးအတွင်းမှာ လုပ်ဆောင်နေတဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းများ အကောင်အထည်ဖော်နေမှုများနှင့် ပတ်သက်၍လည်းကောင်း၊ အဓိကမဏ္ဍိုင်ကြီး သုံးရပ်ဖြစ်သည့် အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင် တို့နှင့်ပတ်သက်၍လည်း မှန်မှန်ကန်ကန်သိရှိနိုင်ရေး စတုတ္ထမဏ္ဍိုင်ဖြစ်သည့် သတင်းမီဒီယာသမားများ ဖြစ်ရန်ကြိုးစား သင်ယူလေ့လာမှတ်သားကြရန်နှင့် မိမိတို့ဒေသသို့ ရောက်ရှိပါကလည်း ပြည်သူများသတင်းအမှန်အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဦးစီးမှူး ဦးလှမျိုးအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



သင်တန်းတွင် ဝေါဟာရရှင်းလင်းချက်၊ သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု၊ သတင်းအရင်းအမြစ်ရှာဖွေခြင်း၊ သတင်း၏ အခြေခံဖွဲ့စည်းတည်ဆောက်ပုံ၊ သတင်းရေးသားခြင်း၊ သတင်းဆောင်းပါးရေးသားခြင်း၊ တွေ့ဆုံမေးမြန်းခြင်း၊ သတင်းလိုက်ခြင်း၊ သတင်းထုတ်ပြန်ခြင်း၊ စာနယ်ဇင်းဆိုင်ရာ ကျင့်ဝတ်၊ မီဒီယာဆိုင်ရာ သိနားလည်မှု၊ Online အသုံးပြု၍ သတင်းထုတ်ပြန်ခြင်း၊ လူမှုမီဒီယာ ဘာသာရပ်၊ သတင်းမှတ်တမ်းရိုက်ကူးရာတွင် ရှောင်ရန်/ဆောင်ရန်များနှင့် သတင်းမှတ်တမ်းရိုက်ကူးခြင်း (လက်တွေ့) ဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းသို့ သင်တန်းသား ၄၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၅ ရက်မှ ၁၀ ရက်ထိဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# ရေယာဉ်များအတွက် သဘာဝဘေးကာကွယ်ရေး သတိပေးချက်များ ထုတ်ပြန်

**မြိတ် ဩဂုတ် ၅**

တနင်္သာရီတိုင်းဒေသကြီးအတွင်း ကမ်းရိုးတန်းနှင့် ပင်လယ်ပြင်တစ်လျှောက် အသွား-အပြန် ပြေးဆွဲပေးလျက်ရှိသော သစ်သားခွံ ကုန်တင်စက်လှေများ၊ အမြန်ရေယာဉ်များနှင့် အပျော်စီးရေယာဉ်များသည် မိုးကာလတွင် ဖြစ်ပွားနိုင်သော သဘာဝဘေးအန္တရာယ်များမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

မြိတ်-ကျွန်းစု-မြိတ်ခရီးစဉ် ပြေးဆွဲနေသော အမြန်ရေယာဉ်များမှလွဲ၍ သစ်သားခွံ ကုန်တင်စက်လှေများ၊ အပျော်စီးရေယာဉ်များနှင့် ကျန်ခရီးသည်တင် အမြန်ရေယာဉ်များအားလုံး ထွက်ခွာခွင့်မပြုကြောင်း အသိပေးအကြောင်းကြားထားသည်။

မြိတ်- ကျွန်းစု- မြိတ်ခရီးစဉ်ပြေးဆွဲမည့် ခရီးသည်တင် အမြန်ရေယာဉ်များအနေဖြင့် ပင်လယ်ပြင်တွင် လှိုင်းကြီးမည်ဖြစ်ပါ၍ ခရီးသည်များအားလုံးကို ရေယာဉ်အတွင်း၌သာ စီးနင်းကြရန်၊ ရေယာဉ်ပြင်ပနှင့် ခေါင်မိုးပေါ်တွင် လုံးဝစီးနင်းခြင်းမပြုကြရန်နှင့် ရေယာဉ်အား ဂရုစိုက်မောင်းနှင်ကြရန် တနင်္သာရီတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက သတိပေးထုတ်ပြန်ထားကြောင်း သိရသည်။

ရေယာဉ်ကိုယ်ထည်နှင့် စက်ကိရိယာများကို ပြုပြင်ထိန်းသိမ်းရန်၊ ရေယာဉ်များပေါ်တွင် အသက်ကယ်အင်္ကျီ၊ မီးသတ်ပစ္စည်းနှင့် အချက်ပေး၊ အချက်ပြပစ္စည်းကိရိယာများ စုံလင်စွာထားရှိပြီး အသင့်အသုံးပြုနိုင်အောင် ဆောင်ရွက်ထားရန်၊ မိုးကာအသုံးပြုမှုကြောင့် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များကို သတိပြုရန်၊ ရေယာဉ်များ ခုတ်မောင်းစဉ်၊ ကျောက်ချထားစဉ်နှင့် ဆိပ်ကမ်းများတွင် ရပ်နားထားစဉ် အချက်ပြအမှတ်အသား၊ အချက်ပြမီးနှင့် အသံပေးကိရိယာများကို စည်းကမ်းသတ်မှတ်ချက်နှင့်အညီ အသုံးပြုကြရန်နှင့် စည်းကမ်းမဲ့စွာ ခုတ်မောင်းမှုများ မပြုလုပ်ကြရန်တို့ကို တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **မြင့်ဦး (မြိတ်)**

# သဘာဝဘေးအန္တရာယ်ကာကွယ်ရေးပညာပေး

**ကျောက်တန်း ဩဂုတ် ၅**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ရွှေပျောက်ကျေးရွာအုပ်စု အလက (ခွဲ) အဒွတ္တောကျောင်းတွင် ဩဂုတ် ၅ ရက် နံနက် ၉ နာရီခွဲက ကျောက်တန်းမြို့နယ် မီးသတ်ဦးစီးဌာနမှဒုမီးသတ်ဦးစီးမှူး ဒေါ်စုစုဇင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက အလက (ခွဲ) အဒွတ္တောကျောင်း၌ ငလျင်ဘေး၊ လေပြင်းတိုက်ခတ်မှုဘေး၊ ရေကြီးနစ်မြုပ်မှုနှင့် မီးဘေးအန္တရာယ်စသည့် သဘာဝဘေးအန္တရာယ်များအတွက် ရှောင်ရန်၊ ဆောင်ရန် သိကောင်းစရာများကို လက်တွေ့သရုပ်ပြဟောပြောခဲ့ကြောင်း သိရသည်။ **နိုးတူး(ကျောက်တန်း)**

# ငလျင်ဘေးကြိုတင်ကာကွယ်ရေး လေ့ကျင့်

**ရမည်းသင်း ဩဂုတ် ၅**

ရမည်းသင်းခရိုင်မီးသတ်ဦးစီးဌာနက ငလျင်ဘေး ကြိုတင်ကာကွယ်ရေး လေ့ကျင့်ခြင်းကို ဩဂုတ် ၅ ရက် နံနက် ၉ နာရီက ရမည်းသင်းခရိုင် မီးသတ်ဦးစီးဌာနရုံးဝင်းအတွင်း ဇာတ်တိုက်လေ့ကျင့်ခဲ့သည်။

ရမည်းသင်းခရိုင် မီးသတ်ဦးစီးမှူး ဦးအောင်ခင်ဆင့်၊ မြို့နယ်မီးသတ် ဦးစီးအရာရှိ ဦးသူရလင်းကြီးကြပ်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်စက်ကြီးဖြင့် မီးငြိမ်းသတ်မှု၊ ယာဉ်မတော်တဆမှု၊ ရှာဖွေကယ်ဆယ်ရေး၊ အဆောက်အအုံအတွင်းမှ ကယ်ထုတ်ခြင်း၊ ခေတ်မီသံတိုင်ဖြတ်စက်၊ သစ်သားဖြတ်စက်၊ ကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများဖြင့် မီးသတ်တပ်ဖွဲ့ဝင်စုစုပေါင်း ၃၅ ဦး ဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။ **ရန်နိုင်ထွန်း (ပြန်/ဆက်)**



# ကော့ကရိတ်မြို့နယ်တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် နေအိမ်များ ရေဝင်၍ ခေတ္တပြောင်းရွှေ့

**ကော့ကရိတ် ဩဂုတ် ၅**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နေအိမ်များအတွင်း ရေများ ဝင်ရောက်သဖြင့် ဩဂုတ် ၃ ရက်မှစ၍ ရေဝင်ရောက်လျက်ရှိသည့် အိမ်ထောင်စုများမှ နီးစပ်ရာမိမိတို့၏ ဆွေမျိုးများနေအိမ်သို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

ကော့ကရိတ်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ရေဝင်ရောက်မှုကြောင့် ဩဂုတ် ၄ ရက် အထိ ကျုံဒိုးချောင်းဖျားကျေးရွာ၊ သရက်တောအနောက်ဘက်ကမ်း၊ ညောင်ရိပ်သာအနောက်ဘက်ကမ်း၊ နဘူးနှစ်ခြား(မွန်စုကျေးရွာ)၊ ဒေါ်ဖျာကျေးရွာ၊ တောင်ကမ္ဗရိုက်ကျေးရွာ၊ ခရစ်ကျောက်တန်းကျေးရွာ၊ ကော့ဟထော်ကျေးရွာ၊ မြောက်ကမ္ဗရိုက်ကျေးရွာ၊ ကော့ကျိုက်ကျေးရွာ၊ အင်းရှည်ကျေးရွာနှင့် ကော့ကရိတ်မြို့အမှတ်(၅)ရပ်ကွက်တို့တွင် အိမ်ခြေစုစုပေါင်း ၃၅၅ လုံးသို့ ရေဝင်ရောက်ခဲ့ပြီး နီးစပ်ရာဆွေမျိုးများအိမ်သို့ ခေတ္တပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

**စိုးထက်အောင် (ပြန်/ဆက်)**



# မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် လေပြင်းတိုက်ခတ်၍ နေအိမ်နှင့် အဆောက်အအုံများပျက်စီး

**ချောင်းဆုံ ဩဂုတ် ၅**

မွန်ပြည်နယ် ဘီလူးကျွန်း ချောင်းဆုံမြို့နယ်တွင် ဩဂုတ် ၅ ရက် နံနက် ၃ နာရီ ၁၅ မိနစ်က လေပြင်းတိုက်ခတ်မှုကြောင့် ချောင်းဆုံအရှေ့ရပ်ကွက်တွင် ဌာနဆိုင်ရာ အဆောက်အအုံနှင့်ပန်းခြံ လူနေအိမ်များ၊ စာသင်ကျောင်းရှိ သန့်စင်ခန်းအမိုးများ၊ ပြည်သူ့ဆေးရုံကြီးအတွင်းရှိ သံဃာဆေးကုသဆောင်အပါအဝင် အရေအတွက် ၂၆ လုံးပျက်စီးခဲ့ပြီး ချောင်းဆုံအနောက်ရပ်ကွက်တွင် အရေအတွက် ၃၁ လုံး ပျက်စီးမှုဖြစ်ပေါ်ခဲ့ကာ စုစုပေါင်း ၅၇ လုံး ပျက်စီးခဲ့ကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ကျော်ထံမှ သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုဖြစ်ပေါ်သည့်နေရာများကို မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာ/ ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ပျက်စီးမှုဖြစ်ပွားသည့် နေရာများကို သွားရောက်ပြီး ကူညီရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မိုးသောက် (ရွှေဘို)**

# ပေါင်၌ လေပြင်းတိုက်ခတ်၍ နေအိမ် ၁၅ လုံး အမိုးလန်ပျက်စီး

**ပေါင် ဩဂုတ် ၅**

မွန်ပြည်နယ် ပေါင်မြို့နယ် ရင်းငြိမ်မြောက်ကျေးရွာအုပ်စု သဗြုချောင်ကျေးရွာတွင် ဩဂုတ် ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲက လေပြင်းတိုက်ခတ်ပြီး မိုးကြီးသဖြင့် လူနေအိမ် ၁၅ လုံးမှာ သွပ်အမိုးလန်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

လေပြင်းတိုက်ခတ်ရာနေရာသို့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများ သွားရောက်ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပေါင်မြို့နယ်တွင် ပြီးခဲ့သည့် ဇူလိုင် ၂၄ ရက်ကလည်း လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လက်ပံတောကျေးရွာတွင် လူနေအိမ် ၁၁ လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။ **ဇင်မျိုးသူ**

# မဒေါက်မြို့၌ စစ်တောင်းမြစ်ရေ မြင့်တက်မှုကြောင့် ဈေးရွှေ့ခဲ့ရ

**မဒေါက် ဩဂုတ် ၅**

ညောင်လေးပင်မြို့နယ် မဒေါက်မြို့၌ ဩဂုတ် ၅ ရက် နံနက်ပိုင်းက စစ်တောင်းမြစ်ရေအတက်ကြမ်းမှုကြောင့် စည်ပင်သာယာဈေး အနိမ့်ဘက်ခြမ်း ရေဝင်နစ်မြုပ်ခဲ့ပြီး ဈေးသည်များကို အမြင့်ဘက်ခြမ်းရှိ ကားလမ်းမကြီး လမ်းဘေးဝဲ-ယာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

စစ်တောင်းမြစ်ရေမှာဆက်လက်မြင့်တက်နေပြီး နံနက် ၁၀နာရီခွဲက ၁၁၆၄ စင်တီမီတာသို့ ရောက်ရှိနေကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် သုံးပေခန့် ကျော်လွန်နေပြီး လမ်းမကြီးပေါ်ရေကျော်နေ၍ ရပ်ကွက်အနိမ့်ပိုင်းနေရာများ ရေဝင်နစ်မြုပ်လျက်ရှိသည်။ **ရဲမြန်မာ(ညောင်လေးပင်)**



## နွားထိုးကြီးမြို့နယ် နဘဲသာကျေးရွာတွင် မေတ္တာရေစင် စက်ရေတွင်းဖွင့်လှစ်

**နွားထိုးကြီး ဩဂုတ် ၅**

နွားထိုးကြီးမြို့နယ် နဘဲသာကျေးရွာတွင် မေတ္တာရေစင် စက်ရေတွင်းကို ဩဂုတ် ၄ ရက် မွန်းတည့် ၁၂ နာရီက ဖွင့်လှစ်သည်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာလင်းက ရေဘားကိုဖွင့်လှစ်ပေးပြီး ရွှေကြာအင်းကျေးရွာနှင့် နဘဲသာကျေးရွာတို့မှ ပြည်သူများက ပျော်ရွှင်စွာ ရေခပ်ယူခဲ့ကြသည်။

နဘဲသာကျေးရွာတွင် စက်ရေတွင်းပေါင်းများစွာ တူးသော်လည်း ရေငန်များသာထွက်ရှိသဖြင့် သောက်ရေခက်ခဲရာ ယခုအခါ အလှူရှင် ဦးမောင်ကို+ဒေါ်ရွှေဥတို့က လှူဒါန်းသော စက်ရေတွင်းမှ ရေချိုထွက်ရှိသောကြောင့် သောက်ရေ၊ သုံးရေပေါ်များစွာ သုံးရမည်ဖြစ်ကြောင်း သိရသည်။ **သန်းအောင်ဇော်**

## သုခရိပ်မြုံ(မန္တလေး)လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာမဂ္ဂဇင်းထုတ်ဝေမည်

**မန္တလေး ဩဂုတ် ၅**

သုခရိပ်မြုံ (မန္တလေး) လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၏ ရှစ်နှစ်ပြည့် အမှတ်တရ မဂ္ဂဇင်းထုတ်ဝေမည့် ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၄ ရက် မွန်းလွဲ ၁ နာရီက အဆိုပါဂေဟာတွင်ကျင်းပရာ နာယကများဖြစ်ကြသည့် မြဝတီဆရာတော်အရှင်အရိယာဘိဝံသ၊ တိုင်းဒေသကြီး အမျိုးသမီးကော်မတီနာယက ဒေါက်တာယုယုမေ၊ ဒေါက်တာကိုလေး၊ ဥက္ကဋ္ဌဒေါ်မိမိ၊ မဂ္ဂဇင်းအယ်ဒီတာချုပ် ရွှေနောင်ရိုး (မန္တလေး)နှင့် အယ်ဒီတာအဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်များ၊ ဂေဟာမှတာဝန်ရှိသူများ တက်ရောက်ကာ နာယကများက အသီးသီးအမှာစကားပြောကြားကြပြီး မဂ္ဂဇင်းကော်မတီ အယ်ဒီတာချုပ် ရွှေနောင်ရိုး (မန္တလေး) က မဂ္ဂဇင်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ စာမူရရှိမှု အခြေအနေများနှင့် ရန်ပုံငွေအခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါဂေဟာကို HIV ရောဂါပိုးကူးစက်ခံ မိဘမဲ့ကလေးများအား စနစ်တကျ ပြုစုစောင့်ရှောက်ပြီး မိသားစုပုံသဏ္ဌာန် နေထိုင်ကြီးပြင်းစေကာ ပညာရေး၊ ကျန်းမာရေးတို့အတွက် တစ်သက်တာစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ရည်ရွယ်ကာ မိဘနှစ်ဦးစလုံးမရှိတော့သည့် HIV ကူးစက်ခံကလေးငယ်များ၊ အမိအဘတစ်ဦးရှိသော်လည်း ဝေဒနာခံစားနေရခြင်းကြောင့် ကလေးငယ်များစောင့်ရှောက်ရန် အခြေအနေမရှိသည့် ရောဂါကူးစက်ခံ ကလေးငယ်များ၊ အသက်တစ်နှစ်ခွဲမှ ၁၂ နှစ်အထိ လက်ခံဆောင်ရွက်ပေးလျက်ရှိရာ လာမည့်ဇန်နဝါရီလတွင် ရှစ်နှစ်ပြည့်မြောက်တော့မည်ဖြစ်၍ အမှတ်တရ ထုတ်ဝေသွားနိုင်ရေး အစည်းအဝေးပြုလုပ်ခြင်းဖြစ်သည်။ **ကြေးမုံ**



## ကျောင်းစာကြည့်တိုက် ဆောင်ရွက်ပြီးစီး

**ရေနံချောင်း ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးရေးစီမံချက် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးသည့် အခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ပြုလုပ်သည်။

"အထက(၁) ကျောင်းစာကြည့်တိုက်က နှစ်ပေါင်း ၁၀၀ နီးပါးရှိပြီလို့ သိရပါတယ်။ နိုင်ငံတော်အစိုးရရဲ့အစီအစဉ်နဲ့ ပထမဆုံးအကြိမ် ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးရေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီစာကြည့်တိုက်မှာဆိုရင် သုတ၊ ရသစာအုပ်ပေါင်း ၁၀၀၀၀ နီးပါးရှိပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဒေါ်ခင်ကြည်တို့ရဲ့ လက်ရေးမူတွေကိုလည်း ကျောင်းသား ကျောင်းသူလေးတွေ လေ့လာနိုင်ဖို့ ထားရှိပေးထားပါတယ်။ ပြီးတော့ ခေတ်အဆက်ဆက် အထက(၁)က လူရည်ချွန်ကျောင်းသားကြီးတွေရဲ့ ဓာတ်ပုံတွေကိုလည်း အတုယူတတ်စေဖို့ ချိတ်ဆွဲပေးထားပါတယ်"ဟု အထက(၁) ကျောင်းအုပ်ဆရာကြီး ဦးညွန့်ဝေက ပြောသည်။

ကျောင်းသား ကျောင်းသူလေးများ ကျောင်းစာအပြင် ပြင်ပဗဟုသုတများရရှိစေရန် နေ့စဉ် အတန်းအလိုက်၊ အသင်းအလိုက် စာကြည့်တိုက်ကို သွားရောက်ဖတ်ရှုလေ့လာစေပြီး အမှတ်ပေးစနစ်ဖြင့် စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ **ကိုစိုးကြီး**



## ပူတာအို၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး ဆွေးနွေး



**ပူတာအို ဩဂုတ် ၅**

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားလာစေရေးနှင့် အမှတ်ပေးစည်းမျဉ်းစည်းကမ်းနှင့်အညီ ဖြေဆိုနိုင်စေရန်အတွက် ဆွေးနွေးဟောပြောပွဲကို ဩဂုတ် ၄ ရက် နံနက် ၈ နာရီတွင် အခြေခံပညာအထက်တန်း ကျောင်း (ပူတာအို) အောင်ဆန်းခန်းမ၌ ကျင်းပသည်။

မြစ်ကြီးနားတက္ကသိုလ်မှ ဘာသာရပ်ပိုင်းဆိုင်ရာ ဆရာကြီး ဆရာမကြီး ၁၀ ဦးတို့က သက်ဆိုင်ရာဘာသာရပ်အလိုက် သိမှတ်ဖွယ်ရာများဆွေးနွေးပို့ချပြီး အမှတ်ပေးစည်းမျဉ်းနှင့်ကိုက်ညီသည့် ဖြေဆိုမှုပိုင်းဆိုင်ရာများ၊ စနစ်တကျဖတ်မှတ်ရေးသားနည်းဆိုင်ရာများအကြောင်း ဟောပြောရာ ကျောင်းသားကျောင်းသူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ပူတာအိုမြို့နယ်နှင့် မချမ်းဘောမြို့နယ်တို့ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူဦးရေ ၁၃၀၀ ကျော်နှင့် ဆရာဆရာမများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဆန်းညွန့်(ပူတာအို)**

## ရမည်းသင်းမြို့နယ်တွင် စွန့်ဦးတီထွင် စီးပွားရေးသင်တန်းဖွင့်ပွဲ ကျင်းပ

**ရမည်းသင်း ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် လူမှုထူးချွန်စာကြည့်တိုက်တွင် ဩဂုတ် ၃ ရက် မွန်းလွဲ ၁ နာရီက စွန့်ဦးတီထွင် စီးပွားရေးသင်တန်း ဖွင့်လှစ်သင်ကြားသည်။

အဆိုပါသင်တန်းကို ILO အသိအမှတ်ပြု သင်တန်းကျောင်းသင်တန်းနည်းပြဆရာ ရမည်းသင်းမြို့နယ် စိန်လသာသင်တန်းကျောင်းတာဝန်ခံ ဦးဇော်မင်းစိုး၊ ပျော်ဘွယ်မြို့နယ်မှ ဦးဇော်ဇော်ဝင်းနှင့် နေပြည်တော်တပ်ကုန်းမြို့မှ ဦးကျော်စွာလွင်တို့က ဒေသတွင်းစီးပွားရေးလုပ်ငန်းရှင်များ ရေရှည်အောင်မြင်နိုင်ရန် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များ အောင်မြင်စေရေး၊ လုပ်ငန်းလည်ပတ်မှု စနစ်တကျရှိစေရေး၊ ကိုင်တွယ်ထိန်းသိမ်းမှုနှင့် စီမံခန့်ခွဲမှုပညာရပ်တို့ကို လက်တွေ့ကျကျ သင်ကြားပို့ချသည်။

စွန့်ဦးတီထွင်စီးပွားရေးစီမံခန့်ခွဲမှုသင်တန်းတွင် လုပ်ငန်းရှင်များ၊ ကျောင်းသား ကျောင်းသူများ မိမိကိုယ်တိုင် စီမံခန့်ခွဲခြင်းနည်းပညာ၊ ယုံကြည်မှုရှိစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ရှာဖွေဖော်ထုတ်နိုင်မည့် ဒေသတွင်း စွန့်ဦးတီထွင် လူငယ်များဖြစ်စေရန် စာတွေ့လက်တွေ့ ခြောက်ရက်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၂၆ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ဇော်ဝင်းအောင်**
**(ရမည်းသင်း)**

## ရန်ကုန်တွင် ပန်းချီပြပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်နှင့် ပခုက္ကူခရိုင်မှ ပန်းချီဆရာများစုပေါင်း၍ Different Unity ပန်းချီပြပွဲကို ဩဂုတ် ၂ ရက်မှ ၄ ရက်အထိ ဗိုလ်တထောင်မြို့နယ် ၄၃ လမ်း 43 Gallery ၌ ကျင်းပသည်။

အဆိုပါပြပွဲတွင် ရန်ကုန်မြို့မှ ပန်းချီကောင်းထက်၊ ဆိပ်ဖြူမြို့နယ်မှ ပန်းချီဖြိုးဝေညွန့်ရွှေနှင့် ပန်းချီဇော်ဇော်လင်း၊ မြစ်ခြေမြို့မှ ပန်းချီ လင်းသျှိလတို့က ပန်းချီကား ၅၅ ကားကို သုံးရက်ကြာ ပါဝင်ပြသခဲ့ကြောင်း သိရသည်။ **ကိုဇော်(ခတု)**

## အပြုသဘောဆောင်သော စည်းကမ်းပေးခြင်းနှင့် စိတ်ပညာရှုထောင့်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ကျင်းပ

**ပုလော ဩဂုတ် ၅**

ကလေးငယ်များအား အပြုသဘောဆောင်သော စည်းကမ်းပေးခြင်းနှင့် စိတ်ပညာရှုထောင့်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ဩဂုတ် ၄ ရက် နံနက် ၉ နာရီက ပုလောမြို့နယ် ကမ်းရိုးတန်းရတနာခန်းမ၌ ကျင်းပသည်။

ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ဝေါလ်ဗီးရှင်းတာဝန်ခံ နော်ပိဘိက လူမှုကွန်ရက်ပေါ်တွင် လိင်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို အိမ်နှင့်ကျောင်းများတွင် အများဆုံးတွေ့ရှိရပြီး ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ မကာကွယ်ပေးပါက စိတ်ပိုင်းဆိုင်ရာနာကျင်၍ အနာဂတ်တွင် ထိခိုက်နိုင်ကြောင်း၊ ကလေးများအား အကြမ်းဖက်မှုမရှိစေရန် ပူးပေါင်းဆောင်ရွက်ရန်နှင့် အကြမ်းဖက်မှုများ ရပ်တန့်ရန်အတွက် လက်တွဲဆောင်ရွက်လိုကြောင်း ပြောကြားသည်။

ယင်းနောက် စိတ်ပညာဌာန တွဲဖက်ပါမောက္ခ (ငြိမ်း) ဒေါ်သက်ထားဝင်းက စိတ်ရောဂါဖြစ်ပွားမှုသည် ငယ်စဉ်ကလေးဘဝအရွယ်တွင် စိတ်ဒဏ်ရာများရရှိခြင်းကြောင့်ဖြစ်ခြင်း စသည့်အကြောင်းအရာများကိုပြောကြားခဲ့ပြီး ပညာပေးဗီဒီယိုများ ပြသပေးခဲ့သည်။

ထို့နောက် စိတ်ပညာဌာန ပါမောက္ခ/ဌာနမှူး (ငြိမ်း) ဒေါက်တာသိန်းလွင်က အပြုသဘောဆောင်သော ဆုံးမသွန်သင်ခြင်းနှင့်ပတ်သက်၍ ကလေးငယ်များသည် အလွန်စူးစမ်းပြီး သိလိုမှုများပြားကြောင်း၊ ကလေးငယ်များသည် လိုချင်မှုများပြားသောကြောင့် နားလည်မှုပေးရန်လိုအပ်ကြောင်း၊ လူအချင်းချင်းဆက်ဆံရာတွင် အပြန်အလှန်လေးစားမှု နားလည်မှုရှိစေရန်လိုအပ်ကြောင်း စသည့်ဆုံးမသွန်သင်ခြင်း အကြောင်းအရာများကို ပြောကြားခဲ့သည်။ **ထူးဝေယံ(ပြန်/ဆက်)**

# လီဗာပူးအသင်းက မစ်ဂ်နိုလက်နေရာတွင် အစားထိုးရန် ဝက်စ်ဟမ်းဂိုးသမားဟောင်း အက်ဒရီယန်ကို ခေါ်ယူမည်

ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းဟာ ဂိုးသမားမစ်ဂ်နိုလက်ရဲ့နေရာမှာ အစားထိုးဖို့အတွက် ဝက်စ်ဟမ်းအသင်းရဲ့ ဂိုးသမားဟောင်းတစ်ဦးဖြစ်တဲ့ အက်ဒရီယန်အား ခေါ်ယူဖို့စီစဉ်နေတယ်လို့ သိရပါတယ်။

လီဗာပူးအသင်းရဲ့ဂိုးသမားမစ်ဂ်နိုလက်ဟာ ဘရုဂျက်စ်အသင်းဆီကို ပြောင်းရွှေ့သွားခဲ့တာလည်းဖြစ်ပါတယ်။




အသက် ၃၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အက်ဒရီယန်ဟာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ဝက်စ်ဟမ်းအသင်းဆီကနေ ထွက်ခွာသွားခဲ့တာဖြစ်လို့ လက်ရှိအချိန်မှာ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ရနိုင်လိမ့်မယ်လို့ လီဗာပူးအသင်းက မျှော်လင့်ထားတာလည်းဖြစ်ပါတယ်။

ဂိုးသမားအက်ဒရီယန်ဟာ ၂၀၁၃ ခုနှစ်က စပိန်လာလီဂါကလပ် ရီးယဲလ်ဘက်တစ်အသင်းကနေ ဝက်စ်ဟမ်းအသင်းကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး ဝက်စ်ဟမ်းအသင်းနဲ့အတူ ခြောက်နှစ်ကြာဖြတ်သန်းခဲ့ရာမှာ ပွဲစဉ် ၁၅၀ အထိ ပါဝင်ကစားပေးခဲ့တာဖြစ်ပါတယ်။

ဘယ်လ်ဂျီယံဂိုးသမား မစ်ဂ်နိုလက်ဟာ လီဗာပူးအသင်းကနေ ဘရုဂျက်စ်အသင်းကို ပြောင်းရွှေ့ကြေးပေါင် ၆ ဒသမ ၄ သန်းနဲ့ ပြောင်းရွှေ့ခဲ့ပြီးနောက် လီဗာပူးအသင်းရဲ့ ပထမဆုံးခေါ်ယူမယ့် အစားထိုးဂိုးသမားဟာ အက်ဒရီယန်ဖြစ်လာခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းသို့ အက်ဒရီယန် ရောက်ရှိလာမယ်ဆိုရင်တော့ ဗန်ဒန်ဘာ့နဲ့ အဲလီယာ့တို့ကို ခေါ်ယူထားပြီးဖြစ်တဲ့ လီဗာပူးအသင်းအတွက် တတိယမြောက်ခေါ်ယူတဲ့ ကစားသမားလည်းဖြစ်လာမှာဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

## ပေါ့ဘာအား ကမ်းလှမ်းလာမှု မန်ယူ ငြင်းဆို

ရီးယဲလ်မက်ဒရစ်အသင်းဟာ မန်ယူအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဘာကို ခေါ်ယူဖို့ ကမ်းလှမ်းခဲ့ပေမယ့် မန်ယူအသင်းကတော့ ရီးယဲလ်မက်ဒရစ်အသင်းရဲ့ကမ်းလှမ်းလာမှုကို ငြင်းဆိုလိုက်ပါတယ်။

ကွင်းလယ်ကစားသမား ပေါ့ဘာဟာ မန်ယူအသင်းကနေ ထွက်ခွာမယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်ခဲ့တာကြောင့် ရီးယဲလ်မက်ဒရစ်အသင်းက ကမ်းလှမ်းလာခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းက ပေါ့ဘာကို ရရှိမယ်ဆိုရင် ဂျိမ်းစ်ရိုဒရီဂွက်ဇ်အပါအဝင် နောက်ထပ် ၂၇ ဒသမ ၄ သန်းအထိပေးမယ်လို့လည်း ဆိုပါတယ်။

အဲဒီကမ်းလှမ်းမှုဟာ တန်ဖိုးအားဖြင့် ပေါင်သန်း ၁၅၀ သာရှိသောကြောင့် မန်ယူအသင်းက ငြင်းဆိုခဲ့တာလည်းဖြစ်ပါတယ်။ ဒါ့အပြင် ကွင်းလယ်ကစားသမားပေါ့ဘာဟာ မန်ယူအသင်းမှာ ဆက်ရှိနေမယ်လို့ နည်းပြဆိုးရှားက ဆက်လက်ပြောကြားခဲ့ပါတယ်။




# ကန်ဆယ်လိုကို ခေါ်ယူဖို့အတွက် ဂျူဗင်တပ်နှင့် မန်စီးတီးဆွေးနွေး

ပရီမီယာလိဂ်လက်ရှိချန်ပီယံ မန်စီးတီးအသင်းဟာ ပေါ်တူဂီညာနောက်ခံကစားသမား ကန်ဆယ်လိုကို ခေါ်ယူဖို့အတွက် ဂျူဗင်တပ်အသင်းနဲ့ ဆွေးနွေးမှုတွေပြုလုပ်နေတယ်လို့ သိရပါတယ်။

လက်ရှိမှာ ကန်ဆယ်လိုကို ခေါ်ယူဖို့အတွက် မန်စီးတီးနဲ့ ဂျူဗင်တပ်တို့ သဘောတူညီမှု မရရှိသေးပေမယ့် မန်စီးတီးအသင်းနည်းပြ ဂွာဒီယိုလာကတော့ ညာခြမ်းနောက်တန်းမှာ အင်အားတောင့်တင်းမှုရှိဖို့အတွက် ကန်ဆယ်လိုကို အဓိကပစ်မှတ်ထားနေတယ်လို့ ဆိုပါတယ်။

လက်ရှိမန်စီးတီးအသင်းရဲ့ ညာနောက်ခံနေရာမှာ ပေါင် ၄၅ သန်းနဲ့ ဝယ်ယူထားတဲ့ အင်္ဂလန်နောက်တန်းကစားသမား ကီလီဝေါကာရှိနေပေမယ့် အသင်းရဲ့အင်အားတောင့်တင်းမှုအတွက် အလိုရှိနေတာဖြစ်ပါတယ်။ အသက် ၂၅ နှစ်အရွယ်ရှိ ကန်ဆယ်လိုဟာ ဘယ်နောက်ခံနေရာမှာ ကစားနိုင်တဲ့အပြင် တိုက်စစ်အထိပါလိုက်ပါကစားနိုင်တာမို့ နည်းပြဂွာဒီယိုလာက စိတ်ဝင်စားနေတာဖြစ်ပါတယ်။

ကန်ဆယ်လိုဟာ ၂၀၁၈ ခုနှစ်အတွင်းက ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်းနဲ့ ဗလင်စီယာအသင်းကနေ ဂျူဗင်တပ်အသင်းကို ပြောင်းရွှေ့ခဲ့တာလည်းဖြစ်ပါတယ်။ ကန်ဆယ်လိုဟာ အခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ပေါ်တူဂီအသင်း ယူအီးအက်ဖ်အေနေးရှင်းလိဂ် ရရှိခဲ့စဉ်က ပေါ်တူဂီအသင်းရဲ့ အဓိကကစားသမားအဖြစ် ပါဝင်ခဲ့တာလည်းဖြစ်ပါတယ်။

## အနုပညာ




# ချစ်သူတွေအဖြစ် လက်တွဲနေတဲ့ဂျီဟိုနဲ့ ကန်ဒန်နီရယ်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကေပေါ့ပ်ကြယ်ပွင့်စုံတွဲတစ်တွဲ ထပ်မံပေါ်ထွက်လာခဲ့ပြီဖြစ်ပါတယ်။ အမျိုးသားတေးဂီတအဖွဲ့ "Wanna One" ရဲ့အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်တဲ့ ကန်ဒန်နီရယ်နဲ့ အမျိုးသမီးတေးဂီတအဖွဲ့ "TWICE" ရဲ့အဖွဲ့ဝင် ဂျီဟိုတို့ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေပေါ်ထွက်ခဲ့ပြီး လတ်တလောမှာ နှစ်ဖက်အေဂျင်စီကလည်း ဒီသတင်းတွေမှန်ကန်ကြောင်း အတည်ပြုပေးတာဖြစ်တယ်လို့ အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကန်ဒန်နီရယ်နဲ့ ဂျီဟိုတို့နှစ်ဦးချိန်းဆိုတွေ့ဆုံစဉ် ရိုက်ကူးထားတဲ့ဓာတ်ပုံတွေဟာ အွန်လိုင်းမီဒီယာတွေပေါ်မှာ ပျံ့နှံ့ခဲ့ပြီးနောက်သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြောင်း ဝေဖန်သံတွေ ပေါ်ထွက်လာခဲ့ပါတယ်။ ဒီလိုသတင်းတွေ ထွက်လာခဲ့ပြီးနောက်မှာတော့ ကြယ်ပွင့်တွေရဲ့ အေဂျင်စီတွေက ချစ်သူတွေဖြစ်နေကြောင်း အတည်ပြုခဲ့တာပါ။

ဂျီဟိုနဲ့ ကန်ဒန်နီရယ်တို့ဟာ ယခုနှစ်အစပိုင်းမှာ စတင်လက်တွဲခဲ့တာ ဖြစ်ပါတယ်။ သူတို့နှစ်ဦးနဲ့ ရင်းနှီးတဲ့ စီနီယာတစ်ဦးကနေတစ်ဆင့် စတင်သိကျွမ်းခဲ့ကြပြီး ချစ်သူတွေဖြစ်ခဲ့ကြတာလို့လည်း သိရပါတယ်။ သူတို့နှစ်ဦးဟာ များပြားလွန်းတဲ့ အနုပညာလှုပ်ရှားမှု အစီအစဉ်တွေကြားကပင် တစ်ဦးနဲ့တစ်ဦး အချိန်ပေးကာ တွေ့ဆုံလေ့ရှိပါတယ်။ အနည်းဆုံး တစ်ပတ်မှာတစ်ကြိမ် တွေ့ဆုံလေ့ရှိပြီး နိုင်ငံခြားခရီးစဉ် မထွက်ခွာမီနဲ့ ပြန်လည်ရောက်ရှိပြီး နောက်နေ့တွေမှာတွေ့ဆုံလေ့ရှိတယ်လို့လည်း သိရပါတယ်။

ဂျီဟိုဟာ မကြာသေးမီက အခြားသော အဖွဲ့ဝင်တွေနဲ့အတူ အမေရိကန်နယ်လှည့်တေးဂီတဖျော်ဖြေပွဲတွေကို သွားရောက်ဖျော်ဖြေခဲ့ပါတယ်။ ကန်ဒန်နီရယ်ကလည်း သူ့ရဲ့ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်အတွက် အလုပ်တွေများနေခဲ့ပေမယ့် သူတို့နှစ်ဦး တွေ့ဆုံခဲ့ကြတာကို တွေ့ခဲ့ရပါတယ်။ ကန်ဒန်နီရယ်ရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်အတွက် ဂျီဟိုက ကူညီပေးနေတာဖြစ်တယ်လို့လည်း သိရပါတယ်။

**အေးပြည့်-စုစည်းသည်**

# G-Dragon ရဲ့တစ်ကိုယ်တော်ပန်းချီပြပွဲ ပြုလုပ်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BIG BANG" ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ G-Dragon ဟာ လတ်တလောမှာ စစ်မှုထမ်းဆောင်နေဆဲဖြစ်ပေမယ့် သူ့ရဲ့အနုပညာလှုပ်ရှားမှုက ရပ်တန့်မသွားခဲ့ပါဘူး။ ယခုနှစ်အတွင်းမှာ စစ်မှုထမ်းရက်တွေ ပြီးဆုံးမှာဖြစ်တဲ့ G-Dragon ဟာ စစ်မှုထမ်းဆောင်နေဆဲမှာပင် သူ့ရဲ့တစ်ကိုယ်တော်ပန်းချီပြပွဲကို ထိုင်ဝမ်မှာ ပြုလုပ်ခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလော ပြုလုပ်ခဲ့တဲ့ အဆိုပါ ပန်းချီပြပွဲဟာ ပေါ့ပ်ကြယ်ပွင့်အတွက် ပထမဆုံးအကြိမ် ပြုလုပ်တဲ့ ပန်းချီပြပွဲဖြစ်ပါတယ်။ ဒီပြပွဲကို ဩဂုတ် ၁ ရက်မှာ စတင်ဖွင့်လှစ်ခဲ့တာဖြစ်ပြီး စစ်မှုထမ်းရက်တွေကို မစတင်မီက G-Dragon ရေးဆွဲခဲ့တဲ့ ပန်းချီလက်ရာတွေကို စုစည်းပြသထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

G-Dragon ရဲ့ ပြပွဲကို " Untitled, 2017" လို့ အမည်ပေးထားပြီး ဒီပြပွဲမှာ တေးသံရှင်ရဲ့အတွေးတွေကို ပုံဖော်ထားတဲ့လက်ရာတွေ ပြသထားပါတယ်။ ယခင်က G-Dragon ဟာ သူ့ရဲ့ခံစားချက်တွေကို စာသားတွေအဖြစ် ချရေးလေ့ရှိပေမယ့် သူ့မှာ ထုတ်ဖော်ပြောကြားလိုတာတွေ များလွန်းတာကြောင့် ပန်းချီကားအဖြစ် ပုံဖော်ထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

ပေါ့ပ်ကြယ်ပွင့်ရဲ့ပန်းချီပြပွဲမှာ အဓိကဆွဲဆောင်မှုရှိတဲ့ ပြခန်းကတော့ " Flower Road" လို့အမည်ရပြီး ပန်းချီကားခြောက်ကား ပြသထားတာဖြစ်ပါတယ်။ ဒီပန်းချီကားတစ်ချပ်စီကို ထိုင်ဝမ်ဒေါ်လာ ၂၁၈ ဒေါ်လာနဲ့ ရောင်းချသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ ပြပွဲလက်မှတ်တွေကို အကန့်အသတ်နဲ့ ရောင်းချထားပါတယ်။ အကြောင်းကတော့ ပြပွဲခန်းမဟာ တစ်ကြိမ်မှာ လာရောက်ကြည့်ရှုသူ ၄၀ ကိုသာ လက်ခံနိုင်တာကြောင့်ဖြစ်ပြီး လက်ရှိအချိန်အထိ ပြည်ပမှ ပရိသတ်ဒါဇင်များစွာ G-Dragon ရဲ့ လက်ရာတွေကို လာရောက်လေ့လာခဲ့ကြောင်းလည်း သိရပါတယ်။

ထိုင်ဝမ်က ပြပွဲကို ဩဂုတ် ၁၈ ရက်အထိ ဖွင့်လှစ်သွားမှာဖြစ်ပြီး အဲဒီနောက်မှာ စင်ကာပူ၊ ရှန်ဟိုင်း၊ ဗန်ကောက်၊ ဂျကာတာနဲ့ ဟောင်ကောင်တို့မှာ သွားရောက်ပြသဖို့ရာ စီစဉ်ထားပါတယ်။ G-Dragon ဟာ လာမယ့် အောက်တိုဘာ ၂၆ ရက်မှာ စစ်မှုထမ်းရက်တွေ ပြီးဆုံးမှာဖြစ်ကြောင်းလည်း သိရပါတယ်။



## စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | |
|---|---|---|---|
| (၁) **အင်္ဂလိပ်စာ** | ၀၉၀၀ နာရီမှ | ၁၁၀၀ နာရီအထိ။ | |
| (၂) **ဇီဝဗေဒ** | ၁၃၀၀ နာရီမှ | ၁၅၀၀ နာရီအထိ။ | |

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | |
|---|---|---|
| (၁) **အင်္ဂလိပ်စာ** | ၀၉၀၀ နာရီမှ | ၁၁၀၀ နာရီအထိ။ |
| (၂) **သင်္ချာ** | ၁၃၀၀ နာရီမှ | ၁၅၀၀ နာရီအထိ။ |

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | |
|---|---|---|
| (၁) **အင်္ဂလိပ်စာ** | ၀၉၀၀ နာရီမှ | ၁၁၀၀ နာရီအထိ။ |
| (၂) **သင်္ချာ** | ၁၃၀၀ နာရီမှ | ၁၅၀၀ နာရီအထိ။ |

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

| | |
|---|---|
| (က) **နေပြည်တော်** | အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်းခန်းမ။ |
| (ခ) **မြစ်ကြီးနားမြို့** | တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။ |
| (ဂ) **လားရှိုးမြို့** | တိုင်းစစ်ဌာနချုပ်ခန်းမ။ |
| (ဃ) **တောင်ကြီးမြို့** | တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။ |
| (င) **နမ့်စန်မြို့** | နမ့်စန်လေတပ်စခန်းဌာနချုပ်ခန်းမ။ |
| (စ) **ကျိုင်းတုံမြို့** | တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။ |
| (ဆ) **မော်လမြိုင်မြို့** | အထက၊ ရွှေနတ်တောင်။ |
| (ဇ) **မြိတ်မြို့** | တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။ |
| (ဈ) **ရန်ကုန်မြို့** | တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။ |
| (ည) **ပုသိမ်မြို့** | တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။ |
| (ဋ) **အမ်းမြို့** | တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။ |
| (ဌ) **မုံရွာမြို့** | အထက(၂)၊ အလုံကျောင်း။ |
| (ဍ) **မန္တလေးမြို့** | အထက(၁၈)၊ နန်းမြို့။ |
| (ဎ) **တောင်ငူမြို့** | တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။ |

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့်ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

ဘုရား၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေကန်၊ မုခ်ဦး၊ အုတ်တံတိုင်း ဒါယကာကြီး

## ဦးမြမောင် (ကျုံပျော်)

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့ အမှတ်(၁၀၉)၊ D-2/3၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်နေ (ဦးမောင်ရေ-ဒေါ်ဂျမ်း)တို့၏ သား၊ မြနန္ဒာကျောင်းတိုက် ဆရာတော် ဦးနန္ဒိယ၏ အလှူဒါယကာကြီး၊ မြနန္ဒာသာသနာပြု၊ ဒေါ်နီနီအေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမိုးယုဝင်း-ဒေါ်မြဉမ္မာ၊ ဦးကိုကိုမောင်-ဒေါ်ခင်သီတာဖြိုး၊ ဦးညီညီမောင်(ခိုင်စိုး)-ဒေါ်မီမီလွင်၊ ဒေါ်မြသန္တာတို့၏ ဖခင်၊ ရတနာမိုးယု၊ မွှေးအိန္ဒြာမိုးယု၊ နန္ဒဝင်းထွဋ်၊ သီဟန်မိုးယု၊ နန္ဒရတနာတို့၏အဘိုး **ငါးထပ်ကြီးဘုရား၊ ဂေါပကအဖွဲ့ဝင် (ငြိမ်း)၊ မြနန္ဒာရာမ မြို့ဦးကျောင်းတိုက် ဒါယကာကြီး၊ ရုပ်ရှင်မင်းသားဟောင်းကြီး၊ ရွှေနဂါးဗီဒီရို၊ ရွှေမင်းသားဆေးဆိုးပန်းရိုက် ကော်မာလုပ်ငန်း- ငါးထပ်ကြီးကျောင်းတိုက် ရာသက်ပန်ဆွမ်းအလှူရှင် ဦးမြမောင်**သည် ၄-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၀၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေး သုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၁၀-၈-၂၀၁၉ (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရီ

**အသက်(၈၀)**

ရန်ကုန်မြို့ ဒေါပုံမြို့နယ်၊ အမှတ်(၁၆၈)၊ စံပြ(၂)လမ်း၊ ယမုံနာ(၂)ရပ်ကွက်နေ (ဦးလှဖေ-ဒေါ်သိန်း) တို့၏ သမီးချွေးမ၊ (ဦးဘချစ်-ဒေါ်လှရင်)တို့၏ သမီး၊ ဦးမြ (Ship Design and Construction Engineer ဒေါပုံသင်္ဘောကျင်း-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးကျော်သန်း (မြကန်သာ-သင်္ဘောကျင်း)-ဒေါ်မြမြရီ (လ/ထ ညွှန်မှူး၊ ရေကြောင်းဦးစီးဌာန)၊ ဦးမိုးရဲဇော် (အကောက်ခွန်-ငြိမ်း)-ဒေါ်ခင်စန်းရီ၊ ဒေါ်ခင်မျိုးရီ (S.A.E၊ စစ်ဆေးရေးဌာန၊ YCDC)တို့၏ ချစ်လှစွာသောမိခင်၊ မောင်ဇေယျာနောင် (Production Engineer, Nawarat Advance Prefabt Myanmar)၊ မောင်ဇေယျာနိုင် (1st Yr, Botany, E.Y.U)၊ မရွှေယမင်းဦး (1st Yr, Law, E.Y.U)၊ မောင်ဥက္ကာကျော် (အထက-၂၊ ဗိုလ်တထောင်)တို့၏ ဘွားဘွား သည် ၃-၈-၂၀၁၉ (စနေနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာဦးပန်းမြတ်(ခ)ဦးမြင့်စိုး

**(ပုသိမ်မြို့)**

**အသက်(၇၄)နှစ်**

ပုသိမ်မြို့နေ (ဦးမောင်ဟိန်း-ဒေါ်ကြည်ကြည်)တို့၏ သား၊ မော်လမြိုင်မြို့နေ (ဦးယုစိန်-ဒေါ်တင်ထွေး) တို့၏ သားသမက်၊ ဦးဌေးဝင်း-ဒေါ်သူဇာမြ၊ ပါမောက္ခ ဒေါက်တာဦးခင်မောင်သန်း (နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု)-ဒေါက်တာဒေါ်ရင်ရင်လှ၊ ဒေါက်တာဒေါ်သင်းသင်းလှိုင်တို့၏ အစ်ကိုကြီး၊ ဒေါ်ခင်လင်းသူ၏ ဘကြီး၊ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းမြင့်ရိပ်သာလမ်း၊ ရောဝတီသစ်ခွဥယျာဉ်လမ်းသွယ်၊ ၅/၁(B)နေ ဒေါ်နွယ်နွယ်မြင့်(ခ)ဒေါ်ရှီလာစိန်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးခန့်ဇော်-ဒေါ်မြမွန်မွန်ကျော်ထင်၊ ဦးဝင်းမိုး-ဒေါ်စုမြတ်နွယ်၊ ဒေါ်အေးမြတ်နွယ်တို့၏ ဖခင်၊ မောင်ခန့်မင်းထင်၊ မောင်တေဇာခန့်၊ မမြတ်ပန်းမိုး၊ မမြတ်သော်တာမိုးတို့၏ ချစ်လှစွာသောအဘိုး ဒေါက်တာဦးပန်းမြတ်(ခ) ဦးမြင့်စိုးသည် ၄-၈-၂၀၁၉ (တနင်္ဂနွေနေ့) ည ၁၁း၁၅ နာရီတွင် ရန်ကုန်မြို့ နှင်းဆီကုန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၈-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဦးမြတ်ထွဋ် (ထားဝယ်)

**ဂန္ဓာမိကလျာဏဆွမ်းကပ်အဖွဲ့**

**အသက် (၇၁) နှစ်**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ ပါရမီမဥ္ဇူလမ်း၊ အမှတ်(၂၂/F) နေ ဒေါ်သီတာရှိန်၏ချစ်လှစွာသောခင်ပွန်း ဒေါက်တာဦးမြတ်ထွဋ်သည် ၁-၈-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဂေါပကအဖွဲ့**
**ငါးထပ်ကြီးမြတ်စွာဘုရား**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဇင်မာဖုန်း (ဒုတိယညွှန်ကြားရေးမှူး)

**အသက် (၅၉) နှစ်**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၂)၊ အားကစားလေ့ကျင့်ရေးစခန်း (နေပြည်တော်)တွင် တာဝန်ထမ်းဆောင်ခဲ့သော ဒေါ်ဇင်မာဖုန်း(ဒုတိယညွှန်ကြားရေးမှူး) သည် ၅-၈-၂၀၁၉ ရက် (တနင်္လာနေ့) နံနက် ၆ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**အားကစားနှင့်ကာယပညာဦးစီးဌာန**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ လမ်း ဒါယိကာမကြီး

# ဒေါ်ခင်ညွန့် (တောင်ငူ)

## အသက် (၈၉) နှစ်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ စွယ်တော်ရိပ်သာလမ်း၊ (၇/၂၉) ရပ်ကွက်နေ (ဦးပု)၏ဇနီး၊ ဦးလွင်ဦး-ဒေါ်ခင်နီ၊ ဒေါ်ဝါဝါမော်၊ ဦးရန်မျိုးနိုင်-ဒေါ်သန်းသန်းဌေး၊ ဦးမျိုးခိုင်-ဒေါ်သီတာလင်း၊ ဦးမိုးဟိန်း-ဒေါ်သင်းသင်းမော်၊ ဦးထင်လင်းနိုင်တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၃ ယောက်တို့၏အဘွား ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ လမ်းဒါယိကာမကြီး ဒေါ်ခင်ညွန့်သည် ၅-၈-၂၀၁၉ (တနင်္လာနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဆေးရုံ ဒါယကာကြီး

## ဦးရွှေခိုင်

**အသက်(၉၇)နှစ်**

ဖားကူးအရှေ့ကျေးရွာ၊ သန်လျင်မြို့နယ်နေ (ဦးလှဖေ-ဒေါ်မြရှင်)တို့၏ သား၊ (ဦးဖိုးဆိုင်-ဒေါ်ငွေရင်)တို့၏ သားသမက်၊ ဦးတိုး-ဒေါ်လှရီ၊ ဦးကြည်သိန်း-ဒေါ်ရင်စိန်၊ (ဦးကြည်စိန်)-ဒေါ်တင်မြင့်၊ (ဦးကြည်လွင်-ဒေါ်အုန်းသန်း)၊ ဦးမြင့်ဆွေ-(ဒေါ်လှမြင့်)၊ ဦးကျော်သောင်း-ဒေါ်မြင့်စိန်၊ ဦးကျော်ဌေး-ဒေါ်စန်းနု၊ (ဒေါ်တင်စိန်)၊ ဦးစိန်ဌေး-ဒေါ်တင်တင်ထွေး(စိန်ဌေးနှင့်ညီများ-ကားဘော်ဒီဆေးမှုတ်လုပ်ငန်း၊ သာကေတစက်မှုဇုန်)၊ ဦးမောင်သန်း-ဒေါ်လှဌေး၊ ဦးထွန်းမြင့်-ဒေါ်ခင်ညို၊ ဦးကျော်မင်း-ဒေါ်စန်းယုခိုင် (စိန်ဌေးနှင့်ညီများ ကားဘော်ဒီဆေးမှုတ်လုပ်ငန်း၊ မေတ္တာညွန့်စက်မှု-၁လမ်း၊ တာမွေ)တို့၏ မွေးသဖခင်၊ ဒေါ်ခင်ဈေ၏ခင်ပွန်း၊ မြေး ၄၅ ယောက်၊ မြစ် ၆၅ ယောက်၊ တီလေးယောက်တို့၏ အဘိုးသည် ၄-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ သုမနလမ်း၊ အမှတ်(၁၁၇၆)နေ ဦးစိန်ဌေး-ဒေါ်တင်တင်ထွေး တို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဓမ္မာရုံ ဒါယကာကြီး

## ဦးလှချို (ဖားကူး)

**အသက်(၉၄)နှစ်**

**အမှတ်(၁၇)ဘီရုံ၊ သိမ်ကြီးဈေး**

ပဲခူးမြို့ ရတနာသီရိန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဓမ္မသာရ၏ ရဟန်းခံမည်းတော်ကြီး၊ အမှတ်(၂၁)၊ ဂန္ဓမာလမ်း၊ တပ်မြေ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေ (ဦးအောင်တိုး-ဒေါ်ဖွားသိန်း)တို့၏ သားကြီး၊ (ဒေါ်ကြင်ရှု)၊ (ဦးအုန်းမြင့်)-ဒေါ်လှလှဝင်း၊ ဒေါ်ကျင်စိန်တို့၏ အစ်ကိုကြီး၊ ဦးတင်ထွန်းဝင်း (စီမံကိန်း/အကြံပေး၊ အာရှဖွံ့ဖြိုးရေးဘဏ်)-ဒေါ်ခင်ခင်စိုး၊ ဦးတင်ထွန်းလင်း-ဒေါ်အေးအေးမူ၊ ဦးမင်းမင်း(ငြိမ်း-အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၊ ၂၇ လမ်း)၊ ဒေါ်ခင်ခင်ဝင်း (ကျောက်တံတားကျန်းမာရေးဌာန) တို့၏ကျေးဇူးရှင် ဘကြီး ဦးလှချိုသည် ၄-၈-၂၀၁၉ (တနင်္ဂနွေနေ့) ၄း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဓမ္မာရုံ ဒါယကာကြီး

## ဦးလှချို (ဖားကူး)

**အသက်(၉၄)နှစ်**

**အမှတ်(၁၇)ဘီရုံ၊ သိမ်ကြီးဈေး**

ပဲခူးမြို့ ရတနာသီရိန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဓမ္မသာရ၏ ရဟန်းခံမည်းတော်ကြီး၊ အမှတ် (၇၉/၈၁)၊ (၅၂)လမ်း၊ (အပေါ်ထပ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေ (ဦးအောင်တိုး-ဒေါ်ဖွားသိန်း) တို့၏ သားကြီး၊ (ဒေါ်ကြင်စိန်)၏ ခင်ပွန်း၊ ဦးစိုးသန်း-ဒေါ်မြမြရီ၊ ဦးသိန်းထွန်း (ငြိမ်း-သတ္တဗေဒ)-ဒေါ်သန်းသန်းရီ(ငြိမ်း-သတ္တဗေဒ) တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ကိုအာကာကျော်-ဒေါက်တာချိုဇင်သန်း၊ ဒေါက်တာမေသက်ခိုင် (မကွေးတိုင်းပြည်သူ့ဆေးရုံကြီး)၊ ဒေါက်တာရဲထွန်းဦး (လှိုင်သာယာပြည်သူ့ဆေးရုံကြီး)တို့၏ ကျေးဇူးရှင် အဘိုး ဦးလှချိုသည် ၄-၈-၂၀၁၉ (တနင်္ဂနွေနေ့) ၄း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဒေါ်ခင်သန်း (တံတားရွာ)

**ဆည်မြောင်းဦးစီးဌာန(ငြိမ်း) အသင်းဝင်အမှတ်-၁၄၇၉**

**အသက်(၈၄)နှစ်**

(ဦးလှမောင်-ဒေါ်ငွေညွန့်)တို့၏ သမီး၊ (ဦးထွန်းတင်-ဒေါ်ခင်သောင်း)၊ (ဦးသန်းအောင်-ဒေါ်ခင်သိန်း)တို့၏ ညီမ၊ (ဦးထွန်းသိန်း)-ဒေါ်ညိုတုတ်၊ (ဦးငွေထွန်း)-ဒေါ်ခင်ဆွေ၊ ဦးကျော်ဒင်-(ဒေါ်ခင်ထွေး)၊ (ဦးကျော်မြင့်)တို့၏ အစ်မ၊ (ဦးခင်မောင်ရည်)၏ ဇနီး၊ ဦးမျိုးကျော်သူ (တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်)-ဒေါ်ထက်ထက်၊ ဦးမျိုးကြည်သူ၊ ဒေါ်မျိုးမေသူ၊ ဦးဇော်မင်း(မြန်မာ့မီးရထား၊ ပြင်ဦးလွင်)-ဒေါ်မျိုးခင်သူ၊ ဦးမျိုးငြိမ်းသူ-ဒေါ်စုစုခိုင် (NAT NAN TAW JEWELLE)တို့၏ ချစ်လှစွာသောမိခင်၊ မသိမ့်သိမ့်မောင်၊ မစိမ့်စိမ့်မောင်၊ မမေသူခိုင်၊ မမေသဲခိုင်၊ မောင်ဇော်လင်းထွန်းတို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၅-၈-၂၀၁၉ (တနင်္လာနေ့) နံနက် ၅း၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၇-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်ခန်းမ(၁-က)၌ ဝတ်ပြုကိုးကွယ်ပြီး မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ဦး

**အသက်(၇၉)နှစ်**

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၉/B)ရပ်ကွက်၊ အကောက်ခွန်(၂)လမ်း၊ အမှတ်(၁၀)နေ (ဦးဂေါ်ဟုတ်ဘွန်-ဒေါ်ရီ)တို့၏ သမီးကြီး၊ [ဦးသိန်းဟန် (လ/ထ ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဦးလှမင်းဟန်-ဒေါ်တင်တင်ခိုင်၊ ဒေါ်မူမူဟန်၊ ဒေါ်သင်းသင်းဟန်တို့၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်၊ မဆုရတီထက်ဟန်၏အဘွား ဒေါ်ခင်ဦးသည် ၄-၈-၂၀၁၉ ရက် နံနက် ၁း၂၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၈-၂၀၁၉ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရီ

**အသက် (၈၀)**

ရန်ကုန်မြို့ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ စံပြ(၂)လမ်း၊ အမှတ်(၁၆၈)နေ ဦးကျော်သန်း(မြကန်သာသင်္ဘောကျင်း)-ဒေါ်မြမြရီ(လက်ထောက်ညွှန်ကြားရေးမှူး၊ ရေကြောင်းအင်ဂျင်နီယာဌာနခွဲ)တို့၏မိခင်ကြီး ဒေါ်ရီသည် ၃-၈-၂၀၁၉ (စနေနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးနှင့်အရာထမ်းအမှုထမ်းများ**
**ရေကြောင်းအင်ဂျင်နီယာဌာနခွဲ**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ဇင်မာဖုန်း (ဒုတိယညွှန်ကြားရေးမှူး)

**အသက် (၅၉) နှစ်**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၂)၊ အားကစားလေ့ကျင့်ရေးစခန်း(နေပြည်တော်)တွင် တာဝန်ထမ်းဆောင်ခဲ့သော ဒေါ်ဇင်မာဖုန်း (ဒုတိယညွှန်ကြားရေးမှူး)သည် ၅-၈-၂၀၁၉ ရက် (တနင်္လာနေ့) နံနက် ၆ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ**
**ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ (၂)**
**အားကစားလေ့ကျင့်ရေးစခန်း(နေပြည်တော်)**

## ဦးကျော်သောင်း
**(ရေစကြို)**
**အသက် (၁၀၀)**

ရေစကြိုမြို့နေ (ဦးဘိုးကြင်-ဒေါ်သက်စု)တို့၏ သား၊ မြိုင်မြို့နေ (ဦးဘိုးကျော-ဒေါ်သိန်းမေ)တို့၏ သားသမက်၊ (ဒေါ်သန်းရီ)၏ ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးမျိုးအောင်-ဒေါ်ယဉ်နု၊ နေပြည်တော်နေ ဒေါက်တာဦးသိန်းဝင်း-ပါမောက္ခဒေါက်တာဒေါ်ဆွေဦးလွင်၊ ရေစကြိုမြို့နေ ဒေါ်ခင်ဝင်းမြင့်၊ ဦးသန့်ဇင်တို့ကျေးဇူးရှင်မွေးသဖခင်၊ ဦးဇော်မျိုးဆွေ-ဒေါ်ယဉ်လဲ့မျိုး၊ ဒေါ်တင်မျိုးလှိုင် (စင်ကာပူ)၊ (ဗိုလ်မျိုးသူရထွန်း)၊ ဒေါ်မျိုးသီရိထွန်းတို့၏ အဘိုး၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂-၈-၂၀၁၉ (သောကြာနေ့)တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ ခြံအမှတ်(A-080) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၉ (တနင်္ဂနွေနေ့)တွင် နေပြည်တော်၊ ကွေ့ကြီးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်အေး
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ တိုက်(၂၀၉)၊ အခန်း(၂)နေ (ဦးလှသိန်း)၏ ဇနီး၊ ဦးကျော်သိန်းဒန်-ဒေါ်နွယ်နွယ်ဦး၊ ဦးတင်လှ-ဒေါ်တင်မာလာ၊ ဒေါ်တင်စန္ဒာ၊ ဦးထွန်းထွန်းဦး-ဒေါ်တင်နီလာတို့၏ မိခင်၊ မရူပါထွန်း၊ မောင်ဉာဏ်ပြည့်ဟိန်းတို့၏အဘွား ဒေါ်တင်တင်အေးသည် ၅-၈-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်အေးရီ
**အသက် (၇၅) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ(ဦးအုန်းသာ-ဒေါ်သန်းရင်)တို့၏ သမီး၊ (ဦးသိန်းထွန်း)၏ဇနီး၊ ရန်ကုန်မြို့ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ်(၈၅၂)၊ မြေညီထပ်(ခေါင်းရင်း)နေ ဦးဝင်းမြတ်ထွန်း၊ ဦးကောင်းမြတ်ထွန်း-ဒေါ်မိမိခိုင်၊ ကိုသန်းနိုင်-မချိုချိုငြိမ်း၊ ဦးမျိုးဇော်ထွန်း (Salt Colour Printing House)၊ ဒေါ်ဖြိုးဖြိုးအိ (Htun Tauk media and Advertising)တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၄-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၉း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၉ (အင်္ဂါနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၈-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယကာ**
## ဦးသောင်းစိန်(ခ)ဦးဖိုးထောင်
**(က-ည-န-ငြိမ်း၊ အထက-၁၊ တောင်ဥက္ကလာပကျောင်းသားဟောင်း)**
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်နေ (ဦးခင်မောင်-ဒေါ်တင်တင်)တို့၏ သားကြီး၊ (ဦးသန်းရွှေ-ဒေါ်ကျင်မြ)တို့၏ သားသမက်၊ မဟာမြိုင်အိမ်ရာ၊ တိုက်(၆)၊ အခန်း(ဒီ-၃)၊ ဗဟိုလမ်း၊ (၄၁)တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေ ဦးတင့်ဝေကျော် (GOVERNOR'S RESIDENT HOTEL)-ဒေါ်နှင်းအိခိုင်၊ ဦးခင်ဇော်မျိုး (A.T.W EXPRESS)-ဒေါ်စန်းဝတ်ရည်၊ ဦးရဲဇော်ဦး (R.D.C Co.,Ltd.)-ဒေါ်ယဉ်ယဉ်ဌေး (BEAUTY CUTTES Co.,Ltd.)တို့၏ မွေးသဖခင်၊ မြေးလေးယောက်တို့၏ အဘိုး၊ ဒေါ်လှရီ(ခ)ဒေါ်စန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၅-၈-၂၀၁၉ (တနင်္လာနေ့) နံနက် ၅း၀၅ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ဇင်မာဖုန်း
**ဒုတိယညွှန်ကြားရေးမှူး**
**အားကစားနှင့်ကာယပညာဦးစီးဌာန**
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့ အမှတ်(၁)၊ မြသီရိလမ်း၊ (၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်နေ [ဦးဝေဖုန်း (အား/ကာ-ငြိမ်း)-ဒေါ်သောင်းသောင်းစိုး] တို့၏ သမီး၊ ဦးကျော်ဝင်း-ဒေါ်သီတာဖုန်း(အား/ကာ-ငြိမ်း)တို့၏ ညီမ၊ ကိုဇေယျာမြင့်-မနှင်းအိဝေ၊ ဒေါက်တာနှင်းယုဝေ(လှိုင်ကော်ပြည်သူ့ဆေးရုံ)တို့၏ အဒေါ်၊ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း၊ Cluster(7)၊ တိုက်(၅)၊ အခန်း(၀၃)နေ ဒေါ်ဇင်မာဖုန်းသည် ၅-၈-၂၀၁၉ (တနင်္လာနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက်တွင် သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ထွေးရီ (ဒေါ်မော်လီ)
**အသက် (၈၇) နှစ်**
**အထက်တန်းပြ (ငြိမ်း)၊ အထက(၁) ရွှေဘို**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ မင်းရပ်လမ်းနေ ဦးဂျေဘောနား-ဒေါ်ဘီဘီတို့၏သမီး၊ ဒေါ်သန်းမြင့်(ဒေါ်ပေါ်လီ)၊ ဦးအက်ဘောနားတို့၏ညီမ ဒေါ်ခင်ထွေးရီ (ဒေါ်မော်လီ)သည် ၄-၈-၂၀၁၉ (တနင်္ဂနွေနေ့) ည ၈း၄၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၆-၈-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ကမာရွတ်မြို့နယ်၊ အင်းယားလမ်း၊ အမှတ်(၁၀၄)ရှိ သန့်ရှင်းသော ကားတိုင်ဘုရားကျောင်း၌ ဈာပနဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိမ်း
**မြို့နယ်ရဲတပ်ဖွဲ့မှူး (ငြိမ်း)**
**အသက် (၈၂) နှစ်**
**နာယက၊ ရွှေကျင်နိကာယသာသနာလင်္ကာရ ဓမ္မဗိမာန်တော်ကြီး**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ အမှတ် (၄၉/၅၃)နေ (ဦးလှတော်-ဒေါ်အေးကြည်)တို့၏သား၊ သုဓမ္မသိင်္ဂီဒေါ်ယဉ်ယဉ်နု (မြတ်မွန်ရတနာသင်္ကန်းတိုက်)၏ခင်ပွန်း၊ (ဦးဇေယျာသိမ်း)၊ ဦးသောင်းထွဋ်-ဒေါ်မြင့်မြင့်စိုး(စင်ကာပူ)၊ ဦးကျော်စိုးမိုး-ဒေါ်သန်းသန်းဌေး၊ ဦးတင်စိုးကျော် (လ/ထညွှန်မှူး၊ DMA)-ဒေါ်တင်ရွှေ (အလပြ)၊ ဦးကျော်ဇေယျ၊ ဦးလှမိုးသိမ်းတို့၏ဖခင်၊ မြေး ခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၄-၈-၂၀၁၉ ရက် နံနက် ၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၈-၂၀၁၉ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးနေဝင်း (ပန်းတနော်)
**အထွေထွေမန်နေဂျာ၊ Palm Spring Executive Residence(နေပြည်တော်)**
**မန်နေဂျာ(ငြိမ်း)၊ မြန်မာ့ဆားလုပ်ငန်း**
**သတ္တုတွင်းဝန်ကြီးဌာန**
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၁၆)၊ အခန်း(၃)နေ (ဦးညွန့်မောင်-ဒေါ်ချစ်ခင်)တို့၏ သားလတ်၊ [ဗိုလ်မှူးမြဘူး(ငြိမ်း)]-ဒေါ်သန်းတင်တင် (အထက်တန်းပြ-ငြိမ်း၊ အထက-၁၊ ဒဂုံ)တို့၏ ချစ်လှစွာသော ညီ/မောင်၊ ဦးသန်းထိုက်(ဌာနမှူး၊ ဈေးများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)-(ဒေါက်တာဒေါ်ခိုင်စိုးမြင့်)၊ ဦးမိုးမြစံ (ရွှေဇင်ယော်ဟိန်း Jetty)-ဒေါ်ကျော့ကေသီ၊ ဦးကျော်ကျော်ဝေ(MD ရွှေရည်ထိပ်တန်းကုမ္ပဏီ)-ဒေါက်တာဒေါ်ဝါဝါမဉ္ဇူ (ဓာတ်ရောင်ခြည်အထူးကု YGH)၊ ဒေါ်ဖြူဖြူတို့၏ ချစ်လှစွာသောဦးလေး၊ ကိုကောင်းထိုက်ဦး-မခိုင်စုပိုင်၊ ကိုရဲမာန်၊ မမြပန်းဖြူ၊ မောင်ရဲသွေးအောင်၊ မောင်ဘုန်းမြစံတို့၏ အဘိုး၊ မပျိုးမဒီဦး ၏ ဘိုးဘိုးကြီးသည် ၅-၈-၂၀၁၉ (တနင်္လာနေ့) ၁၂း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၉ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သန်းအေး
**ငွေစာရင်းအရာရှိ-ငြိမ်း၊ ဘဏ္ဍာရေး**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဒေသ(၆)**
**အသက် (၇၄) နှစ်**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ တိုက်(၂၃၃)၊ အခန်း(၄)နေ (ဦးမောင်မောင်-ဒေါ်ကြည်)တို့၏သမီး၊ ဒေါ်ကြည်ကြည်ဝင်း(စက်မှု-၁၊ ငြိမ်း)၏ညီမ၊ ဦးထွန်းဝင်း(စက်မှု-၁၊ ငြိမ်း)-ဒေါ်မြင့်မြင့်ဦး(ရုပ်ရှင်လုပ်ငန်း-ငြိမ်း)၊ ဦးဝေလင်း-ဒေါ်လှလှဝင်း၊ ဦးထွန်းရှိန်(ဦး/ရှိ-ငြိမ်း၊ ပြည်တွင်းအခွန်)-ဒေါ်မြမြထွေး(ဗက-ငြိမ်း)၊ ဦးကြည်ထွန်း-ဒေါ်ယဉ်ယဉ်ကြည်(ထပြ-ငြိမ်း၊ ထ-၁၊ ရန်ကင်း)၊ ဒေါ်ဝင်းဝင်းဌေး(လပြ-ငြိမ်း၊ လေ့ကျင့်ရေးကျောင်း၊ ရန်ကင်း)တို့၏ အစ်မ၊ တူ/တူမ ခုနစ်ယောက် တို့၏အဒေါ်သည် ၄-၈-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၂၀ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၆ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ကြည်ကြည်ဝင်း (ကျုံမငေး)
**အသက် (၆၆) နှစ်**

ကျုံမငေးမြို့နေ [တပ်ကြပ်ကြီးမောင်သောင်း (မော်ကွန်းဝင်တတိယဆင့်)]-ဒေါ်နုတင်တို့၏သမီး၊ ကျုံမငေးမြို့နေ [ဗိုလ်မြ(မော်ကွန်းဝင်ပထမဆင့်)-ဒေါ်တင်အေး]တို့၏ သမီးချွေးမ၊ ကိုနေမျိုးနောင်-မမြစန္ဒာဝင်း၊ ကိုသန်းဝင်းအောင်-မမြကေခိုင်ဝင်း၊ ဒေါက်တာစိုးပြည့်စုံဝင်း(လ/ထဆရာဝန်၊ ရန်ကင်းကလေးဆေးရုံ)တို့၏မိခင်၊ တပ်ကြပ်ကြီးမျိုးညွန့်-ဒေါ်ပူစူးမတို့၏ညီမ၊ တပ်သားဦးဖုန်းမြင့်-ဒေါ်ညိုဦးစိန်၊ တပ်ကြပ်ကျော်ကျော်ဝင်း-ဒေါ်ချိုနွယ်ဦး၊ ဦးသန်းဦး-ဒေါ်သန်းသန်းဌေး၊ (ဒုတပ်ကြပ်ခင်မောင်ထွန်း)တို့၏အစ်မ၊ မြေးလေးယောက်တို့၏အဘွား၊ ဦးခင်မောင်မြ (လ/ထညွှန်မှူး-ငြိမ်း၊ ရန်ကုန်တိုင်း စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ အထွေထွေအတွင်းရေးမှူး-၁၊ မြန်မာနိုင်ငံစီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်း-MIEGA)၏ချစ်လှစွာသောဇနီး ဒေါ်ကြည်ကြည်ဝင်းသည် ၅-၈-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁း၀၅ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ တိုက်ခန်းအမှတ်(၃၄)၊ တိုက်(၁၀)၊ လေးလွှာ၊ ရွှေအုံးပင်အိမ်ရာ(၁) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အနိစ္စ

**ဒေးဒရဲမြို့နယ်အသင်း (ရန်ကုန်)**
## ဦးတင့်ဆန်း (ခ)
## လောင်ကင်ဆန် (၉၁)နှစ်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ (၉) လမ်း၊ အမှတ် (၅၉)နေ ဒေါ်ယုခင် (သက်ကြီးကန်တော့ခံ)၏ ခင်ပွန်း၊ (ဦးကြည်စိန်)-ဒေါ်တင်တင်ဝင်း၊ ဦးကျော်မင်း-ဒေါ်ခင်ခင်လှ၊ ဦးဟန့်ယုံ-ဒေါ်စန်းစန်းရီ၊ ဦးအောင်တိုး-ဒေါ်တင်တင်အေး၊ ဦးအောင်ဝင်း-ဒေါ်ရှုရှုမ်း၊ ဦးမျိုးဝင်း၊ ဦးသန့်ဇင်ထွေး-ဒေါ်သင်းသင်းလှိုင်တို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏ အဘိုးသည် ၁-၈-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၉ ရက်တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

ဒေးဒရဲအသင်း အမှုဆောင်အဖွဲ့

## ဦးစိန်အေး(ခ)ဦးခိန်အေး
**(ကျုံမငေး)**
**အသက်(၇၉)နှစ်**
**မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်(ငြိမ်း)**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၅၀)ရပ်ကွက်၊ နေကြာ(၂)လမ်း၊ အမှတ်(၃၄၉)နေ (ဦးဘန်ဂုက်-ဒေါ်စိန်မြင့်)တို့၏ သား၊ (ဦးမြင့်ဟန်-ဒေါ်ကျင်ဆွဲ) တို့၏ သားသမက်၊ ဒေါ်မြင့်ကြည်၏ ခင်ပွန်း၊ ဒေါက်တာဦးဟန်စိုး-ဒေါက်တာသန်းသန်းအေး၊ (ဦးမြတ်စိုး-ဒေါ်ဖြူဖြူစိုး) တို့၏ ဖခင်၊ မလှိုင်းမိုမိုဟန်၊ မောင်အောင်သူထက်-မခင်မာလာစိုး(ကမ္ဘောဇဘဏ်၊ မင်္ဂလာဈေး-၁)၊ မောင်သွင်မောင်မောင်ဟန်တို့၏ အဘိုးသည် ၅-၈-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀) ရပ်ကွက်၊ နေကြာ(၂)လမ်း၊ အမှတ်(၃၄၉) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်အိုးဝေ (တောင်ကြီး)
**အသက် (၇၁) နှစ်**

ရန်ကုန်မြို့ တာမွေမြို့နယ်၊ ဒဂုံသီရိလမ်း၊ အမှတ်(၃၁)၊ ငါးလွှာနေ (ဦးစံဖေ)-ဒေါ်လှသင်းတို့၏သမီးကြီး၊ ဦးတင်အောင်၏ဇနီး၊ ဦးစန်းဦး-ဒေါ်ခင်နှင်းဝေ၊ ဦးမိုးဝေ-ဒေါ်ခင်သိန်းအေးတို့၏အစ်မကြီး၊ မောင်နေမင်းအောင်၊ မောင်လမင်းအောင် (Lizstar Ship Management)-မလှဆန်းယဉ်တို့၏မိခင် ဒေါ်ခင်အိုးဝေသည် ၅-၈-၂၀၁၉ ရက် ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းရွှေ
**အသက် (၉၆) နှစ်**
**(မော်လမြိုင်ကျွန်း၊ ပျားမွှတ်ရွာ)**

မော်လမြိုင်ကျွန်းမြို့နယ်၊ ပျားမွှတ်ရွာနေ လက်သမားဆရာကြီး ဦးလှရွှေ၏ဇနီး၊ ဦးဖိုးထိန်၊ ဦးလှစိုး၊ ဒေါ်ခင်စိန်၊ ဒေါ်အေးမြင့်၊ ဒေါ်စန်းစန်းရီတို့၏ မွေးသမိခင်၊ မြေး၊ မြစ်များစွာတို့၏အဘွား ရတနာမာရ်အောင်ဆရာတော်(ဆရာညြ)၏ မွေးမယ်တော်၊ ရဟန်း (၃၇)ပါး၏ ရဟန်းမယ်တော် ဒေါ်သန်းရွှေသည် ၄-၈-၂၀၁၉ ရက် ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၉ (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ရတနာမာရ်အောင်ကျောင်းတိုက်မှကားများ ညနေ ၃ နာရီတွင်ထွက်ပါမည်။)

ရတနာမာရ်အောင်ဆရာတော် နှင့်
ဆွေမျိုးများ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဂန္ဓကုဋိတိုက်၊ ဘုရားမုခ်ဦး ဒါယိကာမကြီး**
## ဒေါ်ကျင်မွှေး (တပ်မြေရွှေပန်းထိမ်)
**အသက်(၈၃)နှစ်**

ခရမ်းမြို့ ကျုံကန်ကျေးရွာနေ (ဦးစိန်ဒိုင်-ဒေါ်တင်)တို့၏ သမီး၊ ခရမ်းမြို့ ရွှေပန်းထိမ်ဆရာကြီး (ဦးဘကြွယ်-ဒေါ်စောသင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့ (၆)ရပ်ကွက်၊ အမှတ်(၂)၊ ဆပ်သွားဖူးလမ်းနေ တပ်မြေ ရွှေပန်းထိမ်ဆရာကြီး (ဦးအေးမောင်)၏ ဇနီး၊ ကိုအောင်ကြိုင်-[မစန်းစန်းရီ(ပတ္တမြားသိင်္ဂီရွှေဆိုင်)]၊ ကိုဘသန်း-မပုံးကြည် (တပ်မြေရွှေပန်းထိမ်)၊ မစောစော၊ (ကိုဆွေတင်)-မခင်စိုးပိုင် (မိုးနတ်သံရွှေဆိုင်)၊ (ကိုတင်မောင်လတ်)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏အဘွား ဒေါ်ကျင်မွှေး (တပ်မြေရွှေပန်းထိမ်)သည် ၅-၈-၂၀၁၉ (တနင်္လာနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (အမှတ်-၂၊ ဆပ်သွားဖူးလမ်း၊ (၆)ရပ်ကွက်၊ တပ်မြေပုဇွန်တောင်နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဦးလှိုင်ထွန်း (ပခုက္ကူ)
**အသက်(၇၀)**

ပခုက္ကူမြို့နေ (ဦးမြမောင်-ဒေါ်အမာ)တို့၏ သားကြီး၊ ရန်ကုန်မြို့ တိုက်(၁)၊ အခန်း(၉)၊ နာနတ်တောလမ်း၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်နေ (ဒေါ်မာရီတင်(ခ)ဒေါ်သီရိ)၊ ရန်ကုန်မြို့ အမှတ်(၄၃၂)၊ မြရတနာ(၂)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်သန်းသန်းဝင်း [Total Co., Ltd (ZIN MIN)]တို့၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်အိန္ဒြာလှိုင်-ဦးမင်းသူ၊ ဦးဝဏ္ဏထွန်း၊ မခင်စောမွန်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မသန့်သီရိသူ၏ ချစ်လှစွာသောဘိုးဘိုးကြီး၊ ဗိုလ်ချုပ်ကက်စိန်(ငြိမ်း) (ကျန်းမာရေးဝန်ကြီး-ငြိမ်း)-ဒေါ်ယဉ်ယဉ်မြင့်တို့၏ မောင်၊ ဗိုလ်မှူးကြီးညွန့်ဝေ(ငြိမ်း)-ဒေါ်နုနုရီ၊ ဦးထွန်းမြင့်-ဒေါ်တင်မိုးခိုင် (လ/ထ ညွှန်ကြားရေးမှူး၊ စီ-စစ်-တိုး)တို့၏ အစ်ကိုကြီး၊ တူ/တူမများ၏ ချစ်လှစွာသော ဦးလေးသည် ၄-၈-၂၀၁၉ (တနင်္ဂနွေနေ့) ည ၈း၀၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။ (မြောက်ဥက္ကလာပနေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၈-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မြောက်ဥက္ကလာပနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ကြူကြူစိန် (စာရင်းစစ်မှူး-ငြိမ်း) (82-Eco)
**အသက်(၅၈)နှစ်**

စစ်တိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နေ ဦးခင်မောင်-(ဒေါ်ကြည်လင်)တို့၏ သမီး၊ (ဦးအောင်ဘာလေ-ဒေါ်ကြူး)တို့၏ သမီးချွေးမ၊ ဦးသိန်းဇော်ဝင်း(ဒုတိယညွှန်ကြားရေးမှူး၊ ဆည်/ရေဦးစီးဌာန)၏ ချစ်လှစွာသောဇနီး၊ မမြတ်ကြူကြူဇော်၊ မစိုးကြူကြူဇော်၊ မအိမ့်သီရိဇော်၊ မထက်သီရိဇော်၊ မောင်မိုးမြင့်ခန့်ဇော်တို့၏ ချစ်လှစွာသော မိခင်သည် ၅-၈-၂၀၁၉ (တနင်္လာနေ့) နံနက် ၈း၀၄ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့)ညနေ ၄ နာရီတွင် မြောင်မြို့ ခြောက်ခန်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၉ (သောကြာနေ့)တွင် မြောင်မြို့နေအိမ်နှင့် ၁၁-၈-၂၀၁၉ (တနင်္ဂနွေနေ့)တွင် အမှတ်(၁/A)၊ ရှစ်မိုင်ခွဲ၊ ဆည်/ရေ ဝန်ထမ်းအိမ်ရာ၊ ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဦးလှတင်
**ပြည်နယ်တရားလွှတ်တော်တရားသူကြီး၊ ချင်းပြည်နယ်(ငြိမ်း)**
**ဗိုလ်မှူး (ငြိမ်း)**
**ကြည်း/၁၇၈၁၄၊ OTS (65)**
**အသက် (၆၈) နှစ်**


သုံးဆယ်မြို့နေ (ဦးဗလစိန်-ဒေါ်သန်းကြည်)တို့၏ သားကြီး၊ မန္တလေးမြို့နေ ဦးမောင်ကို-(ဒေါ်ခင်ရီ)တို့၏ သားသမက်၊ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ဟံသာရိပ်မွန်အိမ်ရာ၊ ကျွန်းချောင်း/ကွမ်းခြံ(၃)လမ်း၊ တိုက်(၉/၁၅)၊ အခန်း(၂၀၄)နေ ဒေါ်တင်တင်ဝေ၏ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်ထားထားအောင်(လ/ထ ကထိက၊ ကွန်ပျူတာတက္ကသိုလ်၊ တောင်ငူ)၊ ဦးသန်းထိုက်အောင်(အထက်တန်းရှေ့နေ)၊ ဒေါ်ဆွေဆွေအောင်(အထက်တန်းရှေ့နေ)၊ ကိုတင်ရဲလင်း (Site Engineer)၊ ဗိုလ်စိုးမိုးထက်(ခ.လ.ရ-၄၁)တို့၏ကျေးဇူးရှင်ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၂-၈-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၁၉(ကြာသပတေးနေ့) နံနက် ၆နာရီမှ ၁၀နာရီအထိ အထက်ပါ ဟံသာရိပ်မွန်အိမ်ရာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မြန်မာ့လက်ရွေးစင်အသင်း၏ ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုပွဲများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့၌ ကျင်းပမည်

**မန္တလေး သြဂုတ် ၅**

မြန်မာ့လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲတွင် အိမ်ကွင်း လက်ခံကျင်းပမည့်ကွင်းများ အတည်ပြုလိုက်ပြီဖြစ်ပြီး ရန်ကုန်မြို့၌ နှစ်ပွဲ၊ မန္တလေးမြို့၌ နှစ်ပွဲ ကျင်းပမည်ဖြစ်သည်။



ယခုနှစ် မတ်လအတွင်း မန္တလာသီရိကွင်း၌ မြန်မာနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ခြေစမ်းပွဲ ကစားစဉ်။

**ဝင်ရောက်ယှဉ်ပြိုင်**

မြန်မာ့လက်ရွေးစင်အသင်း ယှဉ်ပြိုင်မည့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့် ခြေစစ်ပွဲကို အုပ်စုရှစ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အာရှထိပ်သီးအသင်းများ အပါအဝင် အသင်းပေါင်း ၄၀ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်း၏ အိမ်ကွင်းလေးပွဲအနက် စက်တင်ဘာ ၁၀ ရက်တွင် ကစားမည့် ဂျပန်အသင်းနှင့်ပွဲ၊ ၂၀၂၀ ပြည့်နှစ် မတ် ၃၁ ရက်တွင် ကစားမည့် ကာဂျစ္စတန်အသင်းနှင့်ပွဲတို့ကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၊ နိုဝင်ဘာ ၁၄ ရက်တွင် ကစားမည့် တာဂျစ်ကစ္စတန်အသင်းနှင့်ပွဲ၊ နိုဝင်ဘာ ၁၉ ရက်တွင် ကစားမည့် မွန်ဂိုလီးယားအသင်းနှင့်ပွဲတို့ကို မန္တလေးမြို့ရှိ မန္တလာသီရိကွင်းတို့၌ ကျင်းပမည်ဖြစ်သည်။

**စတင်လေ့ကျင့်**


မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းခြေစစ်ပွဲတွင် အုပ်စု (စ) ၌ အာရှထိပ်သီးဂျပန်၊ ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်၊ မွန်ဂိုလီးယားတို့နှင့် ကျရောက်နေပြီး အိမ်ကွင်းလေးပွဲ၊ အဝေးကွင်းလေးပွဲ ကစားရမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အိမ်ကွင်းလေးပွဲအနက် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ နှစ်ပွဲ၊ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ နှစ်ပွဲ ကျင်းပမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာလတွင် ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုပွဲများ စတင်ကစားရမည်ဖြစ်ပြီး စက်တင်ဘာလတွင် ကစားမည့်နှစ်ပွဲအတွက် သြဂုတ် ၁၉ ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၅ ရက်တွင် မွန်ဂိုလီးယားအသင်းနှင့် အဝေးကွင်း၊ စက်တင်ဘာ ၁၀ ရက်တွင် ဂျပန်အသင်းနှင့် အိမ်ကွင်း ကစားရမည်ဖြစ်ပြီး ယင်းနှစ်ပွဲမတိုင်မီ သြဂုတ် ၃၀ ရက်တွင် တရုတ်လက်ရွေးစင်အသင်းနှင့် တရုတ်နိုင်ငံ၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ❖**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**(သြဂုတ် ၅ ရက် ည ၇ နာရီ ထုတ်ပြန်ချက်)**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။



အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာမည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၅ ပေခန့် ရှိနိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေမည်။**မိုး/ဇလ**

## Volleyball Championship ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် သြဂုတ် ၅**

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ကျင်းပသည့် SMM 3rd Asian "Asia World Foundation" Men's U-23 Volleyball Championship ပြိုင်ပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B) နှင့် (C)တို့၌ ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ »»**

**ကြေးမုံ ယနေ့ ဖတ်စရာ**

**အိန္ဒိယ၏ လစူးစမ်းလေ့လာရေးယာဉ်မှ ကမ္ဘာမြေဓာတ်ပုံများ စတင်ပေးပို့**

စာမျက်နှာ » ၁၂

**ဟော်မုဇ်ရေလက်ကြားတွင် ကင်းလှည့်ရေး အမေရိကန်၏ မေတ္တာရပ်ခံချက်ကို သြစတြေးလျ စဉ်းစား**

စာမျက်နှာ » ၁၃

